ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက် တနင်္ဂနွေနေ့။ Sunday, 14 May 2017 (၈၉၂၄)

**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအားလောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှုပြုလိုသောစိတ်မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာသာလျှင် အဓိက ဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

**ကျောင်းဖွင့်ရာသီတွင် လုံခြုံစိတ်ချရသော ကျောင်းကားပြေးဆွဲမှုစနစ် အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး**

စာမျက်နှာ » ၅

**YBS ပြီးတော့ Water Bus နဲ့ ခရီးဆက်ဦးမည့် ရန်ကုန်**

စာမျက်နှာ » ၆

**ရေမဆေးကျောက်ရှာဖွေသူများနှင့် ကုမ္ပဏီများကြားမှ ပြဿနာအား မည်သူ့မျက်နှာမျှ မထောက် ဖြေရှင်းသွားမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ပြောကြား**

စာမျက်နှာ » ၂၀

ကြေးမုံ

စာ - ၁၆၊ ၁၇

# Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပေကျင်းမြို့သို့ရောက်ရှိ



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

**ပေကျင်း မေ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ မေ ၁၄ ရက်နှင့် ၁၅ ရက်တွင် ကျင်းပမည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး H.E. Mr. Chen Shun၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ပေကျင်းမြို့သို့ရောက်ရှိရာ ပေကျင်းမြူနီစပယ်အစိုးရ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရန့်မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Yongqing၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ သံရုံး၊ စစ်သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင်နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိပြီး ညအိပ်ရပ်နားကြသည်။

ညီလာခံဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် တက်ရောက်အဖွင့်မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း၊ ထို့နောက် အဆင့်မြင့်အစည်းအဝေးပွဲများကို ကျင်းပရန်ရှိကြောင်း၊ မေ ၁၅ ရက်တွင် နိုင်ငံတကာခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲကျင်းပမည်ဖြစ်ပြီး သမ္မတ မစ္စတာ ရှီကျင့်ဖျင်က သဘာပတိအဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ ထိပ်သီးအစည်းအဝေးပွဲသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Jim Yong Kim အပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့် စုံညီအစည်းအဝေးပွဲတစ်ရပ်နှင့်အတူ သီးခြားဆွေးနွေးပွဲ ခြောက်ခုကို ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲများတွင် ကဏ္ဍပေါင်း ရှစ်ခုကို ဦးစားပေးမည်ဖြစ်ကြောင်း သိရပြီး အခြေခံယန္တရားအဆောက်အအုံ၊ စက်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေး၊ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းအင်နှင့် သယံဇာတကဏ္ဍ၊ ငွေကြေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်ဖလှယ်သည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းသွားလာမှုတွင် ပူးပေါင်းဆောင်ရွက်ရေး စသည်တို့ပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## အောင်မြင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်

ယခုမေလ ၂၄ ရက်မှ မေလ ၂၈ ရက်အထိ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို နေပြည်တော်တွင် ငါးရက်ကြာကျင်းပတော့မည်ဖြစ်သည်။ အရပ်သားအစိုးရ တစ်နှစ်ကျော်သက်တမ်းကာလအတွင်း ပထမအကြိမ်အစည်းအဝေးကို ယမန်နှစ်ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ ကျင်းပခဲ့ရာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အတွေ့အကြုံကောင်းများ ရှိထားပြီဟု ဆိုနိုင်သည်။

ပြည်သူများ၏ စစ်မှန်သောရွေးချယ်မှုဖြင့် ပေါ်ပေါက်လာသော အစိုးရသည် အမျိုးသားရင်ကြားစေ့ရေးမူကို အခြေခံသည့်အစိုးရဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်မည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။ အစိုးရအနေဖြင့် မျှော်မှန်းထားသည့် ခရီးပန်းတိုင်ကို တူရူတက်လှမ်းရာတွင် အန္တိမမျှော်လင့်ချက်ပန်းတိုင်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ဖြစ်၍ ထိုပန်းတိုင်သို့ အရောက်သွားနိုင်ရန်အတွက် ငြိမ်းချမ်းရေးခရီးလမ်းကို အောင်မြင်အောင် အဆင့်ဆင့်ဖြတ်သန်းရသည်။

အစိုးရ၏တစ်နှစ်ကျော်ကာလအတွင်း ငြိမ်းချမ်းရေးခရီးနှင့် ပတ်သက်၍ ချိုင့်ကြည့်မည်ဆိုလျှင် တိုးတက်မှုရှိသည်ဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်စဉ်ကို တစ်ကမ္ဘာလုံးကစိတ်ဝင်စားကြသည်။ အဘယ်ကြောင့်ဆိုသော် မတူကွဲပြားမှုများနှင့် မပြီးဆုံးသေးသောပဋိပက္ခဖြစ်စဉ်များသည် မြန်မာအတွက် အထူးအရေးကြီးသလို နိုင်ငံတကာအတွက်လည်း အရေးကြီးသည့်သင်ခန်းစာများ ရရှိနိုင်သည်ဟု ယူဆထားကြသူများလည်းရှိသည်။

လွတ်လပ်ရေးရရှိပြီး နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ငြိမ်းချမ်းရေးရရှိအောင် နည်းအမျိုးမျိုး၊ လူပုဂ္ဂိုလ် အမျိုးမျိုးတို့က ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း အောင်မြင်မှုပန်းတိုင်သို့ မရောက်ရှိခဲ့ကြဘဲ ပျက်ပြားသွားခဲ့ကြသည်ချည်းပင် ဖြစ်သည်။ ငြိမ်းချမ်းရေးအတွက် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် သက်ဆိုင်သူများ၏ စိတ်ဆန္ဒများနှင့်သာ သက်ဆိုင်သလိုဖြစ်နေပြီး တိုင်းရင်းသားပြည်သူအများစုမှာ ငြိမ်းချမ်းရေးရရှိပါစေဟုသာ မျှော်တလင့်လင့်ဖြင့် တောင်းဆုသာ ခြွေနေကြရသည်။

ငြိမ်းချမ်းရေးအတွက် အဖြေတစ်ခုရရှိအောင် ဆွေးနွေးဆောင်ရွက်ကြရာတွင် တန်းတူရည်တူအမြင်သဘောထားများဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးအဖြေရှာသွားကြရမည်သာဖြစ်သည်။ အစုအဖွဲ့များ၏ အကျိုးကိုလည်း မဆန့်ကျင်ဘဲ တစ်နိုင်ငံလုံးအကျိုးစီးပွားကိုရှေးရှုသော ရလဒ်အဖြေတစ်ခုခုရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များသည် ပြည်ထောင်စုကြီးအရေးကိစ္စဖြစ်၍ လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် ထဲထဲဝင်ဝင် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်နေကြသည်မှာ ထင်ရှားပါသည်။

ပါဝင်ဆောင်ရွက်ကြသူများ၏ ကိုယ်စီမျှော်လင့်ချက်များ အောင်မြင်လျှင် ဝမ်းမြောက်ကြရမည်ဖြစ်သလို ပြည်သူများအနေဖြင့်မူ အတိုင်းမသိဝမ်းမြောက်ပျော်ရွှင်မှုအတိ ဖြစ်ကြပေလိမ့်မည်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဒုတိယအကြိမ်မြောက် ညီလာခံကြီးမကျင်းပမီ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးများ ကျင်းပလျက်ရှိရာ ထိုအစည်းအဝေးများတွင် ရလဒ်ကောင်းများ အတည်ပြုနိုင်ခဲ့သည်။

နိုင်ငံရေးကဏ္ဍ ခေါင်းစဉ်ကြီးခြောက်ခု၌ အချုပ်အခြာအာဏာ၌ တစ်ချက်၊ အချုပ်အခြာအာဏာကျင့်သုံးမှု၌ တစ်ချက်၊ တန်းတူရေး၌ နှစ်ချက်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၌ ငါးချက်၊ ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)၌ ၁၀ ချက်၊ ပါတီစုံဒီမိုကရေစီစနစ်၌ နှစ်ချက်တို့ဖြင့် စုစုပေါင်း ၂၁ ချက်ကို အတည်ပြုနိုင်ခဲ့သည်။ စီးပွားရေးကဏ္ဍ ခေါင်းစဉ်ကြီးခုနစ်ခု၌ အချက်ပေါင်း ၁၀ ချက်၊ လူမှုရေးကဏ္ဍ၌ အချက်ပေါင်း လေးချက်၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍ၌ အချက်ပေါင်း ခြောက်ချက်နှင့် စုစုပေါင်း အချက် ၄၁ ချက်ကို သဘောတူညီ အတည်ပြုနိုင်ခဲ့သည်မှာ ဝမ်းမြောက်စရာဖြစ်သည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေးအတွက် ထိုကဲ့သို့ရလဒ်ကောင်းများကို ဆွေးနွေးအဖြေရှာနိုင်ခဲ့ခြင်းသည် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် မတူကွဲပြားမှုများကြားမှ ပြည်ထောင်စုအကျိုးအတွက် စုစည်းညီညွတ်မှုအားများဟု ဆိုရမည်ဖြစ်သည်။ ။

## ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့ (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်တက်ရောက်ရန် ကာတာနိုင်ငံသို့ထွက်ခွာ



**ရန်ကုန် မေ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့သည် မေ ၁၄ ရက်မှ ၁၅ ရက် အထိ ကာတာနိုင်ငံတွင် ကျင်းပမည့် (၁၇)ကြိမ်မြောက် ဒိုဟာဖိုရမ်သို့ တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီ ၅ မိနစ်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ဇော်ကြီး(ပဏီတ)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် World Economic Forum on Asia ဖွင့်ပွဲ တက်ရောက်




**နေပြည်တော် မေ ၁၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မေ ၁၁ ရက်တွင် ဖနောင်ပင်မြို့ရှိ Sokha Hotel ၌ ကျင်းပသည့် "Opening Plenary of the World Economic Forum on the Association of Southeast Asian Nations (ASEAN)"ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Sen၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. ThongloungSisoulith၊ ဖိလစ်ပိုင်နိုင်ငံသမ္မတ H.E.Mr. Rodrigo Duterte နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Nguyen Xuan စသော အာဆီယံလေးနိုင်ငံမှ နိုင်ငံ့အကြီးအကဲများ တက်ရောက်ခဲ့ပြီး အခြားအာဆီယံနိုင်ငံများမှ ကုန်သွယ်ရေး၊ စီးပွားရေးတို့နှင့် သက်ဆိုင်သော ဝန်ကြီးများ၊ ကဏ္ဍအသီးသီးမှပညာရှင်များ၊ စီးပွားရေးထိပ်သီးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pan Sorasak နှင့် ဖနောင်ပင်မြို့ရှိ Sokha ဟိုတယ်၌ တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် ASEAN၊ GMS နှင့် ACMECS မူဘောင်အတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၁ ရက် နေ့လယ်ပိုင်းတွင် "World Economic Forum on ASEAN" ၏ Side Event များဖြစ်သော "Informal Gathering of World Economic Leaders: ASEAN at 50" နှင့် "Enabling Trade and Investment"သို့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြင်ချင်းဖလှယ်ဆွေးနွေးသည်။ ထို့နောက် ညနေပိုင်းတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Mr. Hun Sen က တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။

မေ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် Roundtable Discussion on Enabling Trade and Investment ဆွေးနွေးပွဲသို့ တက်ရောက်သည်။ အဆိုပါဆွေးနွေးပွဲသို့ စင်ကာပူနိုင်ငံအခြေစိုက် Arcelor Mittal ကုမ္ပဏီမှ အမှုဆောင်အရာရှိ Mr. Baldeo Prasad Banka၊ ဂျီနီဗာအခြေစိုက် International Trade Center(ITC) Executive Director Ms. Arancha Gonzalez၊ လာအိုနိုင်ငံ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Khemmani Pholsena၊ စင်ကာပူအခြေစိုက် UPS ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Jim Gara၊ အင်ဒိုနီးရှားနိုင်ငံ စီးပွားရေးတက္ကသိုလ်ပါမောက္ခ Ms. Mari Elka Pangestu(ယခင် အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး)တို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ အစိုးရက ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ကမ္ဘောဒီးယား ဘုရင့်နန်းတော်နှင့် "Genocide Museum"သို့ လိုက်ပါပို့ဆောင် ပြသခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြစိမ်းရောင်စီမံကိန်း ကွင်းဆင်းဆောင်ရွက်

**ရွှေတောင် မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်စီမံကိန်း (၂၉)ယူနစ်အနက် သာစည်ကုန်းအုပ်စု ထန်းလုံးချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်ငွေထုတ်ချေးပေးခြင်းအား ကျေးရွာမြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက မေလ ပထမပတ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၄၃)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်သူနှင့်အတူ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တက်ရောက်ရန် ပေကျင်းမြို့သို့ ထွက်ခွာ

**နေပြည်တော် မေ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးယာယီတာဝန်ခံ မစ္စတာချမ်းချမ်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

Belt and Road နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**(သတင်းစဉ်)

**✱ ရှေ့ဖုံးမှ**

တရုတ်အစိုးရသည် OBOR စီမံကိန်းအတွက် ထောက်ခံမှုကို တိုးချဲ့သည့်အနေဖြင့် နိုင်ငံပေါင်း ၅၆ နိုင်ငံနှင့် သဘောတူစာချုပ်များချုပ်ဆိုခဲ့ကြောင်း၊ ထို့ပြင် OBOR စီမံကိန်းကို အကောင်အထည်ဖော်ရန် ပိုးလမ်းမ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀ မတည်ရင်းနှီးခဲ့ကြောင်း၊ One Belt and One Road ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ ရုရှားသမ္မတ Vladimir Putin၊ အီတလီဝန်ကြီးချုပ် Paolo Gentiloni၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အကြီးအကဲ Christine Lagarde တို့လည်း တက်ရောက်ကြမည်ဖြစ်ကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများမှ ခေါင်းဆောင်များလည်း OBOR ညီလာခံသို့ တက်ရောက်ကြမည်ဖြစ်ကြောင်း၊ ဥရောပနှင့် အရှေ့ဥရောပနိုင်ငံများဖြစ်သည့် ဂရိ၊ ဘယ်လာရုစ်အပြင် ပါကစ္စတန်၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ တောင်ကိုရီးယား၊ အီသီယိုးပီးယားစသည့် နိုင်ငံများလည်း ညီလာခံသို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကျင်းပ



**လေးမျက်နှာ မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု ဘောတလင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၁၂ ရက် နံနက် ၉ နာရီက ဒေသခံပြည်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံ၍ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အသိပညာပေးဟောပြောပွဲကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းတို့က လွှတ်တော်တွင် တင်ပြဆွေးနွေးခဲ့သည့် ဥပဒေပြုရေးကိစ္စရပ်များ၊ မိမိတို့မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြဆွေးနွေးခဲ့သည့် အဆိုနှင့်မေးခွန်းများ၊ ထောက်ခံဆွေးနွေးခဲ့မှုများနှင့် အများပြည်သူအကျိုးအတွက် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ပြည်သူများ သိရှိနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်မှုရရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလူချော၊ ဒုတိယဦးစီးမှူး ဦးစိုးသန်းတို့က စိုက်ပျိုးရေးနည်းပညာများ ဟောပြောဆွေးနွေးခြင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာလှိုင်းဘုန်းမြင့်က မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ဝေါမြို့နယ်၌ သောက်သုံးရေဖူလုံစေရန်အတွက် ညောင်တုန်းကန်ဟောင်းကြီး အဆင့်မြှင့်တူးဖော်

**ဝေါ မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာနှင့် အထက်ပန်းညိုကျေးရွာအကြားတွင်တည်ရှိသည့် ညောင်တုန်းရေကန်ဟောင်းကြီးကို နိုင်ငံတော်အစိုးရ၏ထောက်ပံ့ငွေဖြင့် လာမည့်နှစ်နွေရာသီမှစတင်၍ ရေပြတ်လပ်မှုမရှိဘဲ သောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ယခုနှစ်မေလမှစတင်ကာ အဆင့်မြှင့်တူးဖော်လျက်ရှိကြောင်း သိရသည်။

ညောင်တုန်းရေကန်ဟောင်းကြီးကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏စီစဉ်မှုဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတူးဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီး၍ စံချိန်စံညွှန်းပြည့်မီစေရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်၊ ဝေါမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်မောင်အေး၊ ညောင်ခါးရှည်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က နေ့စဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေကန်ကြီးမှာ အလျား ၃၁၅ ပေ၊ အနံ ၂၉၇ ပေ၊ အမြင့် ကိုးပေရှိပြီး ရေဝင်ဂါလန် ၁၉၀၀၀ ရှိမည်ဖြစ်သည်။ "ဒီရေကန်ကြီးအဆင့်မြှင့်တင်တည်ဆောက်ပြီးရင် ညောင်တုန်းကန်အစား ညောင်သာယာကန်လို့ ပြောင်းလဲခေါ်မှာဖြစ်ပါတယ်။ ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာနဲ့ အနီးဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေက ဒေသခံပြည်သူတွေ သောက်သုံးရေဖူလုံစွာရရှိမယ့်အပြင် သောက်သုံးရေပြတ်လပ်မှုဒုက္ခက ကင်းဝေးစေမှာဖြစ်ပါတယ်"ဟု ဒေသခံ ဦးရွှေဝင်းက ပြောသည်။ **နေလင်း(ညောင်လေးပင်)**



# ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုရှိစေရန် ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများ ကတိပြု




**ဘာရီ(အီတလီ) မေ ၁၃**
ဂျီ-၇ နိုင်ငံများ၏ ဘဏ္ဍာရေးဝန်ကြီးများက ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုရှိစေရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ယနေ့ ကတိပြုခဲ့ကြသည်။

ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အီတလီနိုင်ငံ ဘာရီမြို့တွင် နှစ်ရက်ကြာအစည်းအဝေးကျင်းပပြီးနောက် မေ ၁၃ ရက်တွင် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ကမ္ဘာ့စီးပွားရေး ရေရှည်တောင့်တင်းခိုင်မာလာစေရန်ရည်ရွယ်ပြီး နိုင်ငံအချင်းချင်း သာတူညီမျှရှိမှုကို အလေးပေးကာ အလုပ်သမားဈေးကွက် ပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးကဏ္ဍကူညီထောက်ပံ့ပေးမှုတို့၏ အရေးပါပုံများကို အစည်းအဝေးတက်ရောက်သူများက အလေးပေးဆွေးနွေးခဲ့ကြသည်။

ယခင်အစည်းအဝေးများမှ သဘောတူညီချက်များကို ဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ထပ်လောင်းအတည်ပြုခဲ့ကြပြီး ငွေကြေးတန်ဖိုး လျှော့ကျမှုမရှိစေရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ယခုအတည်ပြုခဲ့သော ဂျီ-၇ ဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ချက်တွင် ယခင်ကထုတ်ပြန်ကြေညာချက်များနှင့် တူညီမှုမရှိဘဲ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို ဆန့်ကျင်သောသဘောသက်ရောက်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမှ ကြေညာချက်ထဲတွင် ထည့်သွင်းဖော်ပြခြင်းမရှိကြောင်း တွေ့ရှိရသည်။ ယင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ "အမေရိကန်သည်သာ ပထမ"ဟူသည့်မူဝါဒကို ထောက်ခံသည့်သဘော သက်ရောက်စေသည်။

ထို့ပြင် ဝန်ကြီးများနှင့် ဥက္ကဋ္ဌများက စီးပွားရေးလုပ်ငန်းများတွင် ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ် တစ်နေ့တခြားကြီးထွားလာကြောင်းနှင့် နိုင်ငံအချင်းချင်း သာတူညီမျှရှိသည့် သင့်လျော်သောစီးပွားရေးမူဝါဒများ ထွက်ပေါ်လာစေရေးအတွက် အချင်းချင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# ကုန်းလမ်းကြောင်းတစ်ခွင် ရေလမ်းကြောင်းတစ်သွယ် အစည်းအဝေးသို့ မြောက်ကိုရီးယားကိုယ်စားလှယ်များတက်ရောက်ခြင်းအပေါ် အမေရိကန်ဝေဖန်

**ဝါရှင်တန် မေ ၁၃**
တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် အာရှတစ်လွှား၊ ဥရောပတစ်ခွင် ဖြန့်ကြက်ထားသည့် စီးပွားရေးဇုန် (ကုန်းလမ်းကြောင်းတစ်ခွင် ရေလမ်းကြောင်းတစ်သွယ်) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကနဦး အစီအစဉ်များဆွေးနွေးကြမည့် အစည်းအဝေးသို့ မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခြင်းအပေါ် အမေရိကန်က ရှုတ်ချခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မေ ၇ ရက်က မြောက်ကိုရီးယား၏ ပြည်ပစီးပွားရေးရာဝန်ကြီး ကန်ယွန်ဂျေးသည် အဆိုပါ အစည်းအဝေးသို့တက်ရောက်ရန် ပေကျင်းလေဆိပ်သို့ ရောက်ရှိခဲ့သည်။

အာရှတစ်လွှားနှင့် ဥရောပတစ်ခွင် ဖြန့်ကြက်ထားသည့် စီးပွားရေးဇုန် ပေါ်ပေါက်လာရန် ညှိနှိုင်းဆွေးနွေးမည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ကို မေ ၁၄-၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံ ၂၉ နိုင်ငံမှ ခေါင်းဆောင်များအပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ပေကျင်းအခြေစိုက် အမေရိကန်သံရုံးက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်ရေးရာ စာချွန်လွှာတစ်ရပ်ကို မေ ၁၂ ရက်က ပေးပို့ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံအား ကမ္ဘာ့နိုင်ငံများက နျူကလီးယားလက်နက်ဖွံ့ဖြိုးလာမှုအပါအဝင် ဒုံးကျည်များ မကြာခဏ စမ်းသပ်ပစ်လွှတ်ခြင်းအတွက် ဖိအားပေးရန် ကြိုးပမ်းနေချိန်တွင် ယခုအစည်းအဝေးသို့ တက်ရောက်ရန် ပြုံယမ်းအား ဖိတ်ကြားခဲ့ခြင်းသည် လွန်စွာမှားယွင်းကြောင်း အဆိုပါစာထဲတွင် ပါရှိသည်။

တရုတ်နိုင်ငံအနေဖြင့် အဆိုပါအစည်းအဝေးသို့ နိုင်ငံအားလုံးကို ကြိုဆိုလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ရိုက်တာသတင်းဌာနသို့ ကြေညာချက်တစ်ရပ် ပေးပို့ခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**

# အိန္ဒိယပြည်တွင်းထုတ် အပေါ့စားတိုက်လေယာဉ်မှ ဝေဟင်မှ ဝေဟင်ပစ် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အောင်မြင်

**နယူးဒေလီ မေ ၁၃**
အိန္ဒိယပြည်တွင်းထုတ် အပေါ့စားတိုက်လေယာဉ်တီဂျပ်စ်မှ ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှု ပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့ကြောင်း ကာကွယ်ရေးဌာန တာဝန်ရှိသူများက မေ ၁၃ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်ရှိ ချန်ဒီပါ လက်နက်စမ်းသပ်ရေးကွင်း၌ အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တေဂျပ်စ်အပေါ့စား တိုက်လေယာဉ်မှ ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်ဖြင့် လေကြောင်းပစ်မှတ်တစ်ခုကို ပစ်ခတ်စမ်းသပ်ခဲ့ခြင်း ဖြစ်သည်။

တစ်ယောက်စီး ဂျက်အင်ဂျင်တစ်လုံးတပ် အပေါ့စားဘက်စုံသုံး တိုက်ခိုက်ရေးလေယာဉ် တေဂျပ်စ်အား ဟိန္ဒူစတန်လေကြောင်း စက်မှုလီမိတက်က အိန္ဒိယလေတပ်နှင့် ရေတပ်တို့တွင် အသုံးပြုနိုင်ရန် တည်ဆောက်ထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# ပါကစ္စတန် အထက်လွှတ်တော် ဒု-ဥက္ကဋ္ဌ၏ယာဉ်တန်း ဗုံးပေါက်ကွဲထိမှန်၊ လူ ၁၀ ဦးထက်မနည်းသေဆုံး

**အစ္စလမ္မာဘတ် မေ ၁၃**
အကြမ်းဖက်တိုက်ခိုက်မှုများ ထူပြောသည့် ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်တွင် မေ ၁၂ ရက်က ပါကစ္စတန်အထက်လွှတ်တော် ဒု-ဥက္ကဋ္ဌ၏ ယာဉ်တန်းအား ဗုံးတစ်လုံးပေါက်ကွဲထိမှန်ခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘလူချီစတန်ပြည်နယ် မြို့တော်ကွတ်တာနှင့် ကီလိုမီတာ ၅၀(မိုင် ၃၀) ခန့်အကွာတွင် တည်ရှိသည့် မတ်စတွန်မြို့၌ မေ ၁၂ ရက်တွင် အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်တစ်စီး ပျက်စီးနေပုံကို ဒေသတွင်းရှိ ရုပ်မြင်သံကြား ထုတ်လွှင့်မှုတွင် ပြသခဲ့သည်။ ပါကစ္စတန်အထက်လွှတ်တော် ဒု-ဥက္ကဋ္ဌဖြစ်သူ အထက်လွှတ်တော် အမတ်အဗ္ဗဒယ်ဂွါဖိုးဟိုင်ဒန်က အဆိုပါဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး မိနစ်အနည်းငယ်တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားရာတွင် အဆိုပါ ဗုံးပေါက်ကွဲမှုသည် မိမိအားပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ၎င်းတွင် ဒဏ်ရာအနည်းငယ်သာရရှိခဲ့ကြောင်း ပြောကြားသည်။

**ရိုက်တာ။**



# အီဂျစ်နိုင်ငံအလယ်ပိုင်း မင်ယာစီရင်စုတွင် မာမီရုပ်ကြွင်း ၁၇ ခု တူးဖော်တွေ့ရှိ

**ကိုင်ရို မေ ၁၃**
အီဂျစ်ဗိသုကာပညာရှင်များက အီဂျစ်နိုင်ငံအလယ်ပိုင်း မင်ယာစီရင်စုတွင် လူသေများမြှုပ်နှံထားသော မြေအောက်လိုဏ်ခေါင်းတစ်ခုအတွင်းမှ မာမီရုပ်ကြွင်း ၁၇ ခုကို မေ ၁၃ ရက်တွင် တူးဖော်တွေ့ရှိခဲ့သည်ဟု ရှေးဟောင်းပစ္စည်းများတူးဖော်ရေးဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

မာမီရုပ်ကြွင်း ၁၇ ခုကို တူးဖော်တွေ့ရှိခဲ့ကြောင်း ကိုင်ရိုတက္ကသိုလ်ပါမောက္ခ ဆာလက်ရှ်အယ်ခိုလီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ကိုင်ရိုမြို့နှင့် ၂၃၄ ကီလိုမီတာကွာဝေးသော မင်ယာစီရင်စုရှိ သဲကန္တာရတစ်နေရာဖြစ်သည့် Touna el-Gabal ခရိုင်နယ်မြေတွင် မာမီရုပ်ကြွင်းများကို ရှာတွေ့ခဲ့ခြင်းဖြစ်သည်။ ယခု တူးဖော်တွေ့ရှိမှုသည် အီဂျစ်နိုင်ငံအလယ်ပိုင်းတွင် ပထမဆုံးသော လူသားရုပ်ကြွင်းများ ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

မာမီရုပ်ကြွင်းများတွေ့ရှိပြီးနောက် နောက်ထပ် ရှေးဟောင်းလူသားရုပ်ကြွင်းများ ထပ်မံရှာဖွေတွေ့ရှိနိုင်ဖွယ်ရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ကိုင်ရိုတက္ကသိုလ်မှ အဖွဲ့တစ်ဖွဲ့သည် ယခုတူးဖော်တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများကို သုတေသနပြုလုပ်လျက်ရှိသည်။ Touna el-Gabal ခရိုင်နယ်မြေသည် ဘီစီ သုံးရာစုမှ အေဒီသုံးရာစုအကြားပေါ်ထွန်းခဲ့သည့် Greco-Roman များ အခြေချနေထိုင်ခဲ့သော နယ်မြေဖြစ်သည်။ Touna el-Gabal ခရိုင်နယ်မြေအတွင်း ပထမဆုံး တူးဖော်ရှာဖွေမှုကို ၁၉၃၁ ခုနှစ်တွင် စတင်ခဲ့သည်။

**ဆင်ဟွာ။**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများ ကျင်းပပြီးစီး

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပ သည်။

အဆိုပါ အစည်းအဝေးသို့ ဦးခင်ဇော်ဦး၊ ဦးလှမောင် ရွှေ၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးနိုင်ငံလင်း၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ တာလှဖေ၊ ဦးအောင်စိုးနှင့် ခွန်မြင့်ထွန်းတို့တက်ရောက်ကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပရေးနှင့် ညီလာခံသို့တင်သွင်းမည့် အကြောင်းအရာ များကို ညှိနှိုင်းဆွေးနွေးကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်ကြာ ကျင်းပ သွားမည်ဖြစ်ပြီး အစည်းအဝေးကျင်းပရာတွင် ကဏ္ဍအလိုက် ဆွေးနွေးပွဲများ၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများနှင့် ညီလာခံအတည်ပြုခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်း-သူရဇော်(သတင်းစဉ်)**

**ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပစဉ်။



# မောင်တောနာရေးကူညီမှုအသင်းသို့ ယာဉ်တစ်စီး၊ မီးစက်နှင့် ကားဂိုဒေါင်တစ်လုံးလှူဒါန်း

**မောင်တော မေ ၁၃**

ရခိုင်ပြည်နယ် မောင်တောနာရေးကူညီမှုအသင်းသို့ ယာဉ် တစ်စီး၊ မီးစက်တစ်လုံး၊ ကားဂိုဒေါင်တစ်လုံးနှင့် အအေး ပေးခေါင်းတစ်လုံး လှူဒါန်းပေးအပ်သည့်အခမ်းအနားကို မေ ၁၂ ရက် မွန်းလွဲပိုင်းက မောင်တောမြို့ ဗဟိုလ်ကျောင်း တိုက်၌ ကျင်းပသည်။

"ကျွန်တော်တို့ နာရေးကူညီမှုအသင်းကို အခုလို တန်ဖိုးကြီးကြီးမားမား လှူဒါန်းတာ ဒါပထမဆုံးပါပဲ။ အရင်ကတော့ မီးချောင်းတို့၊ ထိုင်ခုံတို့၊ ဖျာတို့လောက်တော့ တစ်ဦးစ၊ နှစ်ဦးစ လှူဒါန်းတာရှိခဲ့ဖူးတယ်။ အသင်းအနေနဲ့ အရင်ကနိဗ္ဗာန်ယာဉ်လိုရင် မြို့နယ်စည်ပင်ကနေ ငှားရမ်း ပြီး အသုံးပြုနေရတာ။ ခုတော့ နိဗ္ဗာန်ယာဉ်ကို ငှားသုံးစရာ မလိုတော့ပါဘူး။ ဒါကြောင့် ပြည်သူတွေကို အသင်းအနေနဲ့ စုပြီး ကူညီပေးနိုင်တော့မှာပါ။ ကျွန်တော်တို့အသင်းအနေ နဲ့ စတင်တည်ထောင်တော့ အသင်းဝင်အရေအတွက် ၂၀၀ လောက်ရှိပေမယ့် ခုနောက်ပိုင်းမှာတော့ ကင်းကွာပြီး အဆက်အသွယ်ပြတ်သွားတာတွေရှိတော့ အသင်းဝင် ၁၅၀ လောက်ပဲ လတ်တလောရှိပါတယ်။ ဒီနှစ် နှစ်ပတ် လည်လုပ်ဖြစ်ရင် အသင်းဝင်ဟောင်းတွေကို ပြန်လည် ဖိတ်ခေါ်ပြီး အသင်းဝင်အသစ်တွေကိုလည်း ပါဝင် အင်အားဖြည့်တင်းနိုင်အောင် စည်းရုံးသွားဖို့ရှိပါတယ်" ဟု မောင်တောနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးဦးခင်မောင် က ပြောသည်။

မောင်တောနာရေးကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ် တစ်စီး၊ ယာဉ်ထားရန် ကားဂိုဒေါင်တစ်လုံး၊ မီးစက်တစ်လုံး နှင့် အအေးပေးခေါင်းတစ်လုံးတို့ကို မောင်တောမြို့မ အနောက်ရပ်ကွက်မှ အလှူရှင် ဦးထွန်းမြင့်မိသားစုက လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယင်းလှူဒါန်းမှုသည် မောင်တော နာရေးကူညီမှုအသင်းအတွက် အသင်းတည်ထောင်စက တည်းက ပထမဦးဆုံး ကြီးကြီးမားမား လှူဒါန်းမှုဖြစ်ကြောင်း သိရသည်။ မောင်တောနာရေးကူညီမှုအသင်းကို ၂၀၀၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး အသင်းတည်ထောင်စတွင် အသင်းဝင် ၂၀၀ ကျော်အထိရှိသော်လည်း ယခုအခါ အသင်းဝင် ၁၅၀ ဝန်းကျင်သာရှိခဲ့ပြီး ရန်ပုံငွေရရှိမှုမှာ လျော့နည်းလာသဖြင့် ယခုနှစ် နှစ်ပတ်လည်တွင် အသင်း ဝင်များပြန်လည်ဖိတ်ခေါ်ကာ ဖွဲ့စည်းတည်ထောင်သွား မည်ဖြစ်ကြောင်း သိရသည်။

မောင်တောနာရေးကူညီမှုအသင်းသည် မြို့ပေါ်နှင့် အနီးဝန်းကျင်ရှိကျေးရွာများတွင် နာရေးရှိပါက ငွေကျပ် ၂၀၀၀၀ ကူညီထောက်ပံ့၍ ရဟန်း၊ သံဃာတော်များကို မူကို ငွေကျပ် ၅၀၀၀၀ ကူညီထောက်ပံ့ပေးလျက်ရှိပြီး ထိုင်ခုံ၊ မီးချောင်း၊ မီးစက် စသည့်လိုအပ်သော ပစ္စည်းတို့ ကိုလည်း အကူအညီပေးကာ အသင်းပြန်လည်ဖွဲ့စည်း ပြီးပါက ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး အခြားလူမှုရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း- မောင်စိန်လွင်၊**

**အောင်ကျော်စိန်(ခရိုင်ပြန်/ဆက်)**

**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# ကျောင်းဖွင့်ရာသီတွင် လုံခြုံစိတ်ချရသော ကျောင်းကားပြေးဆွဲမှုစနစ် အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၁၃**

ယခုနှစ်ကျောင်းဖွင့်ရာသီတွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အစိုးရ၊ ပုဂ္ဂလိကကျောင်းများတွင် ကျောင်း ကြိုပို့စနစ်များ စနစ်တကျဖြစ်စေရေးနှင့် ကျောင်းကား သီးသန့်ဖြင့် ကြိုပို့ပြေးဆွဲမှုစနစ် အကောင်အထည်ဖော်နိုင်ရေး အတွက် ရှင်းလင်းဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများက မေ ၁၂ ရက်က လွှတ်တော်ရုံးတွင် ရှင်းလင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စာသင်ကျောင်းများ တွင် ကျောင်းကားစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး၊ လုံခြုံ စိတ်ချရသော ကားများကို အသုံးပြုကာ ကြိုပို့ပြုလုပ်ခြင်း၊ တစ်ဦးချင်းပိုင် မော်တော်ယာဉ်များဖြင့် ကြိုပို့ပြုလုပ်ရာတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေဘဲ စနစ်တကျသွားလာနိုင် စေရေးတို့အတွက် ဧပြီ ၂၅ ရက်က တိုင်းဒေသကြီး အစိုးရနှင့် အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်း များ အပါအဝင် ယာဉ်ကြောပိတ်ဆို့မှု အဖြစ်များနေသော ကျောင်း ၂၆ ကျောင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး ခဲ့ကြပြီး တိုင်းဒေသကြီးအစိုးရအနေဖြင့် လာမည့်ကျောင်း ဖွင့်ရာသီတွင် ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ရှင်းလင်းဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ကျောင်းကားကြိုပို့စနစ်ဖော်ဆောင်ရာတွင် လက်ရှိ အသုံးပြုနေသော လုံခြုံစိတ်ချရမှုမရှိသည့် ကားများကို ဆက်လက်ပြေးဆွဲခွင့်ပြုမည်မဟုတ်သော်လည်း လုံခြုံစိတ်ချ ရမှုရှိသော မှန်လုံယာဉ်ကဲ့သို့ ယာဉ်များကို စိစစ်၍ ဆက်လက်အသုံးပြုခွင့်ပေးမည်ဟု သိရကြောင်း အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် လွှတ်တော် ကိုယ်စားလှယ်များက ပြောသည်။ ကျောင်းကားကြိုပို့စနစ် ဖော်ဆောင်ရာတွင် ပြင်ပတွင် သတင်းများထွက်ပေါ်နေ သကဲ့သို့ ယာဉ်အသစ်များကို ဝယ်ယူကာ မဖြစ်မနေ ပြောင်းလဲပြေးဆွဲရမည်ဟု သတ်မှတ်ထားခြင်းမရှိကြောင်း၊ ကျောင်းကားများ စနစ်တကျရှိစေရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေး၊ ကျောင်း ပတ်ဝန်းကျင်တွင် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး၊ တစ်ဦး ချင်းပိုင်ယာဉ်များဖြင့် ကြိုပို့ပြုလုပ်ရာတွင် စနစ်တကျ ဖြစ်စေရေးတို့အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြစ် ကြောင်း သိရသည်။

ပြီးခဲ့သည့် ငါးနှစ်အတွင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းကားစနစ် အကောင်အထည်ဖော်နိုင်ရေးနှင့် လိုက်ထရပ်ကဲ့သို့သော ကုန်တင်ယာဉ်ငယ်များဖြင့် ကျောင်းကြိုပို့ ပြုလုပ်နေသည် များကို တဖြည်းဖြည်း ကန့်သတ်ဆောင်ရွက်သွားရန် အစီအစဉ်များရှိခဲ့ပြီး အချို့သော ကျောင်းများအနေဖြင့် အဆိုပါ လိုက်ခ်ထရပ်ယာဉ်များနေရာတွင် မီနီဘတ်စ်များ၊ စူပါကာစတန်ယာဉ်များနှင့် အစားထိုးလဲလှယ်ပြေးဆွဲမှုများ ကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများ ရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် Korea Trade Investment Promotion Agency (KOTRA), Posco Daewoo Corporation တို့မှ ကျောင်းကား အစီး ၂၀၀ ဝယ်ယူရေး သဘောတူစာချုပ်ကို မေ ၁၀ ရက်က ချုပ်ဆိုခဲ့ပြီး ကျောင်းကားဝယ်ယူပြေးဆွဲလိုသော ကျောင်း များအတွက် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ပေးမည်ဖြစ် ကြောင်း သိရသည်။ **(၀၀၁)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ပုသိမ် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မေ ၁၂ ရက်တွင် ပုသိမ်မြို့ မဟာဗန္ဓုလလမ်း ဂေါက်ကွင်းရှေ့တွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်း လိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)၊ မီးသတ်ဦးစီးဌာန၊ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ် များ စနစ်တကျပြေးဆွဲရေး ကြီးကြပ်ညှိနှိုင်းမှုကော်မတီ၊ မြတ်စေတနာ အရပ်ဘက်ပရဟိတလူမှုရေးအသင်းဝင်များ ပူးပေါင်း၍ ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (UN Global Road Safety Week) အဖြစ်မော်တော်ယာဉ်၊ သုံးဘီးမော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်စီးနင်း သူ ပြည်သူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံ များ ပြသပညာပေးခြင်း၊ ယာဉ်များတွင်ပညာပေး စတစ်ကာများ ကပ်ပေးခြင်း၊ ပညာပေးပိုစတာများစိုက် ထူခြင်း၊ မော်တော်ဆိုင်ကယ်များအား တြိဂံရောက်ပြန်ပြား များကပ်ပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ် အပြည့်အစုံ ဆောင်းပြီး ယာဉ်မောင်းလိုင်စင်၊ ယာဉ်မှတ်ပုံတင်သက် သေခံလက်မှတ်ပါရှိပြီး စည်းကမ်းတကျစီးနင်းသူများကို ပညာပေး စာတန်းပါ တီရှပ်များ အခမဲ့ဖြန့်ဝေပေးခြင်း တို့ဆောင်ရွက်ခဲ့ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးစိုက် ရာ ဟင်္သာတမြို့၊ မအူပင်မြို့၊ ဖျာပုံမြို့တို့တွင်လည်း အလားတူ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလှုပ်ရှား မှုများနှင့် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။ **(ကြေးမုံ)**

# သီပေါ၌ လယ်မြေများ ရေအပြည့်အဝရရှိရေး မြို့လယ်ချောင်း ပြန်လည်တူးဖော်

**သီပေါ မေ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါ မြို့နယ်၌ လယ်မြေများ ရေအပြည့် အဝရရှိရေး၊ မြို့တွင်း ရေတွင်း၊ ရေကန်များ ခန်းခြောက်မှုမရှိစေရေး နှင့် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးတို့အတွက် လယ်မြေ များနှင့် ဒေသခံများ အဓိကအားထား သောက်သုံးရသည့် ဖာဖိတ်ဆည် ရေဝေရေလဲဒေသမှ စီးဆင်းသော မြို့လယ်ချောင်း ရေစီးရေလာကောင်း မွန်ရေးအတွက် ပြန်လည်တူးဖော် ဆယ်ယူရေးလုပ်ငန်း ဆောင်ရွက်ခြင်း ကို မေ ၁၂ ရက် နံနက်မှ စတင်ဆောင် ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ဦးဆောင်သော ရပ်ကွက်နေပြည်သူများက ရေဦး ဘုန်းတော်ကြီး ကျောင်းအနီး၌လည်း ကောင်း၊ မြို့နယ်စည်ပင်သာယာရေး ဌာန အမှုဆောင်အရာရှိ (လက် ထောက်ညွှန်ကြားရေးမှူး) ဦးစိုင်းခွန် ဇော်ဦး ကြီးကြပ်သော ဒေသခံ တောင်သူများ၊ စည်ပင်သာယာရေး ဝန်ထမ်းများက လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ဈေးရပ် မြို့လယ်ချောင်းစီးဆင်းရာ ပန်းတိမ် တောင်ရပ်ကွက်နှင့် တိန်းချေတိန်းစံ ကျေးရွာချောင်း အစွန်းအထိလည်း ကောင်း အမှိုက်များနှင့် နုန်းများ တူးဖော်ဆယ်ယူခြင်းဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ခဲ့ကြ သည်။

ထိုသို့ ဆောင်ရွက်မှုဖြင့် ပန်းတိမ် တောင်ရပ်နှင့် တိန်းချေကိန်းစံ၊ ကွန်ကျောင်း၊ နောက်ကပ်ကျေးရွာများ ရှိ လယ်ဧက ၁၁၆ ဧကမှာ ရေဖူလုံစွာ သောက်သုံးနိုင်မည့်အပြင် သီပေါမြို့မှ ဒေသခံပြည်သူများ အနေဖြင့်လည်း နှစ်စဉ် နွေရာသီ ရေတွင်း၊ ရေကန်များ ရေခန်းခြောက်ခြင်းမှ ကင်းဝေးသွား မည်ဖြစ်ကြောင်း မြို့နယ်စည်ပင် သာယာရေးဌာနမှ အမှုဆောင်အရာ ရှိက ပြောပြသည်။

**စိုင်း(သီပေါ)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# YBS ပြီးတော့ Water Bus နဲ့ ခရီးဆက်ဦးမည့် ရန်ကုန်

**ဆုနှင်းလှဲ့**

YBS ဘတ်စ်ကားလိုင်းစနစ် စတင်ပြောင်းလဲလိုက်သည်မှာ သုံးလကျော်ခဲ့ပြီဖြစ်ပြီး အခက်အခဲများ ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ သို့သော် တိုးတက်ကောင်းမွန်သော စနစ်တစ်ခု ပြောင်းလဲရာတွင် အချို့နိုင်ငံများတွင် တစ်နှစ်မှ သုံးနှစ်ခန့် အထိကြာမြင့်ခဲ့သည့် အတွေ့အကြုံများရှိခဲ့သည့်အတွက်ကြောင့်လည်း ပိုမိုကောင်းမွန်လာမည်ဟုပင် ယုံကြည်နေဆဲဖြစ်သည်။ ရန်ကုန်ဘတ်စ်ကား ပိုင်ဆိုင်မှုစနစ်ပုံစံနှင့် ပြေးဆွဲမှုစနစ်ပုံစံ အပြောင်းအလဲတွင် ဘတ်စ်ကားတစ်ခုတည်းကိုသာ အားထားနေရသည့် သယ်ယူပို့ဆောင်ရေးစနစ်မှ မြို့ပတ်ရထား၊ ရေကြောင်း အခြေပြုသွားလာရေးများကိုလည်း အသုံးပြုနိုင်ရန် ဆောင်ရွက်နေသည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

"Yangon Water Bus ကို ဇွန်လအတွင်းမှာ ရန်ကုန်-အင်းစိန်-လှိုင်သာယာ ခရီးစဉ်ကို ပထမဦးဆုံး ခရီးစဉ်အနေနဲ့ စတင်ပြေးဆွဲသွားမှာပါ။ Yangon Water Bus ခရီးစဉ်တွေအနေနဲ့ ရေလမ်းကြောင်း ခရီးစဉ်သုံးခု ပြေးဆွဲသွားဖို့ စီစဉ်ထားပြီး ကနဦးအနေနဲ့ လှိုင်သာယာ-ရန်ကုန် ခရီးစဉ်၊ ပြီးရင် သန်လျင် Star City အိမ်ရာဘက် ခရီးစဉ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ဘေလီတံတားနားကနေ ဗိုလ်တထောင်ခရီးစဉ်တို့ကို ပြေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်" ဟု အဆိုပါ လုပ်ငန်းကို တင်ဒါအောင်၍ ဆောင်ရွက်ခွင့်ရရှိခဲ့သူ တင့်တင့်မြန်မာ ကုမ္ပဏီများအုပ်စုမှ ဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်က မေ ၅ ရက်က ပြုလုပ်ခဲ့သည့် Yangon Water Bus သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**ရပ်နားခဲ့ရ**

ရန်ကုန်မြို့သည် သဘာဝကပေးအပ်ထားသည့် ပထဝီအနေအထားအရ မြစ်ချောင်းများ ဝန်းရံပတ်နေသည့် အနေအထားဖြစ်ပြီး နိုင်ငံတကာရှိ မြို့တော်များကဲ့သို့ ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို စနစ်တကျအသုံးချနိုင်ပါက အကျိုးရှိနိုင်မည်ဟု ရန်ကုန်မြို့ပြရေးရာနှင့် ပတ်သက်သည့် ဝေဖန်အကြံပြုချက်များကို မြို့ပြရေးရာပညာရှင်များက လက်ရှိအစိုးရလက်ထက်မတိုင်မီကပင် ဆွေးနွေးအကြံပြုခဲ့ကြသည်။ ထိုသို့ ဆွေးနွေးအကြံပြုချက်များနှင့်အတူ ပြီးခဲ့သည့် အစိုးရလက်ထက်ကပင် ရေကြောင်းပို့ဆောင်ရေး ပြေးဆွဲပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ လှိုင်သာယာမှ ရန်ကုန်မြို့တွင်းသို့ ရေလမ်းခရီးပြေးဆွဲမှု ဆောင်ရွက်ခဲ့သော်လည်း ဆိပ်ကမ်းနှင့် ဆိပ်ခံတံတား အခက်အခဲများကြောင့် ဆက်လက်ပြေးဆွဲနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ရပ်နားခဲ့ရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ စီမံချက်တွင် ရန်ကုန်မြို့ ဘတ်စ်ကား ပြုပြင်ပြောင်းလဲရေးစနစ်ဆောင်ရွက်ခြင်းနှင့်အတူ ယာဉ်ကြောကျပ်တည်းမှု ဆိုးရွားနေသော ရန်ကုန်မြို့တွင် ယင်းပြဿနာကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန် မြစ်ချောင်းများအတွင်း သယ်ယူပို့ဆောင်ပေးနိုင်မည့် Water Bus လုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် ပြည်တွင်း၊ ပြည်ပသို့ ပြီးခဲ့သည့်နှစ်အတွင်းက တင်ဒါခေါ်ယူခဲ့သည်။ တင်ဒါတင်သွင်းခဲ့သည့် ကုမ္ပဏီများအနက် နောက်ဆုံးအဆင့် ရွေးချယ်မှုတွင် ကုမ္ပဏီနှစ်ခုရှိပြီး တင့်တင့်မြန်မာကုမ္ပဏီနှင့် Diamond Plaza ကုမ္ပဏီတို့ဖြစ်ကာ တင့်တင့်မြန်မာကုမ္ပဏီကတင်ဒါအောင်မြင်ခဲ့သည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် လက်ရှိတွင် မြစ်ကြောင်းသွားခရီးစဉ်ပြေးဆွဲမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသည့် အတွေ့အကြုံများရှိပြီး ဟန်ဂေရီနိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့တွင် အသုံးပြုနေသော သင်္ဘောနှင့် ဂျီပီအက်စ်အသုံးပြု ခေတ်မီနည်းပညာများအပြင် ကျွမ်းကျင် ပြည်ပပညာရှင်များကိုလည်း ငှားရမ်းကာ Yangon Water Bus လုပ်ငန်းကို နိုင်ငံတကာစံနှုန်းအတိုင်း ဆောင်ရွက်သွားမည်ဟု Yangon Water Bus နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် သိရသည်။



**ကွင်းဆင်းလေ့လာ**

မြစ်ချောင်းများအတွင်း သယ်ယူပို့ဆောင်ရေး Water Bus စနစ် အကောင်အထည်ဖော်ရန် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နှစ်လယ်ခန့်ကပင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများအတွင်း ကွင်းဆင်းလေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ပြီး ရေကြောင်းပို့ဆောင်ရေးနှင့် ဘတ်စ်ကား ပို့ဆောင်ရေး ချိတ်ဆက်ပြေးဆွဲနိုင်ရန်လည်း စီမံကိန်းများ ရေးဆွဲစီစဉ်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

အများပြည်သူအတွက် လုံခြုံစိတ်ချရပြီး လူတိုင်းအနေဖြင့် ဘတ်စ်ကားနှင့်လည်း သွားလာနိုင်သည့်အပြင် ရေလမ်းကြောင်းနှင့်လည်း သွားလာနိုင်သည့် ကောင်းမွန်သော စနစ်မျိုးဖြစ်အောင်နှင့် ကုန်ကျစရိတ်တွင်လည်း သက်သောင့်သက်သာဖြစ်စေရန် ဆောင်ရွက်မည်ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားထားသည်။

**ခရီးသည်များ လုံခြုံစိတ်ချရေး**

"လုံခြုံစိတ်ချရေးအတွက် အဓိကထားပြီး လုပ်ထားတယ်လို့တော့ သတင်းတွေမှာဖတ်လိုက်ရပါတယ်။ ဈေးနှုန်းက လှိုင်သာယာကနေ မြို့ထဲအထိကို တစ်ယောက် ကျပ် ၅၀၀ ဆိုတော့ ကားခထက် များနေတယ်။ ကားစီးရင် ကျပ် ၃၀၀ လောက်ကျမယ်။ တစ်ဆင့်တည်းနဲ့ ရောက်မယ်ဆိုရင် မဆိုးဘူး။ မြို့ထဲကိုလာဖို့အတွက် နှစ်ဆင့်၊ သုံးဆင့်ပဲ စီးနေရမှာလား၊ ဒါဆိုရင် ခရီးစရိတ်နဲ့ အချိန်နဲ့က ထူးခြားပြီးကွာသွားမှာလား၊ ဒါတွေ စဉ်းစားရမှာပေါ့။ မကွာဘဲနဲ့ ပိုက်ဆံ ပိုကုန်မယ်ဆိုရင်တော့ ဘတ်စ်ကားပဲ စီးမှာပေါ့" ဟု လှိုင်သာယာမြို့နယ်တွင် နေထိုင်သူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။

Yangon Water Bus သည် ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်လွှဲနိုင်မည့် သယ်ယူပို့ဆောင်ရေးဖြစ်ပြီး ခရီးသည်များ လုံခြုံစိတ်ချစွာ သွားလာနိုင်ရေးသည် အဓိကကျသည့် အချက်ဖြစ်သည့်အပြင် ယာဉ်စီးခနှုန်းထားမှာလည်း အဓိကကျကြောင်း သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ကျွမ်းကျင်သူများက အကြံပြုသည်။

**အကုန်အကျများတဲ့ ပရောဂျက်ဖြစ်**

"ဒီလုပ်ငန်းကို တင်ဒါအောင်မြင်ခဲ့ရာမှာ အစိုးရဘတ်ဂျက်ငွေကို ယူပြီးလုပ်တာ မဟုတ်ပါဘူး။ ကမ္ဘာ့ဘဏ်ရဲ့ Project Loan ကိုယူပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ အကုန်အကျများပြီး Risk များတဲ့ ပရောဂျက်ဖြစ်ပါတယ်။ စီးပွားရေး လုပ်တယ်ဆိုတာ အမြတ်အစွန်းရဖို့လိုအပ်ပေမယ့် ဒါတွေကို မတွေးဘဲနဲ့ မြန်မာ့သမိုင်းမှာ River Taxi ရှိခဲ့ဖူးပေမယ့် အခုလုပ်မယ့် ဒီ system မျိုး မရှိခဲ့ဖူးပါဘူး။ အရှုံးမရှိနိုင်အောင် ကြိုးစားနေပါတယ်။ ပြည်သူလူထုကလည်း ပူးပေါင်းပြီးတော့ win-win ဖြစ်အောင် အကောင်းဆုံး Water Busကို မျှော်လင့်ရင်း ဆောင်ရွက်သွားမှာပါ"ဟု ဒေါ်တင့်တင့်လွင်က Yangon Water Bus သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

စတင်ပြေးဆွဲမည့် ခရီးစဉ်တွင် ခရီးစဉ်လမ်းကြောင်းတစ်လျှောက် မှတ်တိုင်များမှာ အင်းစိန် ကြိုးတံတားအနီး၊ ဘုရင့်နောင်တံတား၊ FMI အိမ်ရာ၊ လှိုင်ဘူတာရုံလမ်း၊ ကြည့်မြင်တိုင်(ဈေးကြီးတံတား)၊ လသာ (လမ်းသစ်တံတား)၊ ပန်းဆိုးတန်း(နန်းသီတာ)၊ ဗိုလ်တထောင် (တံတားအမှတ်၄) တို့ဖြစ်ပြီး ဘတ်စ်ကားမှတ်တိုင်များနှင့်လည်း သွားလာမှုအဆင်ပြေအောင် ဆောင်ရွက်သွားမည်ဟု သိရသည်။ ဆိပ်ကမ်းများတွင်လည်း စနစ်တကျလက်မှတ်အရောင်းကောင်တာများ၊ စက်ဘီးရပ်နားနိုင်ရန် နေရာများ၊ ရေယာဉ်ပေါ်တွင် အစားအသောက်ရောင်းချခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ ကနဦးအနေဖြင့် လက်မှတ်စနစ်ပုံစံ ပြေးဆွဲသွားမည်ဖြစ်ကာ ဆက်လက်၍ ကတ်စနစ်၊ မိုဘိုင်းဆော့ဝဲမှတစ်ဆင့် လက်မှတ်ဝယ်ယူသည့်စနစ်၊ အွန်လိုင်းလက်မှတ်ဝယ်စနစ်၊ ငွေပေးချေစနစ် စသည်ဖြင့် တိုးချဲ့သွားမည်ဟု သိရသည်။ အသုံးပြုမည့် ရေယာဉ်များကိုလည်း ဩစတြေးလျ၊ ထိုင်းနိုင်ငံတို့မှ မှာယူထားပြီး ပြည်တွင်းတွင်လည်း တည်ဆောက်နေကြောင်း သိရသည်။

**စိန်ခေါ်မှုများ**

YBS ကဲ့သို့ ဘတ်စ်ကားစနစ် အပြောင်းအလဲတွင် လိုအပ်ချက်ရှိနေသော ယာဉ်အစီးရေပမာဏ ဖြည့်တင်းနိုင်ခြင်း မရှိသေးမီတွင် ယခင်စနစ်ဟောင်းက ပုံစံဟောင်းများကို ခရီးသွားပြည်သူများက ကြုံတွေ့နေကြရပြီး ယခုလကုန်တွင် ရောက်ရှိလာမည့် ကားသစ်အစီး ၁၀၀၀ အပါအဝင် ပုဂ္ဂလိကကုမ္ပဏီများက ထပ်မံအားဖြည့်မည့် ကားသစ်များကိုစောင့်ဆိုင်းလျက်ရှိသည်။ အလားတူ YBS စနစ်သစ်အပြီးတွင် ဆက်လက်ဆောင်ရွက်မည့် Water Bus စနစ်တွင်လည်း ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီအပြင် ကြီးကြပ်ကွပ်ကဲရမည့် သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့နှင့် တိုင်းဒေသကြီး အစိုးရအနေဖြင့် အဆိုပါ အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပါက ကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ်များကို အကောင်အထည်ဖော်နိုင်သည်ဟု အသိအမှတ်ပြုခြင်း ခံရမည်ဖြစ်သည်။ ကောင်းမွန်သောစနစ် အပြောင်းအလဲများတွင် အများပြည်သူအကျိုးရှိရန် လိုအပ်ပြီး အများက ယုံကြည်လက်ခံ ပူးပေါင်းဆောင်ရွက်မှသာ ယင်းစနစ်တို့ အောင်မြင်နိုင်မည်ပင်ဖြစ်သည်။ ။

# ၄၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ၂၄ မြို့နယ်၌သဘာဝဘေးဒဏ်ခံခဲ့ရ

**စစ်ကိုင်း မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ဖြစ်ပွားသည့် အခြေအနေသည် မတ် ၂၅ ရက်မှ မေ ၁၁ ရက်အထိ ၄၆ ရက်အတွင်း မြို့နယ် ၃၇ မြို့နယ်ရှိသည့်အနက်မှ ၂၄ မြို့နယ်တွင် သဘာဝဘေးဒဏ်ခံခဲ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းထံမှ သိရသည်။

လေဘေးသင့်အိမ်ထောင်စုပေါင်း ၄၀၀ ကျော်ရှိပြီး အစိုးရက သိန်း ၁၇၀၀ နီးပါး ထောက်ပံ့ပေးပြီးဖြစ်ကြောင်းနှင့် သဘာဝဘေးဒဏ်ကို ကြိုတင်ကာကွယ်နိုင်ရန် ခရိုင်တစ်ခုကို ကျပ်သိန်း ၁၀၀ စီ အရေးပေါ် ရန်ပုံငွေချထားပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သဘာဝဘေးဒဏ်ဖြစ်ပွားတဲ့ အခြေအနေက မတ် ၂၅ ရက်မှ မေ ၁၁ ရက်အထိ မြို့နယ်ပေါင်း ၃၇ မြို့နယ်အနက်က ၂၄ မြို့နယ်မှာ သဘာဝဘေးဒဏ်ခံခဲ့ရပါတယ်။ အရေးပေါ် ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေး အဖွဲ့တွေကိုလည်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် ကြိုတင်စုဖွဲ့ထားစေပါတယ်။ မဖြစ်မီကတည်းက မြို့နယ်တွေကို လေဘေး၊ သဘာဝဘေးဖြစ်ခဲ့ရင် ဘယ်လိုရှောင်ရှားရမယ်၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေကို ဇာတ်တိုက်လေ့ကျင့်တာတွေကို လက်တွေ့ဆောင်ရွက်ထားစေပါတယ်"ဟု ဒေါက်တာဇော်ဝင်းက ပြောသည်။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်မကြာခဏ ကြုံတွေ့နေရခြင်း၏ အကြောင်းအရင်းသည် သဘာဝသစ်တောများ ပြုန်းတီးသည့်အတွက်ဖြစ်သလို သယံဇာတများကို အလွန်အကျွံ တူးဖော်သုံးစွဲခဲ့ကြခြင်းကြောင့်ဖြစ်ရာ လက်ရှိတွင် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် သစ်တောများမှ သစ်ခိုးထုတ်သူများ လျော့နည်းပပျောက်စေရန် သစ်တောများတွင် သစ်ထုတ်လုပ်ခွင့်တားမြစ်ထားသောနေရာများကို သတ်မှတ်ထားကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ကို လျစ်လျူရှု၍ စည်းမဲ့ကမ်းမဲ့ထုတ်ယူမှုများရှိခဲ့ရာ ထုတ်သူစံပြီး အဆိုပါ ပြစ်ဒဏ်များကို ဒေသခံများ လက်ရှိတွင် ခံစားနေရသည်ကို တွေ့ရသည့်အတွက် လက်ရှိအစိုးရအနေဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။ ယခင်နှစ်များက အကူအညီလိုအပ်သော ဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အပျက်အစီးမရှိဘဲ ကူညီထောက်ပံ့ပေးရသူများရှိသလို အမှန်တကယ်ပျက်စီးခဲ့ပြီး ထောက်ပံ့မှုမရသူများလည်းရှိနေရာ ယခုနှစ်တွင် အပျက်အစီးစာရင်းနှင့် ကူညီထောက်ပံ့ပေးရမည့်သူစာရင်းကို မှန်မှန်ကန်ကန်တင်ပြနိုင်ရန် တိုင်းဒေသကြီးကိုယ်စားလှယ်များအနေဖြင့် သေချာစွာစာရင်းကောက်ယူပေးကြရန်နှင့် ရပ်ကွက်၊ ကျေးရွာများမှတစ်ဆင့် မြို့နယ်သို့တင်လာသော အပျက်အစီးစာရင်းများကို သေချာတိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးကြရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရပ်ကွက်၊ ကျေးရွာအမှုဆောင်များနှင့် NGO လူမှုအဖွဲ့အစည်းအသီးသီးတို့ကို ပျက်စီးစာရင်းများနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းများကို လိုက်လံကောက်ခံထားစေကြောင်း ဒေါက်တာ ဇော်ဝင်းက ပြောကြားသည်။



**(မျိုးဝင်းထွန်း-မုံရွာ)**

# ဆရာမင်းလူ အလွမ်းပြေ ညနေခင်းအမှတ်တရ

ဆောင်းပါး - ခင်မောင်ထွေး၊ ဝင်းနန္ဒာ

လူတိုင်းလူတိုင်း၏ဘဝတွင် အမှတ်တရနေ့စွဲများစွာ ရှိခဲ့ကြသည်။ စိတ်ပညာအလိုအရ လူတို့သည် မိမိတို့၏ ဘဝတွင် ပထမဆုံးအောင်မြင်မှုနှင့် ရှုံးနိမ့်မှုတို့ကို အမှတ်ထင်ထင်ရှိတတ်ကြသည်။

ထို့အပြင် မိမိတို့လျှောက်လှမ်းလာခဲ့ကြသည့် ခေတ်ပြိုင်သမိုင်းအတွင်း မိမိတို့ နှစ်ခြိုက်သဘောကျသည့် ထင်ရှားကျော်ကြားသူများ၏ မှတ်မှတ်ထင်ထင်နေ့စွဲများကိုလည်း ဂရုတစိုက် သတိရလေ့ရှိကြသည်။

ပြက္ခဒိန်ရက်စွဲများထဲက မေ ၁၈ ရက်နေ့ကိုမူ ဆရာမင်းလူ၏ မွေးနေ့အဖြစ် ဆရာ၏အမာခံစာဖတ်ပရိသတ်များက မှတ်သားထားသည်။ ဆရာမင်းလူကို စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ ဦးသာခု(သခင်ဖေသန်း)နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုတို့က ၁၈ ၊ မေ၊ ၁၉၅၄ တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။


"ကိုညက်ငယ်ငယ်တုန်းက နည်းနည်းဂျစ်ကန်ကန်နိုင်တယ်။ ပေတိပေကပ်နဲ့ သူလုပ်ချင်တာကို မဖြစ်မနေရအောင်လုပ်တယ်။ သီးခြားသူတစ်ယောက်ထဲ စာဖတ်နေတာများတယ်။ ညက်ပေါ်ဆိုတဲ့အမည်က အဖေပေးတာပါ"ဟု ဆရာမင်းလူ၏ အစ်ကိုဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဦးရှုပက ပြောသည်။

ဆရာမင်းလူသည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်နှစ်ပတ်လည်မဂ္ဂဇင်းနှင့် နံရံကပ်စာစောင်၊ လက်ရေးစာစောင်များတွင် "တောကျောင်းဘုန်းကြီး" ကလောင်အမည်ဖြင့် ကဗျာများရေးသားခဲ့သည်။ တက္ကသိုလ်တွင် ပညာသင်ကြားနေစဉ်ကာလအတွင်း စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့်အတွက် ခေတ္တထိန်းသိမ်းခံခဲ့ရသည်များလည်း ရှိခဲ့သည်။ ရုပ်ရှင်ပဒေသာမဂ္ဂဇင်းတွင် "နေဝင်သွားတော့ လထွက်သည်" ဝတ္ထုကို စတင်ရေးသားခဲ့ရာမှ စာပေနယ်သို့ ဝင်ရောက်လာခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် ဒဿနိကဗေဒဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ "ပန်းကျောင်း" အမည်ဖြင့် ပထမဆုံး လုံးချင်းဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ ထို့နောက် ၁၉၇၈ ခုနှစ်တွင် "အချစ်လားဟေ့ ဝင်ခဲ့လေကွယ်" ကဗျာစာအုပ်ကို ထုတ်ဝေခဲ့သည်။

ရယ်မောခြင်းပေါင်းချုပ်၊ ဝတ္ထုတိုပေါင်းချုပ်၊ ငှက်ကလေး၊ သူငယ်ချင်းတစ်ယောက်အကြောင်း၊ အော်ဆွေး စသည့် စာအုပ်များမှာ ဆရာမင်းလူ၏ ထင်ရှားသည့် စာပေလက်ရာများဖြစ်ခဲ့ပြီး ရေးသားသမျှ စာအုပ်တိုင်းသည် ပရိသတ်နှစ်ခြိုက်မှုကိုရရှိခဲ့သူ ဆရာမင်းလူသည် အသက် ၆၀ အရွယ် ၁၄ ဩဂုတ် ၂၀၁၃ ခုနှစ်တွင် ကွယ်လွန်ခဲ့ရှာသည်။

"ဆရာ့စာတွေထဲမှာ ကျွန်တော်အမှတ်ရတာကတော့ ၁၉၈၆ ခုနှစ်လောက်က မဂ္ဂဇင်းတစ်ခုမှာရေးခဲ့တဲ့ ပျော်မဆုံးမော်မဆုံး ဘောလုံးကစားကြသည်ဆိုတာပါပဲ။ ဘာကြောင့် အမှတ်ရသလဲဆိုတော့ အဲဒီရယ်မောခြင်းစာစုထဲမှာ ပြိုင်ပွဲမတိုင်မီ မြေညှိတဲ့လမ်းကြိတ်စက်ကြီးက စက်ပျက်ပြီး ကွင်းထဲမှာ ကစားသမားတွေက အဲဒီလမ်းကြိတ်စက်ကြီးကိုရှောင်ပြီး ကစားနေရတဲ့မြင်ကွင်းနဲ့ ဒိုင်လူကြီးက လမ်းကြိတ်စက်ကြီးကို ဘောလုံးထိရင် ဘေးထွက်ဘော၊ အောက်ဆိုဒ် သတ်မှတ်ခဲ့တာတွေကို ဟာသညက်၊ ဇဝနညက်နဲ့ ရေးဖွဲ့ခဲ့တာမို့ အခုအချိန်ထိ သတိရနေမိတာဖြစ်ပါတယ်။ ဆရာ့စာတွေကို သတိရသလို ဆရာ့ကိုလည်း အခုအချိန်ထိ အင်မတန်မှ အောက်မေ့သတိရနေဆဲပါ" ဟု လူလတ်ပိုင်းအရွယ် စာဖတ်ပရိသတ်တစ်ဦးက ဆိုသည်။

"ဆရာမင်းလူရဲ့ ရယ်စရာမောစရာဆိုတဲ့ ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ထားတာ ကြည့်ခဲ့ဖူးတယ်။ အဲဒီကတည်းက သူဖန်တီးခဲ့တဲ့ စာပေရဲ့ဇာတ်ကောင်တွေက ဒီနေ့ထက်ထိ မှတ်မိနေတယ်။ နောက်ပိုင်း ကံကော်နီဝတ္ထုကို ဖတ်မိပြီး ကြိုက်နှစ်သက်မိတယ်" ဟု ဆရာမင်းလူ၏ စာဖတ်ပရိသတ် အမျိုးသမီးတစ်ဦးက ပြောသည်။



မင်းလူ၏ အနုပညာရပ်ဝန်းလူမှုကွန်ရက်စာမျက်နှာ

ဆရာမင်းလူကို ယနေ့တိုင်မမေ့နိုင်သေးသည့် အမာခံပရိသတ်များအတွက် ဆရာမင်းလူ အလွမ်းပြေပွဲလေးတစ်ပွဲကို Yangon Book Plaza က စီစဉ်ထားကြောင်း သိရသည်။

ဆရာမင်းလူ၏ ၆၃ နှစ်မြောက် မွေးနေ့ဖြစ်သည့် လာမည့် မေ ၁၈ ရက်တွင် အမှတ်တရအစီအစဉ်အဖြစ် Yangon Book Plaza ၌ ညနေ ၄ နာရီတွင် ကျင်းပရန် စီစဉ်ထားရာ "မင်းလူနှင့် ညနေခင်း"ဟု အမည်ပေးထားသည်။

ဆရာမင်းလူသည် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းကို နှစ်ခြိုက်သူတစ်ယောက်ဖြစ်ပြီး တစ်နေ့နှစ်ကြိမ် လက်ဖက်ရည်ဆိုင်ထိုင်လေ့ရှိသည်။ အိပ်ရာထနောက်ကျလေ့ရှိသူဖြစ်ပြီး နေ့လယ်အိပ်ရာထတစ်ကြိမ်နှင့် ညနေတစ်ကြိမ် လက်ဖက်ရည်ဆိုင် ထိုင်လေ့ရှိသည်။ ဆရာမင်းလူ လက်ဖက်ရည်ဆိုင်ထိုင်သည့် အချိန်နှင့် လက်ဖက်ရည်ဆိုင်ထိုင်လေ့ရှိသည့် ပုံစံမျိုးဖြင့် အမှတ်တရ အစီအစဉ်ကို ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်တော်က လက်ဖက်ရည်ဆိုင်ဖွင့်ထားတာဆိုတော့ မနက်မိုးလင်းရင် ကျွန်တော့်ဆီမှာ သူသောက်တယ်။ နာရီဝက်လောက်နေရင် ပြန်တတ်ပြီး စာရေးစရာရှိတာရေး၊ သူ့ရဲ့ပုံမှန်အချိန်ကတော့ ညနေ ၅ နာရီလောက်က စပြီး သူ့သူငယ်ချင်းစာပေအသိုင်းအဝိုင်း သူနဲ့တွေ့ချင်တဲ့သူတွေကို ကျွန်တော့်လက်ဖက်ရည်ဆိုင်မှာ စကားပြောကြတယ်။ ဆိုင်က ၆ နာရီပိတ်ပေမယ့် သူက ၉ နာရီ၊ ၁၀နာရီအထိ နေတယ်။ ကိုညက်အတွက်ရော၊ ကိုဗလအတွက်ပါ ကျွန်တော့်ဆိုင်ကနေ ကုန်ကြမ်းတွေအများကြီးရသွားတယ်။ စာရေးဆရာဆိုတာ ကျွန်တော်တို့လည်း အတူတူပဲ မြင်တဲ့အကြောင်းအရာကို သူတို့ရေးတော့ဝတ္ထုဖြစ်သွားတယ်။ ကျွန်တော့်ဆိုင်လေးကို မြေမှုန်လွင်က လာထိုင်နေကျ၊ ကိုမြေမှုန်လွင်ရဲ့စိတ်ကူးလေး၊ အဲဒီစိတ်ကူးလေးကအရမ်းကောင်းပါတယ်"ဟု ဆရာမင်းလူ၏ အစ်ကိုဖြစ်သူ ရုပ်ရှင်သရုပ်ဆောင်ဦးရှုပက ဆိုသည်။

ဆရာမင်းလူကိုယ်တိုင် လက်ဖက်ရည်ဆိုင်ထိုင်ခြင်းနှင့်ပတ်သက်၍ ၂၀၀၀ ပြည့်နှစ် စိမ်းရောင်လွင်မဂ္ဂဇင်းတွင် "ထိုင်ပါရစေ" ခေါင်းစဉ်ဖြင့် "ပင်လယ်ကမ်းခြေမှာလည်း အနားမယူနိုင်၊ အပန်းဖြေခရီးလည်း မသွားနိုင်၊ ဟိုတယ်လည်း မတက်နိုင်၊ ကာရာအိုကေမှာလည်း ပန်းကုံးမစွပ်နိုင်၊ စားသောက်ဆိုင်ကြီးတွေမှာလည်း မသုံးနိုင်၊ မဖြုန်းနိုင်ကြရှာသော သာမန်အခြေခံလူတန်းစားတွေအဖို့တော့ လက်ဖက်ရည်ဆိုင်များကိုသာ နားခိုရာအဖြစ် အားကိုးကြရပါသည်။ ထို့ကြောင့် ထိုင်ပါရစေ"ဟု မေတ္တာရပ်ခံရခြင်း ဖြစ်ပါသည် ဟူ၍ ရေးသားခဲ့သည်။

"အဖေတို့ ညီအစ်ကိုတွေကတော့ အတူတူပါပဲ။ အဖေကတော့ ညပိုင်း စာမရေးဘူး။ မနက်မိုးလင်းပိုင်းရေးတာများတယ်။ ဦးညက်ကတော့ ညပိုင်း စာရေးပါတယ်။ ည ၁ နာရီ ၂ နာရီအထိ သူ့အခန်းက မီးလင်းနေတုန်း၊ အဖေကတော့ စောထတယ်။ စာရေးတယ်။ ဦးညက်ကတော့ နိုးရင် လက်ဖက်ရည်ဆိုင်ဆင်းသွားတယ်။ ဦးရှုပ လက်ဖက်ရည်ဆိုင်ပေါ့။ အဲဒီဆိုင်မှာ သူတို့ထိုင်နေကျ ခုံလေးတွေရှိကြတယ်။ တခြားသူတို့သူငယ်ချင်း၊ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါးရှိတတ်ကြတယ်။ အခုလို ညနေခင်းပွဲလေးလုပ်မယ်ဆိုတော့ ဒါလေးတွေက အမှတ်ရစရာလေးတွေပါ"ဟု စွယ်စုံရအနုပညာရှင် ဦးသုမောင်၏ သား၊ ဆရာမင်းလူ၏ တူဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် အဆိုတော် ဖိုးသောကြာက ပြောသည်။

ဆရာမင်းလူမွေးနေ့အမှတ်တရ အစီအစဉ်တွင် ဆရာ့၏ သမိုင်းဝင် "ဘာတွေဖြစ်ကုန်ကြပြီလဲ" ကဗျာရှည်ကြီးကိုလည်း မျိုးဆက်သစ်များသိရှိရအောင် ဝေငှသွားမည့်အပြင် ဆရာ့၏ပုံနှိပ်ထားခြင်းမရှိသေးသည့် ကဗျာတချို့ကိုလည်း ရွတ်ဆိုကြမည်ဟု သိရသည်။

"ဘာတွေဖြစ်ကုန်ကြပြီလဲကဗျာရေးတော့ သူ့ကို လာခေါ်သွားတဲ့ညကိုတော့ အမှတ်တရဖြစ်ခဲ့တယ်။ ည ၁၂ နာရီဝန်းကျင်မှာ သူ့ကိုလာခေါ်တယ်။ ကျွန်တော်ကတော့ အိပ်နေပြီ။ ၃-၄-၅ ယောက်က အိမ်အောက်မှာ၊ အပေါ်မှာရှာစရာရှိတာရှာ၊ မေးစရာရှိတာမေး အေးအေးဆေးဆေးပဲ။ ဘာမှ ဆူဆူညံညံမရှိဘူး။ အမေရော၊ သူ့မိသားစုတွေရော အေးအေးဆေးဆေးပဲ။ တုန်လှုပ်တာမရှိဘူး။ သူ့ကိုခေါ်သွားတော့ တိုက်ပုံအင်္ကျီကို ပခုံးပေါ်တင်လို့ သူလိုက်သွားတာကို ကျွန်တော့်အမျိုးသမီးက မြင်တယ်။ ဟောပြောပွဲလိုက်သွားတာလို့လည်း ထင်တယ်။ မနက်ကျမှ သိရတော့တယ်။ အဖေဆုံးတော့ အဖေ့နာရေးမှာ သူ့ကိုဂါရဝပြုခွင့်ပေးတယ်။ အမေ့ကိုလည်း လာကန်တော့ခွင့်ပေးတယ်။ သူနဲ့အတူ တာဝန်ရှိသူအချို့ ပါလာကြတယ်။ ကိုညက်ကိုရော၊ ပါလာတဲ့သုံးယောက်ကိုရော အမေကပြောတယ်၊ သားကလည်း ကိုယ့်ရဲ့ယုံကြည်ချက်နဲ့ကိုယ်လုပ်တာပေါ့။ ပါလာတဲ့သူတွေကိုလည်း သားတို့ကလည်း သားတို့အလုပ်ကိုလုပ်တဲ့အတွက် အမေ ဘာမှမဖြစ်ဘူးဆိုပြီး လက်ဖက်ရည်တွေနဲ့ ဧည့်ခံတယ်။ ဒီကိုရောက်တော့ အမေကငိုလည်းမငိုဘူး၊ သားကိုလည်း ဆုံးမတယ်။ ကန်တော့ကြတော့ ကိုညက်နဲ့ပါလာတဲ့ သူတွေကလည်း အမေ့ကိုထိုင်ကန်တော့သွားတယ်။ ဒါကတော့ အမှတ်တရပါပဲ"ဟု ဦးရှုပက ပြောသည်။

စာပေလောကတွင် ယနေ့အချိန်ထိ ထင်ရှားကျော်ကြားနေဆဲဖြစ်သူ ဆရာမင်းလူ၏စာပေလက်ရာများနှင့် စပ်လျဉ်း၍ အစ်ကိုဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဦးရှုပက "အရင် သူတို့စာရေးရတဲ့အချိန်က အခက်အခဲတွေရှိတယ်။ အတားအဆီးတွေရှိတယ်။ အခုက စာစောင်တွေလည်းများလာပြီ၊ ရေးရတာလည်း ကောင်းလာတော့ သူသာရှိမယ်ဆိုရင် အကျိုးပြုစာပေတွေ အများကြီး ထွက်လာလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အခု သူမရှိတော့ ကိုယ့်ညီတစ်ယောက်ကို နှမြောသလို သူပေးချင်တဲ့ စာပေမက်ဆေ့ပေးခွင့်မရခဲ့ဘူး။ အမှန်က ရှိစေချင်သေးတယ်။ ပေးစေချင်သေးတယ်။ ကျန်တဲ့ အစ်ကိုနှစ်ယောက်က ဒီ့အပြင် သီးခြားလုပ်ငန်းတွေရှိတယ်။ သူက ဒီစာပေကိုပဲ ချစ်တဲ့သူ၊ စာပေသမားတွေကို တန်ဖိုးထားတယ်။ စာဖတ်ပရိသတ်တွေကို တန်ဖိုးထားတယ်။ သူ့တစ်ယောက်ထဲက တစ်ကိုယ်တော်မဂ္ဂဇင်းဆိုပြီး မဂ္ဂဇင်းတစ်အုပ်ထဲမှာပါတဲ့ ကဏ္ဍအားလုံးကို သူရေးသွားတယ်။ မပါတာဆိုလို့ ဗေဒင်နဲ့ ကာတွန်းပဲရှိတယ်။ အဲဒါကိုတော့ ကိုယ့်ညီမို့လို့ပြောတာ မဟုတ်ဘူး။ ကျွန်တော်ဂုဏ်ယူတယ်။ ညီအစ်ကိုတွေထဲမှာ သူနဲ့ ကျွန်တော်က ပိုရင်းနှီးတယ်။ အပေါ်ထပ်အောက်ထပ် နေကြတာဆိုတော့"ဟု ပြောသည်။

ဖိုးသောကြာက "သူ့စာတွေကို တော်တော်များများ ဖတ်ဖြစ်ပါတယ်။ သူကသူများတွေ မတွေးတဲ့ဘက်က တွေးတယ်။ အဲဒါသူ့ရဲ့ထူးခြားမှု။ သူ့ရဲ့ရေးဟန်တွေမှာလည်း ကလိထိုးဟာသတွေမဟုတ်ဘူး။ အပြင်မှာ တကယ့်ဖြစ်နေတဲ့ သဘာဝကျကျ ဟာသတွေကို အတည်ပေါက်တွေနဲ့ သူရေးထားတာတွေ့ရတယ်။ တစ်ခါတလေ သရော်ထားတာတွေလည်း အလွန်ကောင်းတာတွေ့ရတယ်။ ကျွန်တော့်ဦးလေးမို့လို့ ပြောတာမဟုတ်ပါဘူး။ သူ့ရဲ့စာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ ပြောပြတာပါ" ဟု ဆိုသည်။

ဆရာမင်းလူကွယ်လွန်ခဲ့သည်မှာ ယခုဆိုလျှင် သုံးနှစ်ကျော်ရှိခဲ့သော်လည်း ဆရာ၏ အမာခံစာဖတ်ပရိသတ်များအပြင် ဆရာကြီးသာခု၏ သဘာဝအုပ်စုမျိုးဆက်များကလည်း အောက်မေ့သတိရနေကြဆဲ။

"ဦးညက်နဲ့ပတ်သက်ပြီး အမှတ်တရတွေကတော့ အများကြီးရှိပါတယ်။ စာပေနဲ့ပတ်သက်တဲ့အမှတ်တရတွေကတော့ သူစာအုပ်တွေထွက်တိုင်း ကျွန်တော်တို့မောင်နှမလေးယောက်နာမည်တပ်ပြီး ပို့လေ့ပို့ထရှိတယ်။ ဦးညက်ဆုံးတာကတော့ အဖေပြီးရင် ရှေ့ဆင့်နောက်ဆင့်ဆုံးကြတာဆိုတော့ နှမြောတာ၊ ဝမ်းနည်းတာတော့ အတိုင်းမသိပါပဲ။ ဦးညက်ကို တူတွေက ကြောက်ကြတယ်။ သူငယ်ချင်းလိုလည်း ပေါင်းကြတယ်။ စကြ နောက်ကြတယ်။ သူ့ကို တလေးတစားနဲ့ ချစ်ကြောက်ရိုသေကြတယ်။ သူရုပ်တည်တည်နဲ့ နောက်တဲ့စကားတွေကို ပြန်မြင်ယောင်တုန်းပါ"ဟု ဖိုးသောကြာက ပြောသည်။

"မှတ်မှတ်ရရ ကျွန်တော့်သီချင်းခွေ ပထမဆုံး စသွင်းတော့ ဦးညက် သီချင်းတစ်ပုဒ်ပါတယ်။ အချစ်လားဟေ့ ဝင်ခဲ့လေကွယ် သီချင်းတစ်ပုဒ်ပါတယ်။ အဲဒီသီချင်းက ဦးညက်ကဗျာကို သီချင်းလုပ်ထားတာ။ ကျွန်တော် အိပ်ခါနီး ည ၁၁ နာရီလောက်မှာ သူလှမ်းခေါ်တယ်။ အဲဒီ သီချင်းရှေ့မှာထည့်ဖို့ Music ကို ဘာတွေ တီးဖို့ပြောတယ်။ အဲဒါတွေက သူ ကျွန်တော်တို့ကို အလေးထားတာ ပေါ်လွင်နေတယ်။ ဒါတွေက အမှတ်တရတွေပါပဲ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

အစ်ကိုဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် ဦးရှုပက "ဆရာမင်းလူကွယ်လွန်သွားတာ မိသားစုအနေနဲ့ ဆုံးရှုံးရသလို စာဖတ်ပရိသတ်၊ လုပ်ဖော်ကိုင်ဖက်တွေအတွက်လည်း ဆုံးရှုံးမှုပါပဲ။ သူဆုံးသွားတော့ သူ့အသက်က ၆၀၊ ငယ်ပါသေးတယ်"ဟု ဆိုသည်။

မည်သို့ဆိုစေ Yangon Book Plaza တွင် မေ ၁၈ ရက် ညနေ ၄ နာရီတွင် ကျင်းပမည့် ဆရာမင်းလူမွေးနေ့ အမှတ်တရမင်းလူနှင့် ညနေခင်းအစီအစဉ်ကမူ ဆရာမင်းလူ၏ အမာခံစာဖတ်ပရိသတ်များအတွက် ဝမ်းနည်းဝမ်းသာဖြစ်ရသည့် အစီအစဉ်လေးတစ်ရပ်ဖြစ်သည်။

ဆရာမင်းလူ၏မွေးနေ့ကို အမှတ်တရကျင်းပပြီး ဆရာမင်းလူ၏ညနေခင်းလေးကို အတူတကွဖြတ်သန်းကြရင်း ဆရာ့စာအုပ်များကိုလည်း အထူးလျှော့ဈေးများနှင့် ဝယ်ယူခွင့်ရမည်ဖြစ်၍ တစ်ဖက်ကဝမ်းသာရသလို ကွယ်လွန်သွားပြီဖြစ်သည့် ဆရာမင်းလူအတွက်လည်း ဝမ်းနည်းခြင်းများစွာဖြင့် အောက်မေ့တသဖြစ်ကြပါလိမ့်မည်။

ဆရာမင်းလူ၏သမီးဖြစ်သူ မယုယကမူ "အဖေက အင်တာဗျူးတွေဖြေရတာကိုမကြိုက်ဘူး၊ လူရှေ့သူရှေ့ထွက်ရတာမကြိုက်ဘူး၊ စင်ပေါ်တက်ရတာ မကြိုက်ဘူး။ အခုသူ့အကြောင်း သတင်းစာမှာပါတာတောင် ကြိုက်ပါ့မလားမသိဘူး" ဟု ဆိုသည်။

■




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လက်ပံတန်း-ထိန်တော-မိုးညို-တာပွန်-နတ္တလင်းလမ်းပေါ်ရှိ ငါးပြေမတံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### ❍ ကျောဖုံးမှ

ဝန်ကြီးချုပ် ဦးဝင်းသိန်းက ၂၀၁၆ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကြောင့် တာများကျိုးပေါက်ခဲ့ရပြီး ပြန်လည်ပြင်ဆင်မွမ်းမံပြီးစီးမှု၊ ပင်လယ်ဒီရေ တက်ရောက်နိုင်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် မိုးသီးနှံများပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအပေါ် မျိုးစပါးထောက်ပံ့ပေးအပ်မှု၊ သဘာဝဘေးအန္တရာယ် ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရေကြီးနစ်မြုပ်ခဲ့သည့် ငါးမွေးကန်များအား ငါးသားပေါက်များထောက်ပံ့မှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့မှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တွင် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်းပြီး သဘာဝ ဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အတွက် ခိုင်ခံ့လုံခြုံမှုရှိပြီး ကောင်းမွန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မိုးညိုမြို့နယ်အတွင်းရှိ မြစ်မခမြစ်အနောက်ဘက်ကမ်း မြစ်မခတာ တာပတ်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘုရားကြီးကုန်းခအောင်းပင်တာအား စက်ယန္တရားကြီးများနှင့် တာမြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေ အနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ရေဘေးကာကွယ်ရေးတာများ ပြုပြင် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒေသခံ ပြည်သူများက တင်ပြလာသည့် တာကြံ့ခိုင်မှုအတွက် လိုအပ်သည့်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးသည် နှစ်စဉ် ဧရာဝတီမြစ်ရေကြီးမြင့်မှုနှင့် ပဲခူးရိုးမ တောင်ကျရေများ စီးဆင်းမှု၊ မြစ်ရေလျှံမှုဖြစ်ပေါ်နေခြင်းတို့ကြောင့် ဒေသခံ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးသီးနှံ များ ပျက်စီးဆုံးရှုံးခြင်းမဖြစ်ပေါ်စေရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာတမံများတည်ဆောက်၊ တာပေါင်များမြှင့်တင်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးတွင် ရေဘေးကာကွယ်ရေးတာများ ပြုပြင်ခြင်းလုပ်ငန်း များကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် သုံးခု၊ ပြည်ခရိုင်တွင် သုံးခု၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် ၁၅ ခု၊ ပြည်ခရိုင်တွင် လေးခု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုရန်ပုံငွေဖြင့် သာယာဝတီခရိုင်တွင် နှစ်ခု တည်ဆောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် လက်ပံတန်း-ထိန်တော-မိုးညို-တာပွန်-နတ္တလင်း လမ်းပေါ်ရှိ ငါးပြေမတံတား ဆောက်လုပ်ပြီးစီးမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ လမ်းဦးစီးဌာနမှ တာဝန် ရှိသူက တံတားတည်ဆောက်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ငါးပြေမတံတားသည် တံတားအရှည်ပေ ၂၆၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိ နှစ်လွှာတစ်ထပ် ဘေလီတံတားအမျိုးအစားဖြစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သီးသန့်ရန်ပုံငွေဖြင့် တည်ဆောက်ကာ ဧရာဝတီမြစ်ရေ မြင့်တက် လာမှုကြောင့် ရေကြီးရေလျှံ ဖြစ်ပေါ်လာပါက ရေကိုပြန်လည် လျှော့ချသည့် ရေထွက်ပေါက် သုံးခုအနက်မှ ရေထွက်ပေါက်တစ်ခုအပေါ်တွင် တည်ဆောက် ထားခြင်းဖြစ်သည်။

**(သတင်းစဉ်)**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ တည်ဆောက်ရေး(၉)ရှင်းလင်းဆောင်၌ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားစဉ်။ (သတင်းစဉ်)

### ❂ မြန်မာ့လက်ရွေးစင်မှ

ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကိုသာ မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်ကစား မည်ဖြစ်ပြီး ကျန်နှစ်ပွဲကိုမူ စင်ကာပူနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ အဝေးကွင်း၌ သွားရောက်ကစားခြင်းမှာ အာရှဖလား ခြေစစ်ပွဲအား အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သောကြောင့် ခြေစမ်းပွဲကစားပြီး တိုက်ရိုက်သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ခြေစမ်းပွဲကစားမည့် အသင်းများအနက် ထိုင်းနှင့် ကမ္ဘောဒီးယားအသင်းတို့မှာ မြန်မာအသင်းနှင့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံခဲ့သည့်အသင်းများဖြစ်ပြီး စင်ကာပူအသင်းနှင့်မူ ပြီးခဲ့သည့်နှစ်က ခြေစမ်းပွဲနှင့် လေးနိုင်ငံဖိတ်ခေါ် ပြိုင်ပွဲတို့တွင် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် အုပ်စုတွင်းတွေ့ဆုံစဉ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင် ရခဲ့ပြီး ထိုင်းအသင်းကိုမူ ဆီမီးဖိုင်နယ်တွင် နှစ်ကျော့စလုံးရှုံးနိမ့်ခဲ့သည်။ ထို့ပြင် မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူအသင်းကို ၂၀၁၆ ခုနှစ်အတွင်း တွေ့ဆုံသည့်ပွဲများတွင် အနိုင်မရခဲ့ကြောင်း သိရသည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ဇွန် ၁၃ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် မကာအိုအသင်းနှင့် အာရှဖလားခြေစစ်ပွဲအတွက် ဗုဒ္ဓဟူးနေ့တွင် အပတ်စဉ်လေ့ကျင့်လျက်ရှိပြီး ဇွန်လဆန်းပိုင်းတွင် စခန်းဝင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် စင်ကာပူနှင့် ခြေစမ်းပွဲမတိုင်မီ ရန်ကုန်မြို့၌ တစ်ရက်သာ လေ့ကျင့်ခွင့်ရမည်ဖြစ်ပြီး ယင်းခြေစမ်းပွဲပြီးမှသာ စင်ကာပူနိုင်ငံ၌ ဆက်လက် နေထိုင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမ ကစား သမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။



ခြေစမ်းပွဲကစားမည့် မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် အာရှဖလားခြေစစ်ပွဲအဖွင့်ပွဲတွင် အိန္ဒိယအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ခြေစစ်ပွဲအောင်မြင်ရန် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းရယူနိုင်ရန် လိုအပ် နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

### ❖ ရှမ်းယူနိုက်တက်အသင်းမှ

တင်ဝင်းအောင်တို့ဖြင့် လူစုံပါဝင်ခဲ့ပြီး GFA အသင်းမှာလည်း နိုင်ငံခြားသား ကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့သည်။ အိမ်ကွင်း၌ ကစားရသည့် အပြင် လူစုံပါဝင်လာသော်လည်း ရှမ်းယူနိုက်တက်အသင်း၏ ခြေစွမ်းမှာ သာမန်သာရှိခဲ့သောကြောင့် GFA အသင်း အလွယ်တကူဖျက်ထုတ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရှိရန် စိုးမင်းဦး၊ နန်းမင်းအောင် တို့ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့သော်လည်း အဓိက ကစားသမားများဖြစ်သည့် ခရစ္စတိုဖာ၊ မက်ဆီမင်၊ ရန်နိုင်ဦးတို့ ခြေစွမ်းပြနိုင်ခြင်းမရှိသောကြောင့် ရှမ်းတိုက်စစ်အလုပ်မဖြစ်ခဲ့ပေ။ ၆၉ မိနစ်တွင် နန်းမင်းအောင်၊ ၇၁ မိနစ်တွင် ခရစ္စတိုဖာတို့ အပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နစ်နာခဲ့ရသည်။ ၇၉ မိနစ်တွင် GFA အသင်းခေါင်းဆောင် မိုင်းအိုက်နိုင် အပိုင်ကန်ခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့သောကြောင့် ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ရှုံးပွဲမကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း၏ သရေ ရလဒ်ကြောင့် ယနေ့ယှဉ်ပြိုင်ရမည့်ပွဲတွင် ရန်ကုန်အသင်းအနိုင်ရခဲ့ပါက ထိပ်ဆုံးတွင် ခြောက်မှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်မည်ဖြစ်သည်။

ပွဲစဉ်(၁၃) ဒုတိယနေ့ကို မေ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးနှင့် ဧရာဝတီ၊ အောင်ဆန်းကွင်း၌ ဇွဲကပင်နှင့် ရတနာပုံ၊ YUSC ကွင်း၌ ရန်ကုန်နှင့် ရခိုင်၊ မော်လမြိုင်ကွင်း၌ Southern နှင့် ချင်းယူနိုက်တက်၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်နှင့် ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# ဆိပ်ကမ်းရောက် အရင်းဈေးကျဆင်းနေသော စက်သုံးဆီ ရန်ကုန်ရောင်းဈေးကျဆင်းမှုနည်း



**ရန်ကုန် မေ ၁၃**

ပြည်ပမှတင်သွင်းလာသော စက်သုံးဆီ၏ ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းများ သိသာစွာကျဆင်းနေသော်လည်း ရန်ကုန်မြို့တွင်း ရောင်းဈေးများတစ်ပြေးညီ ကျဆင်းမလာဘဲ အနည်းငယ်သာဈေးကျသည်ဟု သင်္ဃန်းကျွန်းမြို့နယ်နေ အင်္ဂါးယာဉ်မောင်း ဦးတိုးက ဆိုသည်။

မေ ၁၀ ရက်တွင် အောက်တိန်း ၉၂ တစ်လီတာလျှင် ကျပ် ၇၁၀ နှုန်းရှိရာမှ မေ ၁၃ ရက်တွင် ကျပ် ၇၀၀ နှုန်း ဝယ်ယူခဲ့ရသည်ဟုဆိုသည်။

မေ ၂ ရက်မှ ၈ ရက်အတွင်း ပြည်ပမှတင်သွင်းလာသော စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှ အရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ကျပ် ၆၁၀၊ ဒီဇယ်တစ်လီတာ ၆၁၇ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၄၃ ကျပ်၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ၆၂၇ ကျပ် ဖြစ်ကြောင်း မေ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ရန်ကုန်ဈေးကွက်တွင် အောက်တိန်း ၉၂ တစ်လီတာ ၆၈၅-၇၀၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ကျပ် ၇၄၀-၇၅၀၊ ဒီဇယ်တစ်လီတာ ကျပ် ၆၉၀-၇၀၀၊ အဆင့်မြင့် ဒီဇယ်တစ်လီတာ ၆၉၅-၇၂၀ ကျပ်နှုန်းရှိသည်ဟု ဖော်ပြထားသည်။

ဧပြီ ၂၄ ရက်မှ ၂၈ ရက်အတွင်းတွင်မူ စက်သုံးဆီ တစ်လီတာအရင်းဈေးများမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၄၆ ကျပ်၊ ဒီဇယ် ၆၄၉ ကျပ်ရှိပြီး ရန်ကုန်ရောင်းဈေး တစ်လီတာ အောက်တိန်း ၉၂ တစ်လီတာ ကျပ် ၇၀၀-၇၂၀၊ ဒီဇယ် ၇၀၀-၇၀၅ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၄၅-၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၇၂၀-၇၂၅ ကျပ်နှုန်း အသီးသီးရှိသည်ဟု မေ ၃ ရက်ထုတ် သတင်းစာတွင် သိရသည်။

အထက်ဖော်ပြပါဈေးနှုန်းစာရင်းများနှင့် စက်သုံးဆီ ဝယ်ယူနေရသူများ၏ပြောပြချက်များအရ တစ်ပတ်အတွင်း အောက်တိန်း ၉၂ နှင့် ဒီဇယ်တစ်လီတာရောင်းဈေးမှာ ကျပ် ၁၀ သာ ဈေးကျလာသည်ဟုသိရသည်။ အောက်တိန်း ၉၅ တစ်လီတာ ငါးကျပ်၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ၂၅ ကျပ် ဈေးကျလာသည်။

တစ်ပတ်အတွင်း တစ်လီတာ ရန်ကုန်ရောင်းဈေး ကျပ် ၁၀ စီသာဈေးကျသောအောက်တိန်း ၉၂ တစ်လီတာ ပြည်ပမှတင်သွင်းသည့် ဆိပ်ကမ်းရောက်အရင်းဈေးမှာ ၃၆ ကျပ်၊ ဒီဇယ်မှာ ၃၂ ကျပ် ကျဆင်းသည်ဟုသိရသည်။

ပြည်ပမှ စက်သုံးဆီတင်သွင်း၍ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချခြင်းကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်ခွင့်ပြုထားသည်မှာ နှစ်အတန်ကြာလာသော်လည်း ဝယ်ယူသုံးစွဲနေသူများအနေဖြင့် ရောင်းဈေးအခြင်အတွယ် အရည်အသွေးတို့အပေါ် ကျေနပ်မှုအားနည်းပြီး မီဒီယာများပေါ်တွင် ယင်းစက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းအပေါ် အမြင်အမျိုးမျိုးဖြင့် ထုတ်ဖော်ပြောကြားမှုများ တွေ့ရသည်။

ဈေးကွက်စီးပွားရေးအစား လုပ်ငန်းလုပ်ကိုင်သူ အချင်းချင်း ဈေးနှုန်းထိန်းညှိလုပ်ဆောင်ခြင်းများနေသဖြင့် ပြည်ပရေနံဈေးအပါအဝင် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်ချိန် တစ်ပြေးညီ ပြည်တွင်းစက်သုံးဆီ ဈေးမြင့်တက်လေ့ရှိတတ်သည်။ ပြည်ပရေနံဈေးနှင့် ငွေလဲလှယ်နှုန်း ကျချိန်တွင်မူ တစ်ပြေးညီကျဆင်းခြင်းမရှိဘဲ အနည်းငယ်သာ ကျဆင်းတတ်သည်။ အကျိုးအမြတ်များစွာ ရရှိသဖြင့် အဝေးပြေးကားလမ်းများတွင် စက်သုံးဆီဆိုင်များစွာ ဖွင့်လှစ်ရောင်းချခြင်းကို တွေ့လာရသည်ဟု ပုသိမ်-ရန်ကုန်ခရီးစဉ်သွား ခြောက်ဘီးယာဉ်ပိုင်ရှင် ပုသိမ်မြို့မှ ကိုရဲဝင်းချိုက ဆိုသည်။

ဝယ်ယူသုံးစွဲသူအများစု ဝေဖန်ပြောကြားနေသော စက်သုံးဆီကဏ္ဍ ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်မည့် သတင်း တရားဝင်ထွက်ပေါ်လာရာ ယင်းသို့ပြည်ပမှ စက်သုံးဆီကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းရှိလာချိန်တွင် စက်သုံးဆီ ဝယ်ယူနေသူများအနေဖြင့် စက်သုံးဆီအရည်အသွေး ဈေးနှုန်းအခြင်အတွယ်တို့တွင် ယနေ့ကာလထက် ရွေးချယ်ဝယ်နိုင်သည့်အခွင့်အလမ်းများရရှိနိုင်မည်ဟု ဘုရင့်နောင်ပွဲရုံဝင်း ခရေလမ်းနေ ဦးအောင်မြင့်က သုံးသပ်ပြောဆိုသည်။

စက်သုံးဆီကဲ့သို့ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ ပြည်တွင်းရောင်းချနေသည့် ရန်ကုန်ဆီဈေးကွက်တွင် နေ့စဉ်ဆီဈေးနှုန်းဖွင့်သူများအနေဖြင့် ဆိပ်ကမ်းရောက် အရောင်းဈေးထက် လျှော့ဈေးဖွင့်သကဲ့သို့ ဈေးမြှင့်ဖွင့်ခြင်းများရှိတတ်ရာ ပြည်တွင်းစားအုန်းဆီ ရောင်းဈေးသည် ပြည်ပဈေး ဆိပ်ကမ်းရောက် အရင်းဈေးများထက် အရောင်းအဝယ်ပေါ်မူတည်နေရာ ဈေးနှုန်း ခန့်မှန်းရန်မလွယ်ကူကြောင်းဟု စားအုန်းဆီဝယ်ယူနေသူ ဦးနေလင်းကဆိုသည်။

မေ ၈ ရက်တွင် စားအုန်းဆီ FOB တစ်တန် ပြည်ပဈေး ၆၉၅ ဒေါ်လာ၊ ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၇၆၃ ကျပ်ရှိသော်လည်း ရန်ကုန်ဈေး ဆီထုတ်ယူခွင့်စာရွက် လက်ကားတစ်ပိဿာ ကျပ် ၁၈၂၀ ရှိသည်။

ဧပြီ ၂၆ ရက်တွင် FOB တစ်တန် ဒေါ်လာ ၆၉၀၊ အရင်းဈေး ၁၇၅၄ ကျပ်၊ ရန်ကုန်ဈေး ကျပ် ၁၇၃၀ သာရှိသည်ဟု နေ့စဉ် စားအုန်းဆီဈေးနှုန်းစာရင်းမှ သိရသည်။

**(မောင်စေအောင်)**

# ပြည်တွင်းသုံးစွဲရန်အတွက်သာ ဦးစားပေးရယူဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် တရုတ်သို့ သဘာဝဓာတ်ငွေ့တင်ပို့မှု လက်ရှိအချိန်အထိ ရပ်ဆိုင်းထားဆဲဟုဆို

**နေပြည်တော် မေ ၁၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများမှ သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးအတွက် ရယူသုံးစွဲလျက်ရှိရာ ပြည်တွင်းသုံးအဖြစ် တစ်နေ့လျှင် ကုဗပေသန်း ၁၀၀ နှုန်းခန့် သဘာဝဓာတ်ငွေ့ရယူသုံးစွဲလျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းများအနက် သက်တမ်းလေးနှစ်ရှိပြီဖြစ်သော ကမ်းလွန်ရွှေသဘာဝဓာတ်ငွေ့စီမံကိန်း၏ ရွှေပလက်ဖောင်းပေါ်၌ ဧပြီ ၁၆ ရက်က Electrical Technical Room ရှိ Emergency Power Bus Bar-B လောင်ကျွမ်းမှုကြောင့် Power Loss ဖြစ်ကာ Emergency Shutdown ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ပလက်ဖောင်းမှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ပို့လွှတ်မှုများရပ်ဆိုင်းခဲ့ရသည်။

သို့ရာတွင် ဧပြီ ၁၇ ရက်က ကမ်းလွန်ပလက်ဖောင်းပေါ်တွင် လိုအပ်သော ပြုပြင်စစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပြီး လုပ်ငန်းစဉ်များဆောင်ရွက်နေချိန်အတွင်း ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှုမထိခိုက်စေရန် ပိုက်လိုင်းအတွင်း ဖြည့်တင်းထားသော သဘာဝဓာတ်ငွေ့များဖြင့် ကုဗပေသန်း ၁၀၀ နှုန်း ဆက်လက်ဖြန့်ဖြူးပေးပို့ခဲ့သည်။ ဧပြီ ၁၈ ရက်မှစတင်ကာ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုရပ်ဆိုင်းခဲ့ပြီး ပိုက်လိုင်းအတွင်း ဖြည့်တင်းထားသော သဘာဝဓာတ်ငွေ့များအား ပြည်တွင်းသုံးစွဲရန်အတွက်သာ ဦးစားပေးရယူဖြန့်ဖြူးပေးခဲ့ခြင်းကြောင့် တရုတ်သို့တင်ပို့မှုကို လက်ရှိအချိန်အထိ ရပ်ဆိုင်းထားဆဲဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရသည်။

"ပုံမှန်အားဖြင့် သဘာဝဓာတ်ငွေ့ကုဗပေသန်း ၁၀၀ ရယူပြီး ပြည်တွင်းသုံးစွဲလျက်ရှိပါတယ်။ သန်း ၁၀၀ သုံးစွဲနေရာကနေ Shutdown ဖြစ်သွားတဲ့အခါမှာ ပိုက်လိုင်းအတွင်း ကျန်တဲ့သဘာဝဓာတ်ငွေ့တွေကိုပဲ ထုတ်ယူသုံးစွဲခဲ့ရပါတယ်။ ပုံမှန်သုံးစွဲနိုင်အောင် ဧပြီ ၁၆ ရက်ကစပြီး သန်း ၁၀၀ ကနေ ၅၀ အထိလျှော့သုံးခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ ဓာတ်ငွေ့တအားနည်းလာတဲ့အတွက်ကြောင့် ဆက်လက်သုံးစွဲဖို့အခက်အခဲတွေဖြစ်လာတဲ့အခါ ဧပြီ ၁၈ ရက်မှာတော့ သန်း ၅၀ ကနေ ၂၅ သန်းသာသုံးစွဲခဲ့ပါတယ်။ ဒါပေမယ့် မေ ၂ ရက်မှာတော့ လိုင်းပြန်မရှိတော့တဲ့အတွက် ဓာတ်ငွေ့သုံးစွဲမှုကို ရပ်ဆိုင်းခဲ့ရပါတယ်။ အဲဒီအတွက် အမြန်ဆုံးပြန်လည်ထုတ်ယူသုံးစွဲနိုင်ဖို့လည်း ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းစိန်က ပြောကြားသည်။

ပိုက်လိုင်းအတွင်းကျန်ရှိသော သဘာဝဓာတ်ငွေ့များအား ထုတ်ယူသုံးစွဲနိုင်သည့် ဖိအားအနေအထားအထိ ပြည်တွင်းသုံးအတွက်သာ ထုတ်ယူဖြန့်ဖြူးခဲ့ရာ မေ ၂ ရက်မှစတင်ကာ ပိုက်လိုင်းအတွင်းမှ သဘာဝဓာတ်ငွေ့ထုတ်ယူသုံးစွဲမှုအားရပ်ဆိုင်း၍ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ အမြန်ဆုံးထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ပြင်ဆင်မှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားဖြတ်တောက်မှုနည်းပါးစေရေးအတွက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(နိုင်လင်းကြည်)**

# ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၃**

နှစ်စဉ် ဧပြီ ၂၆ ရက်တွင် ကမ္ဘာတစ်ဝန်းမှ ပြည်သူများသည် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (World Intellectual Property Day) ကို ပုံစံအမျိုးမျိုးဖြင့် ကျင်းပကြသောကြောင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အခမ်းအနားကို မြန်မာနိုင်ငံ၌ နှစ်စဉ်ကျင်းပရန်စီစဉ်ထားကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောကြားသည်။

အဆိုပါ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အခမ်းအနားကို ကျင်းပရခြင်းရည်ရွယ်ချက်မှာ ပြည်သူများအနေဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာနှင့်စပ်လျဉ်းသော ဥပဒေများကျင့်သုံးရာတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများကို စနစ်တကျကျင့်သုံးလာစေရန်အတွက် အသိပညာပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျင်းပခြင်းအားဖြင့် လက်ရှိလုပ်ငန်းများလုပ်ကိုင်နေကြသောလုပ်ငန်းရှင်များ ရင်ဆိုင်နေရသည့် အခက်အခဲများအတွက် လွယ်ကူစေရန်ဖြစ်ကြောင်း၊ ကြုံတွေ့ရမည့်အခက်အခဲများကို လက်တွေ့အသုံးချတတ်စေရန်အတွက်ဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ရှင်းလင်းပြောကြားသည်။

"ဒီအသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေဆိုတာ မထွက်ပေါ်သေးဘူးဆိုပေမယ့် ဒီဥပဒေဟာ စည်းကမ်းဥပဒေမဟုတ်ပါဘူး။ ပြည်သူတွေအတွက် ကာကွယ်ပေးမယ့်ဥပဒေဖြစ်ပါတယ်။ ဒီအသိဉာဏ်ပစ္စည်းနဲ့ဆိုင်တဲ့ဥပဒေတွေကို ပြည်သူတွေနားလည်မယ်ဆိုရင် အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါကို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး နေမယ်ဆိုရင် ကိုယ့်အတွက် အခွင့်အရေး၊ ရပိုင်ခွင့်တွေ ဆုံးရှုံးစေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကိုလေ့လာပြီး လေးစားစွာလိုက်နာသင့်တယ်။ ပေါ့ပေါ့တန်တန် မယူဆစေချင်ပါဘူး"ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့် ဧပြီ ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၅ နာရီထိကျင်းပခဲ့သော ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့အခမ်းအနား၌ "ဘဝများကိုမြှင့်တင်ဖို့ ဆန်းသစ်တီထွင်ကြပါစို့"ဟူသည့်ခေါင်းစဉ်ကို မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ စာပေနှင့် အနုပညာရှင်များ၏ ဖန်တီးမှုပစ္စည်းများ၊ နည်းပညာရှင်များ၏ ဆန်းသစ်တီထွင်မှုများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်အမှတ်တံဆိပ်များ၊ စက်မှုနည်းပညာရှင်များ၏ စက်မှုဆိုင်ရာဒီဇိုင်းများစသည်တို့၏ လုံခြုံစိတ်ချရမှုနှင့် အသိဉာဏ်ပစ္စည်းဥပဒေများ၊ နည်းဥပဒေများ အချိန်မီအခိုင်အမာ ပေါ်ပေါက်လာရေးတို့အတွက် အရိုး(တေးရေး၊ တေးဆို)၊ ကိုမျိုးဇော် (Satori Film Production)၊ ဦးဉာဏ်ဝင်း(ရွှေမှီပရိဘောဂ)၊ Moderator ဦးမိုးမင်းသူ (ROUSE MYANMAR)၊ ဒေါက်တာမင်းထက်(မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း)နှင့် ဦးငွေထွန်း (Genius Shan Highlands Coffee) တို့က Improving Lives ခေါင်းစဉ်ဖြင့် Panel Discussion အစီအစဉ်များပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် အဆိုပါအခမ်းအနား၌ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ တည်ထောင်သူနှင့် နာယကဖြစ်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးအေးလွင်နှင့် အသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြကာ World IP Day/Director General WIPO ၏သဝဏ်လွှာကို အသင်း၏ဘဏ္ဍာရေးမှူး ဦးခင်မောင်ချိုက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုနှင့် စစ်သမိုင်းပြတိုက်သို့ ချင်းပြည်နယ် တွန်းဇံမြို့ရှိ ကျောင်းသား ကျောင်းသူများ ဒေသန္တရလေ့လာရေးခရီးရောက်ရှိ

**နေပြည်တော် မေ ၁၃**

အရဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်း၏ ပံ့ပိုးမှုဖြင့် တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် နွေရာသီ ဒေသန္တရဗဟုသုတလေ့လာရေး ခရီးစဉ်အဖြစ် မေ ၈ ရက်တွင် တွန်းဇံမြို့မှ ထွက်ခွာရာ နေပြည်တော်သို့ မေ ၁၁ ရက် ညနေပိုင်းတွင် ရောက်ရှိပြီး ရေပန်းဥယျာဉ်သို့လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထုတ်လွှင့်စက်ရုံနှင့် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ရန်ကုန်မြို့၊ ပုသိမ်(ချောင်းသာ)၊ မန္တလေး (ပုဂံ၊ ပုပ္ပား)ဒေသများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါ လေ့လာရေးခရီးစဉ်ကို တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဦးဇွမ်းဆွင်းပေါင်ဦးဆောင်၍ ဆရာ ဆရာမ သုံးဦး၊ ကျောင်းသား ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၁၆ ဦးပါဝင်ပြီး မြို့ကြီးများရှိ ဗဟုသုတရှာမှီးဖွယ် ရာဒေသများနှင့် အပန်းဖြေနေရာများသို့ ၁၃ ရက်ကြာ လည်ပတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ညီညီသန်း(နေပြည်တော်)**

■

# အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်



**နေပြည်တော် မေ ၁၃**

ပြည်သူ့အကျိုးပြု အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အရာထမ်းများအနေဖြင့် အရည်အချင်း ပိုမိုပြည့်ဝစွာ တတ်ကျွမ်းနားလည်စေရန် သင်ကြားပို့ချပေးမည့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ရုံးအမှတ်(၁၆)၌ ကျင်းပသည်။ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းတက်ရောက်မည့် အရာထမ်းလောင်းများအနေဖြင့် အသေးစားစက်မှု လက်မှုလုပ်ငန်းများ၊ ရက်ကန်းလုပ်ငန်းများ၊ ပန်း ၁၀ မျိုး အပါအဝင် ရိုးရာလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် မျှော်မှန်းချက်များ၊ ဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ် တာဝန်များသာမက မိမိတို့ ဝန်ကြီးဌာန၏မူဝါဒ၊ လုပ်ငန်းစဉ်များကိုလည်း ကောင်းစွာသိရှိနားလည်ရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် အားလျော်စွာ အသေးစားစက်မှု လက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် များစွာအရေးပါပြီး နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်းနှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးခြင်း၊ ငွေကြေးအရင်းအနှီးရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဈေးကွက်ဖော်ဆောင်ပေးခြင်းအပြင် အခြားသော နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ် ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းတွင် စုစုပေါင်း အရာထမ်း ၄၀ တို့အား ဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို နှစ်လကြာ သင်ကြားပို့ချပေးမည်ဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ထုတ်လုပ်သော သံထည်၊ သစ်အချောထည်နှင့် ဝါး၊ ကြိမ် လက်မှုထည်များကိုလည်းကောင်း၊ တွင်ခုံ၊ ဖောက်ခုံနှင့် လက်တွေ့သင်တန်းဆောင်များကို လည်းကောင်း၊ သုတေသနခန်းမဆောင်တို့ကိုလည်းကောင်း ကြည့်ရှုကာ ဝန်ထမ်းများကို အားပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့ပဲကြီးဈေး ဝယ်လက်များ၍ မကြုံစဖူး အမြင့်ဆုံးဈေးသို့ ထိုးတက်

**မန္တလေး မေ ၁၃**

မြန်မာ့ပဲကြီး(Lab Lab Bean) ဈေးများ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က အပြိုင်ဝယ်ယူလာမှုကြောင့် ယခုရက်ပိုင်းအတွင်း မကြုံစဖူး အမြင့်ဆုံးဈေးသို့ ထိုးတက်သွားကြောင်း မန္တလေး ပဲဈေးကွက်မှ သိရသည်။

အဆိုပါ ပဲအမျိုးအစားမှာ ယခင်နှစ်များက အမြင့်ဆုံးဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်တစ်သိန်းဈေးအထိသာ ရောက်ရှိခဲ့ဖူးသော်လည်း ယခုနှစ် ပေါ်ကာစ ဖေဖော်ဝါရီလဆန်းက အဖွင့်ဈေးမှာ ကိုးသောင်းဈေးဖြင့် စဖွင့်ခဲ့ပြီး သင်္ကြန်ပြီးကာလတွင် တစ်သိန်းတစ်သောင်းအထိ မြင့်တက်လာကာ ယခု မေ ၁၂ ရက်တွင် တစ်သိန်း လေးသောင်းအထိ မကြုံစဖူး ထိုးတက်သွားကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။



"ဒီနှစ်ပဲကြီးရာသီမှာ အထွက်ကလည်း အလွန်နည်းတဲ့အပြင် ဝယ်လက်ကလည်းများနေတော့ ပဲကြီးဈေးလောကမှာ မကြုံဖူးတဲ့ဈေးကို ရောက်သွားတယ်။ ဒီလိုအခြေအနေမှာ ဆက်ပြီး တက်နိုင်သေးတယ်။ ပြည်တွင်းမှာလည်း ပဲကြီးဈေးကောင်းတော့ လှော်မယ့်ဖိုတွေက အစားထိုးပဲတွေဖြစ်တဲ့ ပဲကျား၊ ပဲဇီးကွက်၊ ပဲလိပ်ပြာတွေကိုပဲ အများဆုံး လှော်ရောင်းနေကြတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့ပဲကြီးကို မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဆောင်းသီးနှံအဖြစ် အများဆုံး စိုက်ပျိုးကြပြီး ဖေဖော်ဝါရီလတွင် စတင်ထွက်ပေါ်လေ့ရှိသည်။

လက်ရှိပဲဈေးကွက်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ကျပ်ငါးသောင်းခြောက်ထောင်အထိ ကျဆင်းနေခဲ့သည့် ပဲစင်းငုံဈေးနှုန်းများမှာ ယခုရက်ပိုင်းအတွင်း ပြန်လည်ဦးမော့လာခဲ့ပြီး မေ ၁၂ ရက်တွင် ခြောက်သောင်းနှစ်ထောင်အထိ ရောက်ရှိလာခဲ့သည့်အတွက် သိုလှောင်သမားများ ပြန်လည် အာရုံစိုက်မှုဖြစ်ပေါ်လာကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဆီဆိုင်-လွယ်ထွဲ-ထီရီးကျောက်ချောလမ်းနှင့် ကျောင်းလွယ်-ပါပန့်-ထမ်းဘုရားကျောက်ချောလမ်းဖွင့်

**တောင်ကြီး မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆီဆိုင်-လွယ်ထွဲ-ထီရီး ကျောက်ချောလမ်း (၄/၀)မိုင် ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ ဟိုပုံးမြို့နယ် ကျောင်းလွယ်-ပါပန့်-ထမ်းဘုရားကျောက်ချောလမ်း (၃/၀)မိုင် ဖွင့်ပွဲအခမ်းအနားကို ညနေပိုင်းတွင်လည်းကောင်း အဆိုပါလမ်းများ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးအောင်ဖုန်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများသည် ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်အစိုးရ ရန်ပုံငွေစုစုပေါင်း ခွင့်ပြုငွေကျပ် ၅၂၇၉ ဒသမ ၆၂၈ သန်းဖြင့် လမ်း၊ တံတား၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ သာသနာရေးစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်ခဲ့သည့် ဆီဆိုင်မြို့နယ် ဆီဆိုင်-လွယ်ထွဲ-ထီရီး ကျောက်ချောလမ်း(၄/၀)မိုင် ခင်းခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃၆ ဒသမ ၄၈၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆီဆိုင်-လွယ်ထွဲ-ထီရီး ကျောက်ချောလမ်း (၄/၀)မိုင် ပြီးမြောက်ခဲ့သည့်အတွက် ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာ ၁၇ ရွာ၊ အိမ်ထောင်စု ၁၉၉၇ စုမှ လူဦးရေ ၁၀၃၅၄ ဦးတို့အားလည်းကောင်း၊ ဟိုပုံးမြို့နယ် ကျောင်းလွယ်-ပါပန့်-ထမ်းဘုရား ကျောက်ချောလမ်း (၃/၀)မိုင် ပြီးမြောက်ခဲ့သည့်အတွက် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၇၂ ရွာ၊ အိမ်ထောင်စု ၇၈၃၅ စုမှ လူဦးရေ ၃၁၃၄၅ ဦးတို့၏ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သဖြင့် ဒေသခံပြည်သူများက အထူးဝမ်းမြောက်ပျော်ရွှင်လျက်ရှိသည်။

ဟိုပုံးမြို့နယ် ကျောင်းလွယ်-ပါပန့်-ထမ်းဘုရား ကျောက်ချောလမ်း(၃/၀)မိုင် ခင်းခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၅၀ ဒသမ ၃၃၅ သန်းဖြင့် လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် ကတ္တရာ ၅၁ တန် ထောက်ပံ့ပေးခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ နွေစပါးစံကွက်ရိတ်သိမ်း

**ဒိုက်ဦး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ ဦးဇော်လွင်ပိုင်ကွင်းအမှတ် (၄၂၆က)တွင် မေ ၉ ရက် နံနက်ပိုင်းက နွေစပါး SRI စံပြစိုက်ကွင်း၌ နွေစပါးစံကွက်ရိတ်သိမ်းရာ ဒိုက်ဦးမြို့နယ် တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသောင်းကြိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ စိုက်ပျိုးရေး စိတ်ဝင်စားသူများ တက်ရောက်ကြသည်။



အဆိုပါ နွေစပါး SRI စံပြစိုက်ကွင်း ရိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တစ်ဧကအထွက်နှုန်း (ရတနာတိုးမျိုးစပါး) အခြောက် ၁၃၅ တင်း ထွက်ရှိကြောင်း၊ SRI စိုက်ပျိုးနည်းစနစ်များအား ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က စိုက်ပျိုးနည်းစနစ်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး တောင်သူများ သိလိုသမျှမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# ရွှေထီးတော်သစ် ၁၁ ဆူ ထီးတော်တင်လှူပွဲကျင်းပ

**မော်လမြိုင် မေ ၁၃**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြို တောင်ဝိုင်းရပ် မော်လမြိုင်တက္ကသိုလ်နှင့် လေဆိပ်အနီးရှိ ဗုဒ္ဓဝင်ဘုရားအတွင်း တောင်ညိုတောင်တန်းပေါ်တွင် အသစ်တည်ထားကိုးကွယ်လျက်ရှိသော မာန်ငါးပါးအောင်တော်မူငါးဆူ၊ မဟာအောင်မြေသိဒ္ဓိလေးဆူ၊ ဝဋ်ကြွေးတော်ပြေစေတီတစ်ဆူ၊ အကျွတ်အလွတ်စေတီတစ်ဆူ စုစုပေါင်း ၁၁ ဆူတို့အား ဘုရားပရိဝုဏ်အတွင်း မေ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပန်းရထားဖြင့် စည်ကားသိုက်မြိုက်စွာ ရွှေထီးတော်တင်လှူ ပူဇော်ခဲ့သည်။



ရှေးဦးစွာ မွန်ပြည်နယ်သုမ္မဂိုဏ်းလုံးဆိုင်ရာဂိုဏ်းချုပ်၊ ဩဝါဒါစရိယ ဥက္ကဋ္ဌ ကုသိနာရုံဗုဒ္ဓဝင်နာယကဆရာတော် ဘဒ္ဒန္တအာစရထံမှရှစ်ပါး သီလ ခံယူဆောက်တည်ကြသည်။

အဆိုပါ ပရိဝုဏ်အတွင်းရှိ သမိုင်းဝင်စေတီတော် ၂၅ ဆူအား စေတီအသစ်တည်ပြီး ရွှေထီးတော်တင် မင်္ဂလာအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးဖြစ်သည်။

ယင်းစေတီတော် အသစ်များကို မတည်အလှူရှင် တောင်ညိုတောင်တန်းသာသနိက ကြီးကြပ်မှုကော်မတီအဖွဲ့ ဘဏ္ဍာရေးမှူး မွန်ပြည်နယ် ရဲတပ်ဖွဲ့ ရဲအုပ်ကျော်မင်းထွန်း မိသားစုအလှူရှင်များ၊ စေတနာရှင်များက စုပေါင်းတည်ထားခဲ့ကြသည်။

ရွှေထီးတော်တင်လှူ ပူဇော်ပွဲတွင် စိန်မင်းအောင် မင်္ဂလာဆိုင်းအဖွဲ့နှင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ပြိုင်ပွဲဝင် ပထမဆုရ ခလယ်တံခွန်တိုင်ဒိုးယိမ်းလူငယ်အဖွဲ့က ဘုရားပရိဝုဏ်ရင်ပြင်တွင် ကပြဖျော်ဖြေကြသည်။

ဆက်လက်အသစ်တည်ဆောက်ဆဲ သမိုင်းဝင်စေတီတော်သစ်ငါးဆူအား မေလ စတုတ္ထအပတ်တွင်ပြီးစီးမည်ဖြစ်ရာ လှည့်လည်အပူဇော်ခံပြီး ထီးတော်သစ်တင်လှူမင်္ဂလာပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၃၀၇)

# ဒုတိယအကြိမ် အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကျင်းပ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ဒုတိယအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ သီလခံယူဆောက်တည်ခြင်း၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သော ပရိတ်တရားတော်များကိုနာယူခြင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သာသနာရေးဆိုင်ရာများလျှောက်ထားခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း၊ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိသံပြိုင်သုံးခေါက်ရွတ်ဆို၍ အလှည့်ကျဘာဏကဆရာတော်က ဆက်လက်ရွတ်ဖတ်ပူဇော်ကြကြောင်း သိရသည်။

(ငွေးကြိုင်)

# လူထုဗဟိုပြုစီမံကိန်းဖော်ရာတွင် လိုအပ်ချက်များရှိသည်ဟုဆိုကာ မကျေနပ်ချက် ဖော်ထုတ်မှုများရှိခဲ့ရာ ၇၂၆၁ ခုကို ပြန်လည်ဖြေရှင်းပေးခဲ့ပြီးဖြစ်

**မုံရွာ မေ ၁၃**

လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုကသာလျှင် အကောင်အထည်ဖော်၍ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နေသော်လည်း စီမံကိန်းလိုအပ်ချက်များရှိနေသည်ဟုဆိုကာ မကျေနပ်ချက်များ ဖော်ထုတ်မှုများရှိခဲ့ရာ ၇၂၆၁ ခုကို ပြန်လည်ဖြေရှင်းပေးခဲ့ပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က မေ ၉ ရက်က မုံရွာမြို့တွင် ပြုလုပ်သော မြို့နယ်ရွေးချယ်ရေးအကြံဉာဏ်ရယူခြင်း အခမ်းအနားတွင် ပြောကြားသည်။

“ငွေကြေးစီမံခန့်ခွဲမှုစတဲ့ ဘဏ္ဍာငွေသုံးစွဲတဲ့စနစ်ကို ပြည်သူလူထုကသာစီမံခန့်ခွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကစပြီး နိုင်ငံတော်ဘတ်ဂျက်က အမေရိကန်ဒေါ်လာ ၅ သန်းနဲ့ညီတဲ့ ကျပ် ၆၄၂၅ သန်း ထည့်ဝင်သလို အခုနှစ်မှာလည်း ကျပ် ၅၉၂၅ သန်း ထပ်မံထည့်ဝင်ခဲ့ပါတယ်။ စီမံကိန်းရဲ့အကျိုးရလဒ်တွေအနေနဲ့ စတုတ္ထနှစ်စက်ဝန်းအထိ ၄၇ မြို့နယ်မှာရှိတဲ့ ကျေးရွာအုပ်စု ၁၃၉၄ စုကျေးရွာ ၈၆၄၃ ရွာမှာ အခြေခံအဆောက်အအုံအမျိုးအစားပေါင်း ၇၀၃၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်တာနဲ့အတူ စီမံကိန်းမှာ အခြားထည့်သွင်းဆောင်ရွက်မှုတွေအနေနဲ့ လူမှုကာကွယ်ဆောင်ရွက်တာနဲ့ ရေလှူဒါန်းမှုဟာ ၁၀၂၇ ခုရှိပါတယ်။ ဒီနေရာမှာဘယ်လောက်ပဲကောင်းအောင် ဆောင်ရွက်နေတဲ့စီမံကိန်းဖြစ်ပါစေလိုအပ်ချက်တွေရှိတဲ့အတွက် မကျေနပ်ချက်တွေ ဖော်ထုတ်ရာမှာ ၇၂၆၁ ခုကို ဖြေရှင်းပေးခဲ့ပြီးဖြစ်ပါတယ်”ဟု အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်က ပြောကြားသည်။

စွမ်းဆောင်ရည်မြင့်တင်ခြင်း အရှိန်အဟုန်တိုးတက်လာစေရန်ရည်ရွယ်ကာ ပြည်သူသိရှိစေရန် စီမံကိန်း၏ အဓိကထားသော အချက်အလက်များကိုတိုင်းရင်းသားဘာသာခုနစ်မျိုးဖြင့် ဘာသာပြန်ဆိုဖြန့်ဝေခြင်းများကိုတစ်ပြိုင်တည်း ထည့်သွင်းဆောင်ရွက်နေသလို သဘာဝပတ်ဝန်းကျင် အကာအကွယ်ဆောင်ရွက်ပုံနှင့် အကာအကွယ်အစီအမံများကိုပါ စီမံကိန်းတွင်ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။ လူထုဗဟိုပြုစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် လက်ရှိတွင် ပင်လည်ဘူး၊ ဗန်းမောက်နှင့် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၄၇ စု၏ ကျေးရွာပေါင်း ၅၆၆ ရွာတွင်အခြေခံအဆောက်အအုံအမျိုးအစား ၁၀၂၄ ခုကို ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

လူထုဗဟိုပြုစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကို နိုင်ငံတော်၏ ထည့်ဝင်ငွေများ ကမ္ဘာ့ဘဏ်နှင့် အီတလီအစိုးရတို့၏ရန်ပုံငွေများ စုစုပေါင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၅၃၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်းကာလကို ၂၀၂၁ ခုနှစ် နှစ်ဝင်ဘာလအထိ လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)



# မြောက်ဦးမြို့နယ် ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

**မြောက်ဦး မေ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်း ရွာဟောင်းတောကျေးရွာအုပ်စု ကြာရှည်ကျေးရွာနှင့် ဆင်အိုးကျေးရွာအုပ်စု ချောင်းသစ်ကျေးရွာတို့တွင် မေ ၁၂ ရက် ည ၇ နာရီအချိန်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များ အမိုးလန်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်နှင့် တာဝန်ရှိသူများ၊ မြောက်ဦးခရိုင်မီးသတ်တပ်ဖွဲ့မှ ခရိုင်မှူးဦးငွေးလွင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်းဦးစီးသော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ ဦး၊ မီးသတ်ယာဉ်တစ်စီး၊ မြို့စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က သွားရောက်၍ နေအိမ်အပျက်အစီးများ ရှင်းလင်းခြင်း၊ အမိုးလန်နေအိမ်များအား ကူညီမိုးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် ကြာရှည်ကျေးရွာတွင် အမိုးလန်နေအိမ်လေးလုံး၊ လုံးဝပြိုပျက်နေအိမ်တစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ဆောင်၊ ဆင်အိုးကျေးရွာအုပ်စု ချောင်းသစ်ကျေးရွာတွင် လုံးဝအမိုးလန် နေအိမ်နှစ်လုံး၊ လုံးဝပြိုပျက် နေအိမ်တစ်လုံး၊ ရော်မနီကျေးရွာတွင် ကယ်ဆယ်ရေးနေအိမ်သုံးလုံး အမိုးလန်ပျက်စီးဆုံးရှုံးခဲ့သည်။ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့် အိမ်ထောင်စု ၁၆ စုမှ အမျိုးသား ၂၃ ဦး၊ အမျိုးသမီး ၂၇ ဦး ပေါင်း ၅၀ ဦးတို့အား နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ယာယီနေရာချထားလျက်ရှိပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လေဘေးသင့် အိမ်ထောင်စုများအတွက် တာပေါ်လင် ၂၇ ချပ်နှင့် ကြိုးခွေ ၅၄ ခွေတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး အမိုးလန်နေအိမ်များအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

# ချောင်းဆုံမြို့နယ် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ပြန်လည်ဖွဲ့စည်း

**ချောင်းဆုံ မေ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် စီမံကိန်းကာလ သုံးနှစ်ပြည့်ပြီးသော အဘစ်-နှီးမုတ်ကျေးရွာနှင့် မုနိုင်းကျေးရွာတို့၏ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီ ပြန်လည်ရွေးချယ်ပွဲကို မေ ၆ ရက်ကပြုလုပ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်မြစိမ်းရောင်အကောင်အထည်ဖော်ရေးကော်မတီ၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ တက်ရောက်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၀၁၆၆၇၀၁၊ ၀၉၄၂၀၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children

World Vision



# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၀၃ စီး၊ သွင်းကုန် ၄၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၈၃ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၂ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်း တန်ဖိုးကျပ် လေးသန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၁၉ ဒသမ ၃၇၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၃ ဒသမ ၃၇၇ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မေ ၁၂ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Mitsubishi Fuso မှန်လုံယာဉ်ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီး စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Polidine Solution 10% (70×12×15 CC) 48 Pkgs၊ AZOCRON တံဆိပ် ပေါင်းသတ်ဆေး (500ml×12) 60 Pkgsနှင့် သယ်ဆောင်သည့်ယာဉ် တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၁၇ ဒသမ ၆၃၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# မိုဘိုင်းဖုန်း အလုံး ၅၀၀၀ ကျော်အပါအဝင် အကောက်ခွန်မဲ့ပစ္စည်းများ သိမ်းဆည်းရရှိခဲ့မှု မေ ၁ ရက်မှ ၁၁ ရက်အတွင်း ကျပ်သန်း ၁၀၀၀ကျော်ရှိ

**ရန်ကုန် မေ ၁၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်မဲ့ပစ္စည်းများကို တားဆီးစစ်ဆေးအရေးယူလျက်ရှိရာ ၂၀၁၇ ခုနှစ် မေ ၁ ရက်မှ ၁၁ ရက် အတွင်း မိုဘိုင်းဖုန်းအလုံး ၅၀၀၀ ကျော်အပါအဝင် အကောက်ခွန်မဲ့ ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ်သန်း ၁၀၀၀ ကျော် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနမှ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၊ ဆိပ်ကမ်းများ၊ အထူးကင်း၊ ရေပူစစ်ဆေးရေးစခန်းနှင့် အကောက်ခွန်နယ်မြေဒေသအသီးသီး တို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထားတစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်း များကို စစ်ဆေးအရေးယူမှု ပြုလုပ်လျက်ရှိရာ မေ ၁ ရက်မှ ၁၁ ရက်အတွင်း တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်း ခန့်မှန်းတန်ဖိုး ကျပ် ၁၀၆၇ ဒသမ ၅၇၂၀ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

ယင်းသို့ တားဆီးသိမ်းဆည်းမိခဲ့မှု များတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်က တားဆီးမှုတစ်မှု (ခန့်မှန်း တန်ဖိုးကျပ် ၁ ဒသမ ၁ သန်းခန့်)၊ ရန်ကုန်ဆိပ်ကမ်းက တားဆီးမှု လေး မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၃၃ ဒသမ ၀၇၃၈ သန်းခန့်)၊ မန္တလေးတိုင်း ဒေသကြီး အကောက်ခွန်ဦးစီးဌာန မှူးရုံးက တားဆီးမှု ၁၇ မှု (ခန့်မှန်း တန်ဖိုးကျပ် ၁၁၀ ဒသမ ၃၁၁၈ သန်း ခန့်)၊ ရေပူစစ်ဆေးရေးစခန်းက တားဆီးမှု ၃၅ မှု (ခန့်မှန်းတန်ဖိုးကျပ် ၃၁၀ ဒသမ ၀၇၅၆ သန်းခန့်)၊ မရမ်းချောင်စစ်ဆေးရေးစခန်းက တားဆီးမှု ၅၂ မှု (ခန့်မှန်းတန်ဖိုးကျပ် ၂၉၂ ဒသမ ၇၅၄၈ သန်းခန့်)၊ မူဆယ် မြို့နယ် အကောက်ခွန်ဦးစီးဌာမှူးရုံးက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုး ကျပ် ၃၁ ဒသမ ၈၅၆ သန်းခန့်)၊ မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာန မှူးရုံးက တားဆီးမှု ရှစ်မှု (ခန့်မှန်း တန်ဖိုးကျပ် ၈၈ ဒသမ ၄၀ သန်းခန့်)၊ စုစုပေါင်း ၁၂၃ မှု(ခန့်မှန်းတန်ဖိုးကျပ် ၁၀၆၇ ဒသမ ၅၇၂၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

အဆိုပါ သိမ်းဆည်းမှုများအနက် ထူးခြားသိမ်းဆည်းမှုအနေဖြင့် မူဆယ် မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် Express ခရီးသည်တင်ယာဉ် နှစ်စီး အား ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်း များနှင့်အတူရောနှော၍ သို၀ှက် သယ်ဆောင်လာသော Huawei (2305) Nos, MI4X(420)Nos, ABC Gold Sun(935)Nos, OSE Phone & Tablet(665) Nos, DOK phone(30)Nos, OPPO(50) Nos ESifh KENBO(1076)Nos စုစုပေါင်း ၅၄၈၁ လုံး၊ (ခန့်မှန်းတန်ဖိုး ကျပ် ၁၅၃ ဒသမ ၇ သန်းခန့်) သိမ်းဆည်းမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။ **(၀၀၁)**

# မှန်လုံယာဉ်ကိုလေးခွဖြင့်ပစ်ခတ်သူ အချိန်တိုအတွင်းဖမ်းဆီးရမိ

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-ဇာသပြင်အဖြောင့်လမ်း သုံး မြောင့်လမ်းဆုံအနီး ဘုရားဖူးပြန်လာ သည့် မှန်လုံယာဉ်ကို လေးခွဖြင့် ပစ်ခတ်သူအား ဘားအံမြို့မရဲစခန်းက အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲခန့်က ဘားအံ-ဇာသပြင် အဖြောင့်လမ်းအတိုင်း ယာဉ်မောင်း မြင့်ဇော် (၄၀)နှစ် ဇီးကုန်းကျေးရွာ ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်း ဒေသကြီးနေသူ မောင်းနှင်လာသော Hello Travels မှန်လုံယာဉ်သည် သံလွင်တံတား သုံးမြောင့်လမ်းဆုံအနီး အရောက် ယာဉ်အား နောက်မှ အရာဝတ္ထုတစ်ခုခုဖြင့် ပစ်ခတ်ခြင်း ခံရသည်ကိုသိရ၍ ယာဉ်ကို ရပ်တန့်ပြီး ဆင်းကြည့်စဉ် ပစ်ခတ်သူ မှာ ဆိုင်ကယ်ဖြင့်မောင်းနှင်ထွက်ပြေး သွားသည်။ မော်တော်ယာဉ်မှာ နောက်ပိတ်မှန်ကွဲကြေသွားသဖြင့် ဘားအံမြို့မရဲစခန်းသို့ တရားလို



ပြုလုပ် တိုင်တန်းခဲ့ရာ ဘားအံမြို့မ ရဲစခန်းက (ပ)၇၁၉/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉-က/ ၁၄၄ ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ဘားအံမြို့မရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်ကိုသည် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော် ဦးစီးသည့် နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး အခင်းဖြစ်နေရာ ဝန်းကျင်တစ်လျှောက် စုံစမ်းရာ ပြစ်မှုကျူးလွန်ထွက်ပြေးသွားသူမှာ ဘားအံမြို့နယ် ကော့လှိုက်ကျေးရွာ အုပ်စု ကော့လှိုက်ကျွန်းကျေးရွာနေ ခွန်အေးမြင့်ဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက် ခဲ့ရာ ည ၈ နာရီခွဲခန့်တွင် ပြစ်မှု ကျူးလွန်သူ ခွန်အေးမြင့် (၂၀)နှစ် အား ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လေးခွကို သက်သေများရှေ့တွင် သိမ်းဆည်းကာ ဆက်လက်စစ်ဆေး လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မိုးညှင်းမြို့ ထန်းတပင်မူကြိုကျောင်းအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မိုးညှင်း မေ ၁၃**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ထန်းတပင် မူလတန်းကြိုကျောင်း အဆောက်အအုံအတွင်း၌ မူးယစ် ဆေးဝါးလက်ဝယ်ထားရှိသူ သုံးဦး ကို မူးယစ်ဆေးဝါးထည့်ထားသော ကော်ဘူး ၁၁ဘူးတို့နှင့်အတူ ဖမ်းဆီး ရမိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၀ ရက် နံနက် ၁၁ နာရီ ၃၅မိနစ်ခန့်တွင် မိုးညှင်း မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ထန်းတပင်မူလတန်းကြို ကျောင်းပတ်ဝန်းကျင်နှင့် အဆောက် အအုံအတွင်း ဝင်ရောက်ရှာဖွေကြရာ ကိုလင်း၊ ထွန်းမောင်၊ ကျော်မိုးအေး တို့ကိုတွေ့ရှိခဲ့ပြီး ကိုလင်းအား စစ်ဆေးရှာဖွေရာ ၎င်း၏ ယာဘက် လက်အတွင်း ကိုင်ဆောင်ထားသော အိတ်အတွင်းမှ ကော်ဘူးအတွင်းမှ ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်စီပါ သုံး ဘူး (စုစုပေါင်းအလေးချိန် ၀ ဒသမ ၉ ဂရမ်)အား လည်ကောင်း၊ ထွန်းမောင် လွယ်ထားသည့် လွယ်အိတ်ရှိ ကော်ဘူးအတွင်းမှ ဘိန်းဖြူဟု ယူဆရသော ဖြူ /ဝါမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်စီ ပါ သုံးဘူးနှင့် ၀ ဒသမ ၂ ဂရမ်ပါ တစ်ဘူး (စုစုပေါင်း ၁ ဒသမ ၁ ဂရမ်) အားလည်ကောင်း၊ မိုးအေး ဝတ်ဆင် ထားသော ဘောင်းဘီတို၏ ဝဲဘက် အိတ်ရှိ ကော်ဘူးအတွင်းမှ ဘိန်းဖြူဟု ယူဆရသော ဖြူ/ဝါမှုန့် အလေးချိန် ၀ ဒသမ ၃ ဂရမ်စီပါ လေးဘူး (စုစုပေါင်းအလေးချိန် ၁ ဒသမ ၂ ဂရမ်)အား ရှာဖွေတွေ့ရှိ ခဲ့သည်။

ကိုလင်း(၄၃)နှစ်၊ ကျော်မိုးအေး (၄၂)နှစ်၊ ထွန်းမောင် (၁၈)နှစ်တို့အား မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၅၈)**

# တောင်ငူမြို့အဝင်တွင် ၁၂ ဘီးကုန်တင်ယာဉ် တံတားအားတိုက်မိပြီး အရှိန်လွန်တိမ်းမှောက်



**တောင်ငူ မေ ၁၃**

တောင်ငူမြို့မြောက်ဘက်အဝင် ရန်ကုန်-မန္တလေးကားလမ်းနှင့်ဇီးဖြူပင်ကျေးရွာသွားလမ်းဆုံ၌ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးမှာ တံတားကိုဝင်ရောက်တိုက်မိပြီး လမ်းနံဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျော်မြိုင်ဦး (၃၄)နှစ်၊ အောင်သစ္စာရပ်ကွက် ကလေးမြို့နေသူမောင်းနှင်လာသော နစ်ဆန်း 2L/------ ၁၂ဘီးကုန်တင်ယာဉ်သည် တောင်မှမြောက်သို့ မောင်းနှင်လာစဉ် မိုင်တိုင် (၁၇၅/၅)နှင့် (၆)အကြားအရောက် တံတားအမှတ် (၃/၁၇၆) အားတိုက်မိခဲ့ပြီး လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့၍ တောင်ငူမြို့မရဲစခန်းတွင် ၄၄၊ ၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

❐

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်



# ကွန်တီကို ကမ္ဘာ့လုပ်ခလစာ အများဆုံးပမာဏ တစ်နှစ် ပေါင်သန်း၂၀ ဖြင့် အင်တာမီလန်အသင်း ကမ်းလှမ်း

ချယ်လ်ဆီးကို စတင်ကိုင်တွယ်သည့်နှစ်မှာပင် ပရီမီယာလိဂ်ဖလားဆွတ်ခူးပေးခဲ့သည့် ကွန်တီကို စီရီးအေကလပ် အင်တာမီလန်အသင်းက ကမ္ဘာ့စံချိန်တင်လုပ်ခလစာ တစ်နှစ်လျှင် ပေါင် သန်း၂၀ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

**အပြောင်းအလဲပြုလုပ်မယ့် အင်တာရဲ့ အဓိကပစ်မှတ်**

အင်တာမီလန်အသင်းပိုင်ရှင် ဂျင်ဒေါင်းနှင့် သူ၏ ဆန်းနင်းလုပ်ငန်းစုတို့က ရိုးမားနည်းစနစ် ဒါရိုက်တာ ဆာဘာတီနီကို အင်တာသို့ ခေါ်ယူပြီးနောက် နည်းပြ ကွန်တီကိုလည်း အင်တာသို့ ခေါ်ယူနိုင်ရေး စည်းရုံးနေခြင်းဖြစ်သည်။ ဆာဘာတီနီသည် ဂျူဗင်တပ်မှ ကွန်တီ ထွက်ခွာစဉ်က ရိုးမားနှင့် လာရောက်ပူးပေါင်းရန် ဆက်သွယ်ခဲ့သော်လည်း ကွန်တီက အီတလီလက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့၍သာ အခြားနည်းပြတစ်ဦးကို ခေါ်ယူခဲ့ရခြင်းဖြစ်သည်။ အင်တာမီလန်သည် ကွန်တီအတွက် လာမယ့်နွေအသုံးစရိတ်အဖြစ် ပေါင် ၁၂၅ သန်းကို ထုတ်ပေးမည်ဖြစ်သလို ကစားသမားခေါ်ယူမှုအပိုင်းတွင်လည်း ကွန်တီ စိတ်ကြိုက်ခေါ်ယူခွင့်ပေးမည်ဟူသော လုပ်ပိုင်ခွင့်များဖြင့် စည်းရုံးနေခြင်းဖြစ်သည်။ ယင်းသတင်းများထွက်လာပြီးနောက် ချယ်လ်ဆီးကလည်း ကွန်တီကို ကလပ်အသင်းနှင့် ရေရှည်ပူးပေါင်းနိုင်ရေး စာချုပ်သက်တမ်းတိုးမြှင့်ရန် အလျင်အမြန်စီစဉ်လာကြောင်း သတင်းများခပ်စိပ်စိပ် ထွက်လာခဲ့သည်။

**ကစားသမားအဝင်အထွက်ခပ်ကြမ်းကြမ်းဖြစ်လာဖွယ်**

အင်တာသည် ရိုးမားကွင်းလယ်လူ နိုင်ဂိုလန်၊ ပီအက်စ်ဂျီမှ မာကွင်ဟိုစ်နှင့် ဖီအိုရင်တီးနားတောင်ပံတိုက်စစ်မှူး ဘာနာဒက်ချ်ချီတို့ကို ခေါ်ယူရန် ကြိုးပမ်းနေပြီး အသင်း၏ ဘဏ္ဍာရေးအင်အားပိုမိုတောင့်တင်းစေရန် ပါရီဆစ်ကို မန်ယူ (သို့မဟုတ်) စပါး၊ ဂိုးသမား ဟန်ဒါနိုဗစ်ကို လီဗာပူးသို့ ထုတ်ရောင်းမည်ဖြစ်ကြောင်းလည်း သိရသည်။

မေလွဲသင်း - စုစည်းသည်။

# ဝက်စ်ဘရွန်းကို အနိုင်ကစားပြီးနောက် ပရီမီယာလိဂ်ဖလားကို ချယ်လ်ဆီး ငါးကြိမ်မြောက် ဆွတ်ခူး



ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဘက်ရှူအာရီ၏ နောက်ကျဂိုးဖြင့် ဝက်စ်ဘရွန်းအသင်းကို အဝေးကွင်းတွင် အနိုင်ကစားနိုင်ပြီးနောက် ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုမှာပင် ပရီမီယာလိဂ်ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။ ယခုကဲ့သို့ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခြင်းကြောင့် ချယ်လ်ဆီးအသင်းသည် အမှတ်ပေးချန်ပီယံအဖြစ် ခြောက်ကြိမ်မြောက် အောင်ပွဲခံနိုင်မှု၊ ပရီမီယာလိဂ်ဟု အမည်ပြောင်းပြီးနောက် ငါးကြိမ်မြောက် အမှတ်ပေးဖလားချန်ပီယံဖြစ်ခဲ့ခြင်းလည်းဖြစ်လာခဲ့သည်။

ပွဲပြီးရန် ၁၅ မိနစ်အလိုတွင် နည်းပြကွန်တီက ဟာဇက်နေရာ ဝီလီယံ၊ ပက်ဒရိုနေရာ ဘက်ရှူအာရီတို့ကို လူစားလဲခဲ့ရာ ယင်းဆုံးဖြတ်ချက်က ပွဲ၏ ရလဒ်ပိုင်းကို အပြောင်းအလဲ ဖြစ်စေခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် ဘက်ရှူအာရီက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူကာ ချယ်လ်ဆီးကို ချန်ပီယံအဖြစ် အောင်ပွဲခံစေခဲ့သည်။ ကွန်တီက ဟာဇက်နှင့် ပက်ဒရိုတို့ ပွဲပန်းနေသဖြင့် လူစားလဲရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။ ဘက်ရှူအာရီက ဝက်စ်ဘရွန်းဂိုးသမား ဘင်ဖော်စတာကို ကျော်ကာ အဆုံးသတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးသည် ယခုပွဲစဉ်တွင် ဂိုးပေါက်ကန်သွင်းမှု (၂၃) ကြိမ် အထိရှိခဲ့သော်လည်း ဂိုးရရှိရန်ခက်ခဲခဲ့ပြီး ဘက်ရှူအာရီ၏ သွင်းဂိုးဖြင့် အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးသည် ၂၀၁၄-၂၀၁၅ ရာသီတွင် ခရစ္စတယ်ပဲလေ့စ်ဘက်သို့ ဟာဇက်၏ ဂိုးဖြင့်အနိုင်ရရှိပြီး ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့သလို ယခုလည်း ဘက်ရှူအာရီ၏ သွင်းဂိုးဖြင့် ပရီမီယာလိဂ်ဖလားဆွတ်ခူးခဲ့ပြန်ရာ ဘယ်လ်ဂျီယံကစားသမားများ၏ သွင်းဂိုးများဖြင့် သုံးရာသီအတွင်း နှစ်ကြိမ်မြောက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ခြင်းလည်း ဖြစ်လာခဲ့သည်။

ကွန်တီမှာ အန်စလော့တီ၊ မန်စီနီနှင့် ရာနီရေရီတို့ပြီးနောက် ပရီမီယာလိဂ်ဖလားရယူပေးနိုင်သည့် စတုတ္ထမြောက် အီတလီလူမျိုးနည်းပြအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။ ကွန်တီက ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် သူ၏ ချယ်လ်ဆီးနည်းပြ ဘဝအစမှာ ခက်ခဲခဲ့ကြောင်းကို "ဘာသာစကား အခက်အခဲ၊ ပြီးတော့ ပြီးခဲ့တဲ့ ရာသီရလဒ်ဆိုးတွေကို ကြုံတွေ့ခဲ့ရတဲ့ ကစားသမားတွေကြောင့် ကျွန်တော်အင်္ဂလန်ကို လာရောက်တဲ့ ခရီးအစက ခက်ခဲမှုတွေ များစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒီအောင်ပွဲမှာ အဓိက ကျခဲ့တာကတော့ ကစားသမားတွေသာဖြစ်ပြီး ကစားသမားများရဲ့ သဘောထားနဲ့ စွမ်းဆောင်မှုတို့ကြောင့်သာ ယခုလို အောင်မြင်မှု ရယူနိုင်ခဲ့တာဖြစ်ပါတယ်" ဟု ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကွန်တီသည် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့ကို ရှုံးနိမ့်သည့် ပွဲစဉ်အပြီး သူအားသန်သည့် နောက်တန်းသုံးယောက်တွဲ ခံစစ်နည်းဗျူဟာကို ပြောင်းလဲကျင့်သုံးခဲ့ရာ ချယ်လ်ဆီးအသင်း ရလဒ်ပိုင်း တစ်ဟုန်ထိုး တိုးတက်လာခဲ့သည်။ သတင်းစာရှင်းလင်းပွဲမှ ကွန်တီ မထမီမှာပင် တိုက်စစ်မှူး ကော်စတာနှင့် နောက်ခံလူ ဒေးဗစ်လုဇ်တို့က ပြေးဖက်အောင်ပွဲခံခဲ့သည့် မြင်ကွင်းမှာလည်း လူမှုကွန်ရက်များတွင် ဖော်ပြခံရဆုံးပုံရိပ်ဖြစ်ခဲ့သည်။

လူမှုကွန်ရက် အသုံးပြုသူအများစုကမူ ချယ်လ်ဆီးအသင်း၏ အောင်ပွဲခံမှုကို ကြိုဆိုကြောင်း မှတ်ချက်များရေးသားကြရာတွင် ကွန်တီ၊ ဘတ်ရှူအာရီနှင့် ဟာဇက်တို့၏ ပုံရိပ်ကို အများဆုံး အသုံးပြုချီးမွမ်းရေးသားခဲ့ကြသလို နည်းပြဟောင်း မော်ရင်ဟို၏ ပုံရိပ်ကို အသုံးပြုလှောင်ပြောင်ရေးသားခဲ့သည်ကိုလည်း တွေ့ကြရသည်။

# ယူရိုပါလိဂ်လက်မှတ်ဝေစုရရှိမှု ပမာဏနည်းပါးမှုကြောင့် စတော့ဟုမ်းသို့ လိုက်ပါအားပေးလိုသည့် မန်ယူပရိသတ်များ အခက်ကြုံ

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်များ ပြီးဆုံးသွားပြီးနောက် ယူအီးအက်ဖ်အေက ဗိုလ်လုပွဲတက်ရောက်ခွင့်ရ အသင်းများ လက်မှတ်ဝေစု ပမာဏရရှိမှုကို ကြေညာခဲ့ရာ တစ်သင်းလျှင် လက်မှတ် ၉၅၀၀ သာ ဝေစုချထားပေးမှုကြောင့် စတော့ဟုမ်းသို့ လိုက်ပါအားပေးလိုတဲ့ ပရိသတ်များအနေဖြင့် အခက်အခဲကြုံနေရကြောင်း သိရသည်။

စတော့ဟုမ်းမြို့ "မိတ်ဆွေများ အမည်ရ ကွင်းကြီး"မှာ ပရိသတ် ၅၀၀၀၀ ဆန့်ကွင်းဖြစ်သော်လည်း ဗိုလ်လုပွဲ တက်ရောက်ခွင့်ရ တစ်သင်းစီအတွက် လက်မှတ် ၉၅၀၀ သာ ဝေစုချပေးခဲ့ရာ မန်ယူအသင်း၏ တစ်ရာသီစာ လက်မှတ်ဝယ်ယူအားပေးထားသည့် ပရိသတ်အင်အား ၅၅၀၀၀ ခန့်အတွက် ယူရိုပါလိဂ်ဗိုလ်လုပွဲ ကြည့်ရှုခွင့်ရရေး အခက်ကြုံနေရပြီဖြစ်သည်။ နှစ်ဖက်အသင်းပရိသတ်အတွက် ရရှိသည့် ထိုင်ခုံအရေအတွက်မှာ ကွင်းဆံ့ပရိသတ်အရေအတွက်၏ ၄၀ ရာခိုင်နှုန်းသာ ရှိပြီး ကျန် ၆၀ ရာခိုင်နှုန်းကို ယူအီးအက်ဖ်အေ တာဝန်ရှိသူများ၊ မြို့ခံပရိသတ်များ၊ စပွန်ဆာကုမ္ပဏီများနှင့် အခြားဧည့်သည်တော်များအတွက် ချန်ထားခြင်းဖြစ်သည်။

အဆိုပါ လက်မှတ်ဝေစုသည် ယမန်နှစ် လီဗာပူးအသင်းပရိသတ်များအတွက် ဝေစုရရှိမှုပမာဏထက်ပင် နည်းပါးနေရာ ပရိသတ်အင်အား များပြားသည့် မန်ယူအတွက် လက်မှတ်ရောင်းချမှုတွင် ပိုမိုခက်ခဲမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းများကို ပေါင် ၄၀၊ ပေါင် ၆၀၊ ၈၅ ပေါင်နှင့် ပေါင် ၁၃၀ ဟူ၍ အတန်းအစားလေးမျိုး ခွဲခြားသတ်မှတ်ထားသည်။ မန်ယူအသင်း တစ်ရာသီစာ ပွဲကြည့် လက်မှတ်ဝယ်ယူထားသည့် ပရိသတ်အင်အားကပင် ၅၅၀၀၀ ခန့်ရှိရာ လက်မှတ်ဝယ်ယူခွင့် မရမည့် ပရိသတ်မြောက်မြားစွာက စတော့ဟုမ်းမြို့အထိ လိုက်ပါကာ ကွင်းအပြင်မှ အားပေးရန် စီစဉ်ထားကြောင်း သိရသည်။ မန်ယူသာ ယူရိုပါလိဂ်ဖလား ဆွတ်ခူးခဲ့ပါက လာမယ့်ရာသီချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရှိမည် ဖြစ်သည်။



# တိဗက်ဇ်မဟုတ်တဲ့ ကမ္ဘာ့လုပ်ခလစာ အများဆုံးကစားသမားက ဘယ်သူလဲဆိုတာ ဘွတ်ဘောလိဒ်စ်က ဖွင့်ချလိုက်ပြန်

အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တိဗက်ဇ်မှာ ရှန်ဟိုင်းရှန်ဟွာအသင်းတွင် တစ်ပတ်လုပ်ခပေါင် ၆၀၀၀၀၀ ကျော်ရရှိနေသော်လည်း ကမ္ဘာ့လုပ်ခလစာ အများဆုံးရရှိသည့် ကစားသမားမှာ တိဗက်ဇ်မဟုတ်ဘဲ အာဂျင်တီးနားတွဲဖက်တိုက်စစ်မှူးဖြစ်သူ လာဗက်ဇီသာဖြစ်ကြောင်း ဘွတ်ဘောလိဒ်စ်၏ ထုတ်ဖော်ချက်ကို ကိုးကားကာ The Sun သတင်းဌာနက ဖော်ပြသည်။ အာဂျင်တီးနားတိုက်စစ်မှူး လာဗက်ဇီမှာ တစ်ပတ်လုပ်ခ ပေါင် ၇၉၈၀၀၀ (တစ်နှစ်လုပ်ခ ပေါင် ၄၁ ဒသမ ၄၉ သန်း) အထိ ရရှိနေသည့် ကမ္ဘာ့လုပ်ခလစာအများဆုံးရ ဘောလုံးကစားသမားဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့လုပ်ခလစာအများဆုံးရ ကစားသမားငါးဦးတွင် သုံးဦးမှာ တရုတ်စူပါလိဂ်တွင်ကစားနေသူများရှိပြီး ကျန်နှစ်ဦးမှာ ကမ္ဘာ့ထိပ်တန်းဘောလုံးစူပါစတား စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့ ဖြစ်ကြသည်။ ဘလွန်းဒီအောဆု လေးကြိမ်ရ စီရိုနယ်လ်ဒို၏ တစ်နှစ်လုပ်ခသည် ပေါင် ၂၂ ဒသမ ၀၈ သန်းသာဖြစ်ရာ လာဗက်ဇီ၏ တစ်နှစ်လုပ်ခသည်ပင် စီရိုနယ်လ်ဒို၏ နှစ်ဆနီးပါးများပြားနေသည်ကို တွေ့ရမည်ဖြစ်သည်။

# “မေ့မရသည့် သည်မေတ္တာ”

မောင်သောင်းဝင်း (တမန်ဟောင်း)



အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မွေးမိခင်များအားဂုဏ်ပြုရန်နှင့် လူမှုအသိုက်အဝန်းတွင် မိခင်များ၏ အရေးပါမှုအခန်းကဏ္ဍကို ထင်ဟပ်စေရန်အတွက် နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် “ကမ္ဘာ့အမေများနေ့” ကျင်းပလေ့ရှိသည်။ နိုင်ငံအချို့တွင်ကျင်းပသည့် နေ့ရက်များ အနည်းငယ်ကွဲပြားမှုရှိနေသော်လည်း နိုင်ငံအများစုသည် နှစ်စဉ် မေလ ဒုတိယသီတင်းပတ်၏ တနင်္ဂနွေနေ့တွင် ကမ္ဘာ့အမေများနေ့ ကျင်းပလေ့ရှိကြသည်။ ၂၀၁၇ ခုနှစ် ကမ္ဘာ့အမေများနေ့သည် မေလ ၁၄ ရက်နေ့တွင် ကျရောက်သည်။

မြန်မာနိုင်ငံတွင်လည်း အမေများနေ့ကို နိုင်ငံတစ်ဝန်း၌ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ အမေများနေ့ကို မည်သည့်ရည်ရွယ်ချက်ဖြင့်ကျင်းပနေသည်ဖြစ်စေ ကျေးဇူးရှင်မွေးမိခင်များကို အောက်မေ့သတိရခြင်းသည်ပင်လျှင် မင်္ဂလာတစ်ပါးပင်ဖြစ်ပေသည်။ စာရေးသူအနေဖြင့် ကမ္ဘာပေါ်ရှိ မိခင်အားလုံး၏ ကျေးဇူးကိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့အမေများနေ့ အတွက် ဆောင်းပါးတစ်ပုဒ်လောက် ရေးသားတင်ပြသွားလိုပါသည်။

**မွေးမိခင်၏ ကျေးဇူးတရား**

ကျွန်ုပ်တို့သည် မွေးမိခင်များ၏ ကျေးဇူးတရားများကြောင့်သာ ရခဲလှသောလူ့ဘဝကို ရရှိခဲ့ခြင်းဖြစ်သည်။ အချို့သောသူများသည် အကြောင်းအမျိုးမျိုးကြောင့် လူသားအဖြစ်အသက်ရှင်ရပ်တည်ခွင့်မရဘဲ တားဆီးခြင်းခံခဲ့ကြရသည်။ ဘယ်သူမပြုမိမိအမှုဆိုသည့်အတိုင်း အတိတ်ဘဝက ပြုခဲ့သောကုသိုလ်၊ အကုသိုလ်တို့အပေါ်တွင်သာ မူတည်နေမည်ဖြစ်သည်။ အချို့သောသူများသည် လူအဖြစ်သာမွေးဖွားလာသော်လည်း မီးတွင်း၌ပင် အသက်ဆုံးပါးသွားရသူများလည်းရှိကြသည်။ အချို့သောသူများမှာမူ အသက်ရာကျော်ရှည်သည်အထိ အနာရောဂါကင်းကင်းဖြင့် နေထိုင်ကြရသည်။ ဘဝပေါင်းများစွာကပြုလုပ်ခဲ့သော ကုသိုလ်၊ အကုသိုလ်များသည် မျက်မှောက်ဘဝတွင်လာ၍ အကျိုးပေးနေခြင်းသာဖြစ်သည်။

ဤကမ္ဘာကြီးတွင် မိဘကျေးဇူးနှင့်ကင်းသူရှိမည် မဟုတ်ချေ။ အထူးသဖြင့် မွေးမိခင်များ၏ ကျေးဇူးသည် အနန္တပင်ဖြစ်သည်။ မိဘများ၏ကျေးဇူးတရားကို စာတစ်စောင် ပေတစ်ဖွဲ့ရေးသားနေရုံမျှဖြင့် ပြည့်စုံနိုင်မည်မဟုတ်ပေ။ အကြောင်းမူကား မိဘ၏မေတ္တာကို တိုင်းတာနိုင်စွမ်းမရှိသောကြောင့်ဖြစ်သည်။ မိဘများသည် သားသမီးတိုင်းကို တတ်သိလိမ္မာစေချင်ကြသည်မှာ ပကတိအရှိတရားပင်ဖြစ်သည်။ သားသမီးများ တိုးတက်ကြီးပွားနေလျှင် ပီတိဖြာနေကြသည်မှာ ကျေးဇူးရှင်မိဘများပင်ဖြစ်ကြသည်။ အထူးသဖြင့် မိခင်များသည် သားသမီးများကို အရိပ်တကြည့်ကြည့်ဖြင့် ချစ်မဝဖြစ်နေလေ့ရှိကြသည်။ သားသမီးမျက်နှာညှိုးလျှင် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ကြသူများသည် မိခင်များဖြစ်သည်။ ထိုထဲတွင် စာရေးသူ၏မိခင်ကြီးလည်း ပါဝင်ပေသည်။

မိသားစုတစ်စုတွင် အနစ်နာခံရဆုံးသောသူသည် မိခင်များသာဖြစ်သည်။ မိခင်များသည် သားသမီးများ၏ ဝေယျာဝစ္စအပြင် ခင်ပွန်းဖြစ်သူ၏လိုအပ်ချက်ကိုလည်း မပျက်ကွက်အောင် ဖြည့်ဆည်းပေးရသည်။ အစားအသောက်နှင့် အဝတ်အစားများကိုလည်း ခင်ပွန်းနှင့် သားသမီးများကို ဦးစားပေးရလေ့ရှိသည်။ နေ့စဉ် နောက်ကျမှအိပ်ရာဝင်ပြီး နံနက်စောစောအိပ်ရာထရလေ့ရှိသည်။ မိသားစုတစ်စုသည် မိခင်တစ်ဦး၏ အိမ်ထောင်မှုစီမံကွပ်ကဲမှုနိုင်နင်းမှသာလျှင် အစစအရာရာ အဆင်ပြေချောမွေ့နေမည်ဖြစ်သည်။

**မည်သည့်အရာနှင့်မျှနှိုင်းယှဉ်၍မရ**

လူတိုင်းတွင် ကျေးဇူးရှင်မိခင်များ ရှိကြပါသည်။ မိဘများသည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင်များဖြစ်သည့်အပြင် လက်ဦးဆရာများလည်းဖြစ်ကြသည်။ အထူးသဖြင့် မိခင်များသည် ရင်သွေးငယ်များနှင့် ထိတွေ့မှုအများဆုံးရှိကြသည်။ “အမေများ၏အလှပဆုံးအချိန်သည် သားသမီးများကို နို့ချိုတိုက်ကျွေးပြီး တစိမ့်စိမ့်ကြည့်နေချိန်ပင်ဖြစ်သည်။ ရင်သွေးငယ်ကို နို့ချိုတိုက်ကျွေးနေသောမိခင်၏ မေတ္တာသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရနိုင်ပေ။ မိခင်များ၏ မေတ္တာကြီးမားမှုကြောင့် အနီရောင်သွေးစစ်စစ်မှသည် အာဟာရပြည့်ဝသော အဖြူရောင်နို့ရည်ကြည်အဖြစ်သို့ ပြောင်းလဲသွားခြင်းဖြစ်သည်။ များစွာအံ့ဩဖွယ်ကောင်းလှပေသည်။ ထို့ကြောင့် ဘုရား၊ ရဟန္တာမှလွဲ၍ ပုထုဇဉ်လူသားများသည် အမေ့နို့ဖိုးကို ကျေအောင်ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိကြချေ။

မိခင်များ၏မေတ္တာသည် နူးညံ့သိမ်မွေ့လွန်းလှသည်။ သားသမီးများကို အော်ဟစ်ကြိမ်းမောင်း ရိုက်နှက်လေ့မရှိကြချေ။ ပျော့ပျောင်းချိုသာစွာပြောဆိုပြီး ဆုံးမလေ့ရှိကြသည်။ အချို့သော သားသမီးများသည် မိခင်မေတ္တာကို အခွင့်ကောင်းယူကာ နွဲ့ဆိုးဆိုးလေ့ရှိကြသည်။ မိဘမေတ္တာစော်ကားသူများသည် ဘဝနိဂုံး မလှမပဖြစ်ကြရသည်။ မျက်မှောက်ခေတ်တွင် မိဘမေတ္တာအားလျစ်လျူရှုလာသည့် သားသမီးများစွာကို ပိုမိုကြုံတွေ့လာရပါသည်။ စာရေးသူ၏မိခင်ကြီးသည် သားသမီးများကို ရိုက်နှက်ဆုံးမလေ့မရှိချေ။ သို့သော် သားသမီးအားလုံးသည် မိဘများ၏စကားကိုနားထောင်ပြီး ယဉ်ကျေးသိမ်မွေ့ကြပါသည်။

စာရေးသူ၏ မိခင်ကြီးသည် သားသမီးကိုးဦးအထိ မွေးထားသော်လည်း အားလုံးကို ကျန်းမာကြံ့ခိုင်အောင် နို့ချိုတိုက်ကျွေးပြီး လူလားမြောက်အောင် ကျွေးမွေးစောင့်ရှောက်နိုင်ခဲ့ပါသည်။ ဆင်းရဲသား တောင်သူလယ်သမားဖြစ်သဖြင့် နေ့စဉ် တောင်ယာထဲသို့မသွားမီ ကလေးများကို နို့ချိုဝအောင်တိုက်ကျွေးခဲ့ရသည်။ ကျေးလက်တောရွာများတွင် နို့ဘူးတိုက်ကျွေးသည့် အလေ့အထမရှိသည့်အပြင် ငွေကြေးပါမတတ်နိုင်သဖြင့် မိခင်များသည် ကလေးများကို လယ်တောမှပြန်ရောက်မှသာ နို့ချိုတိုက်ကျွေးကြရသည်။ စာရေးသူလည်း အခြားကလေးများနည်းတူ ငယ်စဉ်က ဆာလောင်မွတ်သိပ်သော်လည်း မိခင်ကြီး လယ်တောမှပြန်အလာကိုသာ စောင့်နေခဲ့ရသည်။

ကျေးဇူးရှင် မိခင်ကြီးသည် တောင်ယာအလုပ်အကိုင်အပြင် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရရှိအောင် ပုန်းရည်ကိုလည်း ကျိုချက်ရပါသေးသည်။ အညာကျေးလက်ဒေသ၌ ပဲပိစပ်ပြုတ်ရည်ကိုအချဉ်ဖောက်ပြီး ဒယ်အိုးကြီးထဲတွင် စေးပျစ်သောအနှစ်များကျလာသည့်တိုင်အောင် ကျိုချက်ခြင်းဖြင့် ပုန်းရည်ရရှိအောင် ပြုလုပ်လေ့ရှိကြသည်။ ပုန်းရည်တစ်ဒယ်ကျဖို့ရန် အချိန်များစွာယူရပြီး လောင်စာထင်းလည်း များစွာကုန်ကျပါသည်။ ကျေးလက်ဒေသတွင် ပုန်းရည်ကျိုရာ၌ လောင်စာထင်းရှားသောကြောင့် နွားချေးကိုသာလိုက်ကောက်ပြီးထင်းမီးအဖြစ် သုံးစွဲရပါသည်။ နွားချေးညှော်နံ့သည် လွန်စွာခံရခက်ပါသည်။ သို့သော် မိခင်ကြီးသည် မိသားစုစားဝတ်နေရေးအတွက် ဒုက္ခခံခဲ့ရပါသည်။

**တွေးမိတိုင်း ကြက်သီးထ**

ထို့အပြင် ကျိုချက်ပြီးပုန်းရည်ကိုလည်း မြေအိုးတွင်ထည့်ကာ ၁၀ မိုင်ခန့် ဝေးသောဒေသသို့ ခြေကျင်လမ်းလျှောက်ပြီး သွားရောက်ရောင်းချခဲ့ရပါသည်။ မိခင်ကြီးသည် မည်မျှပင် ပင်ပန်းနွမ်းနယ်နေစေကာမူ တစ်ချက်ကလေးမျှ မျက်နှာညှိုးနွမ်းခဲ့ခြင်းမရှိချေ။ အိမ်မှုကိစ္စများနှင့် သားသမီးများ၏ လိုအပ်ချက်များကိုလည်း လစ်ဟင်းမှုမရှိအောင် ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ ကိုယ်တိုင်ခေတ်ပညာမတတ်သော်လည်း သားသမီးများကိုမူ ဘွဲ့ရပညာတတ်များဖြစ်အောင် ကျောင်းထားပေးခဲ့သည်။ မိခင်ကြီး၏မေတ္တာကို တွေးမိလေတိုင်း ကြက်သီးမွေးညင်းပင်ထမိပါသည်။

စာရေးသူသည် ငယ်စဉ်က ရွာဦးဘုန်းကြီးကျောင်းတွင် စတင်ပညာသင်ယူခဲ့ရပါသည်။ ထိုစဉ်က အမေချုပ်ပေးသော ကျောက်တံအိတ်ကို ယနေ့အထိ သတိရနေဆဲပင်ဖြစ်သည်။ ပိတ်စအတိုအထွာလေးများကိုသုံးပြီး ကျောက်တံအိတ်ချုပ်ရပါသည်။ ထိုအိတ်အဝတွင် ချုံ့နိုင်၊ ချဲ့နိုင်အောင် ကြိုးတပ်ပေးထားပြီး လည်ပင်းကိုလည်း ဆွဲလို့ရအောင်လုပ်ပေးထားပါသည်။ တစ်ခါတစ်ရံ အမေသည် တစ်နယ်တစ်ကျေးတွင်ရှိသည့် မိဘများထံသို့ အလုပ်ကိစ္စနှင့်သွားလျှင် မုန့်ဖိုးကြိုပေးသွားလေ့ရှိပါသည်။ ထိုစဉ်က မုန့်ဖိုးကို မမက်မောခဲ့ပါ။ အမေပြန်လာမည့်ရက်ကိုသာ မျှော်လင့်ခဲ့ရပါသည်။ အိမ်တွင် အမေမရှိလျှင် တစ်ခုခုလိုအပ်နေသလို ခံစားရပါသည်။

အမေ့မေတ္တာရိပ်သည် မည်သည့်အရာနှင့် မျှနှိုင်းယှဉ်၍မရအောင် အေးချမ်းလှပေသည်။ ၁၀ တန်း အောင်ပြီး တပ်မတော်သို့ဝင်ရောက်အမှုထမ်းချိန်မှစ၍ အမေ့မေတ္တာအေးရိပ်ဆာယာနှင့် ကင်းကွာခဲ့ရသည်။ ခွင့်ရလို့ မိဘနေအိမ်ပြန်ရသည့်အချိန်အခါမျိုးတွင် အမေနှင့်တွေ့ရမည်ကိုတွေးပြီး ကြည်နူးခဲ့ရပါသည်။ လိမ္မာသော သား၊သမီးများကဲ့သို့ အမေ့အား အနီးကပ်ဝတ်ကြီး၊ ဝတ်ငယ်ပြုစုပြီး အလုပ်ကျွေးပြုသွားလိုသော်လည်း ထိုအခွင့်အရေးမျိုးမရသေးပါ။ သို့သော် စာရေးသူတို့မိသားစုထံသို့ အမေလာရောက်လည်ပတ်စဉ်က ထဘီလျှော်ဖွတ်ခွင့်ရခဲ့သည့်အတွက် များစွာကျေနပ်ပီတိဖြစ်ခဲ့ရပါသည်။

မိခင်မေတ္တာတွင် မမြင်နိုင်သောစွမ်းအားများ များစွာရှိနေပါသည်။ စာရေးသူသည် မိခင်ကြီး၏ ယောဂီရောင်ထဘီကို တံဘက်ပုံစံဖြတ်ချုပ်ပြီး ခေါင်းအုံးပေါ်တင်အိပ်ပါသည်။ အိပ်မပျော်သည့်ညများတွင် ထိုတံဘက်လေးကို မျက်နှာပေါ်တင်လိုက်လျှင် နှစ်ခြိုက်စွာအိပ်ပျော်သွားပါသည်။ ထို့အပြင် မိခင်ကြီး၏ဆံပင်နှင့် မိဘနှစ်ပါးဓာတ်ပုံတို့ကိုပါ အင်္ကျီအိတ်ကပ်ထဲထည့်ပြီး သွားလေရာကို ယူဆောင်သွားလေ့ရှိပါသည်။ ထို့ကြောင့် ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများစွာကိုကျော်လွှန်နိုင်သည်ဟု ရိုးသားစွာယုံကြည်မိပါသည်။ အဆွေစာရှုသူအနေဖြင့်လည်း အနန္တကျေးဇူးရှင် မိခင်မေတ္တာကို ယုံကြည်စွာနှင့် အလားတူလုပ်ဆောင်ကြည့်စေချင်ပါသည်။

**စုန်ရေသာရှိ**

လက်ရှိအချိန်ထိ မိခင်ကြီးသည် သားသမီးများအိမ်ထောင်ကျပြီး ကလေးများရရှိနေသည့်တိုင်အောင် စိတ်မချနိုင်ဘဲ ကလေးငယ်များဟု ထင်နေဆဲပင်ဖြစ်သည်။ အသက်ရွယ်ကြီးရင့်နေပြီဖြစ်သော်လည်း သားသမီးများအိမ်သို့ လိုက်ပါနေထိုင်ခြင်းမရှိဘဲ ခင်ပွန်းဖြစ်သူ အသက် ၈၀ ကျော်အရွယ် စာရေးသူတို့၏ ဖခင်ကြီးနှင့်သာ ဇာတိချက်ကြွေတောရွာလေးတွင် အတူနေထိုင်လျက်ရှိပါသည်။ သား၊သမီးများက ပြုစုစောင့်ရှောက်လိုသဖြင့် ခေါ်လေ့ရှိသော်လည်း မည်သူကိုမျှ ဒုက္ခမပေးလိုဟုပြောဆိုကာ ငြင်းဆန်လေ့ရှိပါသည်။ မိဘမေတ္တာဟူသည် စုန်ရေသာရှိသည် ဆိုသောစကားမှာ ထာဝရမှန်ကန်နေဆဲပင်ဖြစ်သည်။

စာရေးသူတို့မိသားစုအနေဖြင့် အဝေးတစ်နေရာရှိ မိဘများထံသို့ အားဆေးနှင့် အာဟာရဖြစ်စေမည့် အစားအသောက်များကိုသာ လစဉ်ပေးပို့နေရပါသည်။ ထိုထောက်ပံ့ကူညီမှုသည် မိခင်ကြီး၏မေတ္တာနှင့် နှိုင်းယှဉ်လျှင် မြင့်မိုရ်တောင်နှင့် နှမ်းစေ့လောက်ကွာခြားလှပါသည်။ ကြီးပွားတိုးတက်အောင်မြင်မှု ရရှိနေကြသည့် သားသမီးများအနေဖြင့် ကျေးဇူးရှင်မိဘနှစ်ပါးအပေါ် ဆန်ရေမေတ္တာဖြင့် တုံ့ပြန်သင့်ပေသည်။

အထူးသဖြင့် မိဘများသက်ရှိထင်ရှားရှိစဉ် တတ်နိုင်သမျှ အလုပ်အကျွေးပြုသွားသင့်ပေသည်။ အချို့သော သားသမီးများသည် ရာထူး၊ ဂုဏ်ပကာသနများအပေါ် မိန်းမောနေကြသဖြင့် မိဘကျေးဇူးဆပ်ဖို့ရန် မေ့လျော့နေတတ်ကြသည်။ မိဘများမရှိတော့မှသာ နောင်တရလေ့ရှိကြသည်။ အချိန်လွန်သွားပြီဖြစ်သည်။


မိဘများသည် သားသမီးများက တစ်ကျပ်ဖိုးပေးလျှင် ၁၀၀ ဖိုး၊ ၁၀၀၀ ဖိုးခန့်ရသည်ဟု ပိုပိုသာသာပြောလေ့ရှိကြသည်။ သားသမီးများ၏ သိတတ်မှုကိုလည်းဂုဏ်ယူဝံ့ကြွားစွာပြောဆိုလေ့ရှိကြသည်။ သားသမီးများအနေဖြင့် မိဘများ၏ကျေးဇူးကို တတ်နိုင်သမျှပေးဆပ်သွားသင့်ပေသည်။ ထိုသို့ပေးဆပ်ရာတွင် အနည်းအများသည် ပမာနမကျပေ။ သိတတ်မှုကသာလျှင် အခရာကျပေသည်။ ဘဝတွင် ပင်ပန်းကြမ်းတမ်းခက်ခဲမှုမည်မျှပင်တွေ့နေစေကာမူ မိဘများ၏မေတ္တာ၊ အထူးသဖြင့် မိခင်မေတ္တာကိုတစ်စက္ကန့်မျှ မေ့လျော့မထားသင့်ချေ။


**သေမင်းနှင့်စစ်ခင်းခဲ့ရ**

မိခင်တစ်ဦးသည် ရင်သွေးငယ်တစ်ဦးအား ကလလရည်ကြည် စတင်သန္ဓေတည်ပြီဆိုကတည်းက မမြင်ရသေးသည့် ထိုကလေးအပေါ် မေတ္တာစိတ်များ တဖွားဖွားဖြစ်ပေါ်လျက်ရှိသည်။ ရင်သွေးငယ်ကို ထိခိုက်မည်စိုးသဖြင့် ပူ၊ ငန်၊ စပ်၊ ခါးများကို ရှောင်ရသည့်အပြင် အထိုင်အထ အသွား၊အလာကိုလည်း ဆင်ခြင်ရပါသည်။ “ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ” ဆိုသလို မိခင်တစ်ဦးသည် သေမင်းနှင့်စစ်ခင်းပြီးမှသာ သားသမီးတစ်ဦးကို မွေးဖွားရခြင်းဖြစ်သည်။ မွေးဖွားလာသည့်ထိုကလေးငယ်ကိုလည်း လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်ရသည်။ ထို့ကြောင့် မိခင်များ၏ကျေးဇူးသည် ဆပ်၍မကုန်နိုင်ပေ။

ခြုံ၍တင်ပြရလျှင် လူတိုင်းတွင် ကျေးဇူးရှင် မွေးမေမေများရှိကြပါသည်။ ထိုမိခင်များသည် သားသမီးများအပေါ် မေတ္တာစိမ့်စမ်း မပြတ်စီးဆင်းနေလျက်ပင်ရှိကြသည်။ မိဘ၏စုန်ရေမေတ္တာသည် တသွင်သွင်စီးဆင်းလျက်ရှိသော်လည်း သားသမီးများ၏ဆန်ရေမေတ္တာမှာမူ တွေ့ရမြင်ရကြုံရခဲပေသည်။ လူ့ဘဝတွင် အရာများစွာကို အစားထိုးရှာဖွေနိုင်သော်လည်း ကျေးဇူးကြီးမားလှသော မိခင်များ၏ ကရုဏာ၊ မေတ္တာကိုမူ မည်သည့်အရာနှင့်မျှ နှိုင်းစား၍မရနိုင်ချေ။ ထို့အပြင် မွေးမေမေတ္တာအေးရိပ်ဆာယာသည် လွန်စွာပင် နွေးထွေးအေးချမ်းလှပေသည်။ အထူးသဖြင့် သားသမီးများသည် မိဘများသက်ရှိထင်ရှားရှိနေစဉ် တတ်နိုင်သမျှ အလုပ်ကျွေးပြုသွားသင့်ပါသည်။ ထို့ကြောင့် သားသမီးများအနေဖြင့် မေ့မရနိုင်သည့် ကျေးဇူးရှင်မွေးမေမေ၏ အနန္တမေတ္တာကို နေ့စဉ်အောက်မေ့သတိရလျက် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်သွားနိုင်ကြပါစေ။

> “မိခင်တစ်ဦးသည် ရင်သွေးငယ်တစ်ဦးအား ကလလရည်ကြည် စတင်သန္ဓေတည်ပြီ ဆိုကတည်းက မမြင်ရသေးသည့် ထိုကလေးအပေါ် မေတ္တာစိတ်များ တဖွားဖွားဖြစ်ပေါ်. . .”





# ကိုရီးယားငြိမ်းချမ်းရေး တံခါးဖွင့်ပေးမည့် မွန်းဂျေအင်း

ကို ရင် ဩ



ထောက်ခံသူ ပြည်သူများနှင့်အတူ တွေ့မြင်ရသည့် မွန်းဂျေအင်း။ **ဓာတ်ပုံ–** newsweek.com

တောင်ကိုရီးယားနိုင်ငံ၏ သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသူ မွန်းဂျေအင်းသည် သမ္မတရာထူး၌ စတင်တာဝန်ထမ်းဆောင်ရန် မေ ၁၀ ရက်က ကျမ်းသစ္စာကျိန်ဆိုလိုက်ပြီးနောက် လက်တလောဖြစ်ပေါ်နေသော မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ အရေးတကြီး ကိုင်တွယ်ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုပြောကြားသည်။

နျူကလီးယားနှင့် ဒုံးလက်နက် အစီအစဉ်များကို အကောင်အထည်ဖော်နေသည့် မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့နှင့် တင်းမာမှုများဖြစ်ပေါ်နေချိန်တွင် ဒေသတွင်း၌ တည်ငြိမ်မှု ပြန်လည်ရရှိရေးကိစ္စကို ဦးစားပေးဆောင်ရွက်မည်ဟု ဆိုသည်။

ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများလျော့ပါးပျက်ပြယ်စေရေးအတွက် မိမိအစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား၌ ဖြန့်ကြက်လျက်ရှိသော အမေရိကန်၏ ဒုံးလက်နက် ကာကွယ်ရေးစနစ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဖြစ်ပေါ်နေသော အငြင်းပွားမှုများကို အဆုံးသတ်စေရန် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း မွန်းက သမ္မတအဖြစ် ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

ထိုစဉ်အတွင်း သမ္မတမွန်းသည် ထူးထူးခြားခြားခန့်အပ်မှုများအဖြစ် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးမြှင့်တင်ရန် လိုလားသော မူဝါဒနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိသူများကို ဝန်ကြီးချုပ်ရာထူးတွင်လည်းကောင်း၊ ထောက်လှမ်းရေးဌာန အကြီးအကဲရာထူးတွင်လည်းကောင်း ခန့်အပ်ရန် ရွေးချယ်ခဲ့သည်။

သမ္မတမွန်းက ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ရန် ရွေးချယ်ခံရသူမှာ တောင်ပိုင်းဂျေအိုလာပြည်နယ် အုပ်ချုပ်ရေးမှူး လီနက်ယွန်ဆိုသူဖြစ်ပြီး ၎င်းမှာ ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်နိုင်ရန် ကြိုးပမ်းနိုင်မည့်သူအဖြစ်လည်း ရှုမြင်ရသည်။

ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ရာတွင် အတွေ့အကြုံများပြားလှသူ ဆူးဟွန်းသည် အမျိုးသားထောက်လှမ်းရေးဌာနအကြီးအကဲအဖြစ် တာဝန်ယူမည်ဖြစ်သည်။

မြောက်ကိုရီးယားအရေး ကျွမ်းကျင်သူ ဆူးဟွန်းသည် ထောက်လှမ်းရေးဌာန၌ ၂၈ နှစ်ကြာမျှ လုပ်ကိုင်ခဲ့သူဖြစ်ပြီး ကိုရီးယားနှစ်နိုင်ငံအကြား ထိပ်သီးဆွေးနွေးပွဲ နှစ်ကြိမ်ပြုလုပ်ခဲ့ရာတွင် စေ့စပ်ဆွေးနွေးရေး အခန်းကဏ္ဍကို တာဝန်ယူခဲ့သူဖြစ်သည်။

## ၁၂ ဦးမြောက်သမ္မတ

မွန်းဂျေအင်းသည် တောင်ကိုရီးယားနိုင်ငံ၏ ၁၂ ဦးမြောက်သမ္မတဖြစ်သည်။

အသက် ၆၄ နှစ်အရွယ်ရှိ မွန်းသည် လူ့အခွင့်အရေး ရှေ့နေဟောင်းလည်းဖြစ်၊ ကျောင်းသားလှုပ်ရှားမှု ဦးဆောင်သူလည်းဖြစ်ခဲ့သည်။

(ကွယ်လွန်သူ) သမ္မတ နိုမူဟွန်းလက်ထက်က သမ္မတရုံး၏ ရုံးအဖွဲ့မှူးအဖြစ် တာဝန်ယူခဲ့သူ မွန်းသည် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ကိုရီးယား မင်ဂျူးပါတီ၏ အတိုက်အခံခေါင်းဆောင်အဖြစ် ရပ်တည်ခဲ့သည်။

၁၉ ကြိမ်မြောက် အမျိုးသားလွှတ်တော်၏ အမတ်တစ်ဦးဖြစ်ခဲ့သူ မွန်းသည် ၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ယူနိုက်တက်ပါတီ၏ သမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ပက်ကွမ်ဟေးအား မွန်းရှုံးနိမ့်ခဲ့သည်။

သမိုင်းတစ်ပတ်လည်သည် ဟူဘိသို့ပင် အာဏာအလွဲသုံးမှု အရှုပ်တော်ပုံကြောင့် ယခုအခါ ထိန်းသိမ်းခံထားရပြီး အမှုရင်ဆိုင်နေရသော ပတ်၏ ရာထူးနေရာကို ထိန်းချုပ်ရယူလိုက်သူမှာ မွန်းဖြစ်သည်။

ပတ်သည် ရှေးရိုးစွဲ ဂရင်းနေရှင်နယ်ပါတီ (မဟာနိုင်ငံပါတီ) ၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိတစ်ကြိမ် ထမ်းဆောင်ခဲ့ပြီး ယင်းပါတီကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီတွင် နိုင်ငံသစ်ပါတီ (ဆေးနူရိပါတီ) ဟု အမည်ပြောင်းလဲခဲ့သည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၉ ရက် သမ္မတရွေးကောက်ပွဲကို အနိုင်ရကာ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတဖြစ်လာသူ ပတ်သည် ၂၀၁၇ ခုနှစ် မတ် ၁၀ ရက်တွင် ကိုရီးယားလွှတ်တော်၏ ခုံရုံးမှ စွပ်စွဲပြစ်တင်ရှုတ်ချခံခဲ့ရပြီး သမ္မတရာထူးအာဏာ ရုပ်သိမ်းခံခဲ့ရသည်။

ပတ်သည် သူ၏လူယုံတော် အမျိုးသမီးမိတ်ဆွေတစ်ဦး၏ သမ္မတလုပ်ငန်းတွင် ဝင်ရောက်စွက်ဖက်မှု နိုင်ငံရေးအရှုပ်တော်ပုံအရ ကျဆုံးသွားခဲ့ရခြင်းမှာ နိုင်ငံ့ခေါင်းဆောင်များအတွက် သင်ခန်းစာယူစရာဖြစ်ခဲ့ရသည်။

မေလ ၁၀ ရက်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲ ၄၁ ဒသမ ၁ ရာခိုင်နှုန်းရရှိခဲ့ပြီး အောင်ပွဲခံခဲ့သူ မွန်းသည် ရွေးကောက်ပွဲရလဒ် ပေါ်ထွက်လာအပြီး မကြာမတင်မှာပင် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မွန်းသည် ငါးနှစ်သက်တမ်းရှိ သမ္မတရာထူးတွင် စတင်တာဝန်ထမ်းဆောင်လျက်ရှိပြီး ၎င်း၏ ရာထူးသက်တမ်းမှာ ၂၀၂၂ ခုနှစ်အထိဖြစ်သည်။

## နိုင်ငံရေး ရှုမြင်ပုံများ

မွန်း၏ နိုင်ငံရေး ရှုမြင်ပုံများ (နိုင်ငံရေးအမြင်များ)မှာ တစ်မူထူးခြားသည်ဟု ဆိုနိုင်သည်။

အမျိုးသားလုံခြုံရေးအရ မွန်းသည် အမျိုးသားလုံခြုံရေး ဥပဒေများကို ပြန်လည်ဖျက်သိမ်းရန် လိုလားသည်။

တောင်ကိုရီးယားနိုင်ငံ၏ တည်ဆဲအမျိုးသားလုံခြုံရေး ဥပဒေများသည် နိုင်ငံရေးလောကအတွင်း လက်ဝဲယိမ်းသူများ၏ အသံများကို ထိန်းချုပ်ကန့်သတ်ထားနိုင်ရန် လက်ယာယိမ်းသမားများက လက်နက်တစ်ခုသဖွယ် အစဉ်အဆက် အသုံးချလာခဲ့သော ဥပဒေများဖြစ်သည်ဟု ကိုရီးယားလက်ဝဲဘက်ရယ်များက စွပ်စွဲပြစ်တင်ခဲ့ကြသည်။

မွန်းသည် အမျိုးသားထောက်လှမ်းရေးဌာန၏ ပြည်တွင်းဌာနခွဲကို ဖျက်သိမ်းပစ်မည်ဟုလည်း မဲဆွယ်စည်းရုံးရေးကာလက ကတိပြုခဲ့သည်။ နိုင်ငံရေးအရ ကြားနေမှုပီပြင်စေရေးအတွက် ပြည်တွင်း ထောက်လှမ်းရေးဌာနခွဲ၏ အာဏာကို ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်ရမည်ဟု ဆိုသည်။

မွန်း၏ နိုင်ငံခြားရေး မူဝါဒမှာမူ ကိုရီးယားနှစ်နိုင်ငံ ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကို အထူးအလေးပေးသည်။

မိမိသည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပါက ပထမဆုံးသော ပြည်ပခရီးစဉ်အတွက် မြောက်ကိုရီးယားနိုင်ငံကို ရွေးချယ်မည်ဟု မွန်းက မဲဆွယ်စည်းရုံးရေးကာလအတွင်း ပြောကြားခဲ့သည်။ မွန်းသည် ယခင်လစ်ဘရယ်သမ္မတများဖြစ်ကြသော ကင်ဒေးဂျုံနှင့် နိုမူဟွန်းတို့ကျင့်သုံးခဲ့ကြသော "နေခြည်ဖြာ မူဝါဒ" ကို နှစ်သက်သည်ဟုဆိုသည်။ ယင်းမူဝါဒမှာ မြောက်ကိုရီးယားနှင့် တွေ့ထိဆက်ဆံရေး မူဝါဒဖြစ်သည်။

မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများကျင်းပသွားရန် မျှော်မှန်းထားသူ မွန်းသည် မြောက်ကိုရီးယား ဒုက္ခသည်မိဘနှစ်ပါးမှ ဆင်းသက်ခဲ့သူ တစ်ဦးဖြစ်သည်။ မွန်းသည် သူ၏အရင် သမ္မတတာဝန် ထမ်းဆောင်ခဲ့ကြသော ပတ်နှင့် လီမြောင်ဘက်တို့၏ သဘောထားရပ်တည်ချက်ကို ဆန့်ကျင်ကာ မြောက်ကိုရီးယားနှင့် တွေ့ထိဆက်ဆံလိုသူဖြစ်သည်။ ကွန်ဆာဗေးတစ်ဝါဒီများ၏ အုပ်စိုးမှုကာလအတွင်း မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို အဆုံးသတ်စေရန် အဆိုပါသမ္မတနှစ်ဦးတို့က လုပ်ဆောင်ပေးနိုင်ခြင်း မရှိကြောင်း မွန်းက ပြောကြားသည်။

ထူးခြားချက်တစ်ရပ်မှာ တောင်ကိုရီးယား ရွေးကောက်ပွဲတွင် မွန်း အောင်ပွဲခံရန် မြောက်ကိုရီးယားနိုင်ငံက လိုလားမှုကို ပြသခဲ့ခြင်းဖြစ်သည်။ ပတ်နှင့် မဟာမိတ်ပြုထားသော ကွန်ဆာဗေးတစ်ဝါဒီများအား မဲပေးခြင်းမပြုဘဲ ပြစ်ဒဏ်ခတ်ရန် တောင်ကိုရီးယားပြည်သူတို့အား တိုက်တွန်းသည်ဟု မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

မွန်းသည် မြောက်ကိုရီးယားအစိုးရနှင့် ဆွေးနွေးမှုများ ပြုလုပ်နိုင်စေရန် ပြင်ဆင်ဆောင်ရွက်မှုများ ရှိနေသည်ဟု ၎င်း၏ နိုင်ငံခြားရေး မူဝါဒ အကြံပေးပုဂ္ဂိုလ်က ပြောကြားခဲ့သည်။ လွန်ခဲ့သည့်လ အနှောင်းပိုင်းက တောင်ကိုရီးယားနိုင်ငံရှိ ကျေးရွာတစ်ရွာ၌ အမေရိကန်က ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို ကပျာကသီ တပ်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီနည်းလမ်းနှင့် ကိုက်ညီမှုမရှိဟု မွန်းက ဝေဖန်ခဲ့ပြီး မိမိသမ္မတဖြစ်လာလျှင် ဒုံးခွင်းဒုံးဖြန့်ကြက်မှုကို ပြန်လည်သုံးသပ်ရလိမ့်မည်ဟုဆိုခဲ့သည်။

၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲ ပြီးဆုံးခဲ့ချိန်မှစ၍ နှစ်ပိုင်းကွဲသွားခဲ့ရသော ကိုရီးယားကျွန်းဆွယ်ရှိ နိုင်ငံနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး ရည်မှန်းချက်အတွက် လုပ်ကိုင်လိုသူအဖြစ် မွန်းအား ရှုမြင်ကြလျက်ရှိပေရာ "ကိုရီးယားငြိမ်းချမ်းရေး တံခါးဖွင့်ပေးမည့် မွန်းဂျေအင်း" ဟူ၍ ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

*Reference :*
*South Korea Elects Moon Jae-in, Who Backs Talks With North, as President*



ကိုရီးယားစစ်မဲ့ဇုန်အနီးရှိ ပါဂျူးမြို့၌ ကိုရီးယားနှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးအတွက် ကက်သလစ်ခရစ်ယာန်ဘာသာဝင်များ စုဝေးကာ ဆုတောင်းခဲ့ကြသည့် မှတ်တမ်းပုံ။ **ဓာတ်ပုံ–** ibtimes.com

# ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

*ယခုသီတင်းပတ်အတွင်း ပေါ်ထွက်လာခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာအကောင်းဆုံး သတင်းတွေကို ကြေးမုံပရိသတ်အတွက် ရွေးချယ်ဖော်ပြလိုက်ရပါတယ်။*

## အချစ်ဟောင်းအတွက် ထောက်ပံ့ပေးခဲ့တဲ့ နစ်ခ်ဂျိုးနက်စ်

လတ်တလောမှာ တေးသီချင်းသစ်တစ်ပုဒ်ကို ထုတ်လွှင့်ခဲ့တဲ့ ပေ့ါပ်အဆိုတော် မိုင်လီဆိုင်းရပ်စ်ကို တစ်ချိန်က အချစ်ဟောင်းတစ်ဦးဖြစ်ခဲ့တဲ့ တေးသံရှင် နစ်ခ်ဂျိုးနက်စ်က တေးသီချင်းသစ်နဲ့ပတ်သက်ပြီး ထောက်ပံ့မှုတွေပေးခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁၁ ရက်မှာ မိုင်လီဆိုင်းရပ်စ်က သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Malibu"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ယင်းတေးသီချင်းကို ထုတ်လွှင့်ခဲ့ပြီးနောက် မေ ၁၂ ရက်မှာတော့ နစ်ခ်ဂျိုးနက်စ်က မိုင်လီရဲ့ တေးသီချင်းကို သူ့ရဲ့အိုင်ဖုန်းပေါ်မှာ ဖွင့်ထားတဲ့ပုံကို ဓာတ်ပုံရိုက်ကူးထားကာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒ့ါအပြင် နစ်ခ်ဂျိုးနက်စ်က မိုင်လီဆိုင်းရပ်စ်ရဲ့ တေးဗီဒီယိုကို ရိုက်ကူးထားတဲ့ ဓာတ်ပုံနဲ့အတူ လက်မထောင်ထားတဲ့ပုံ အီမိုဂျီအရုပ်လေးတွေကိုလည်း ဓာတ်ပုံရဲ့ အောက်ဘက်ပိုင်းမှာ မှတ်ချက်ပြု ဖော်ပြခဲ့ကာ ကောင်းမွန်တဲ့တေးသီချင်းတစ်ပုဒ်ဖြစ်ကြောင်း သူ့ရဲ့ထောက်ခံမှုကိုပါ လှစ်ဟပြခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ အသက် (၂၄)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မိုင်လီဆိုင်းရပ်စ်ရဲ့ နောက်ဆုံးထုတ်လွှင့်ထားတဲ့တေးသီချင်း "Malibu" ရဲ့ တေးဗီဒီယိုမှာတော့ မိုင်လီဆိုင်းရပ်စ်ဟာ ယခင်ထုတ်လွှင့်ခဲ့ပြီးတေးသီချင်းအချို့မှာကဲ့သို့ ပူလောင်တဲ့အပြင်အဆင်မျိုးတွေကို မတွေ့ရဘဲ အေးချမ်းတဲ့ အရောင်ဖျော့ဖျော့တွေကို ရွေးချယ်ဝတ်ဆင်ထားကာ သဘာဝရှုခင်းတွေနဲ့ အလှတွေကို အလေးပေးရိုက်ကူးထားတာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒ့ါအပြင် ယင်းတေးသီချင်းဟာ မိုင်လီဆိုင်းရပ်စ်ရဲ့ လက်ရှိချစ်သူ လီယမ်ဟမ်းစ်ဝေါ့သ်နေထိုင်ရာ မလီဘူးလ်မြို့အကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ အချစ်ဇာတ်လမ်းတွေအကြောင်း ရေးဖွဲ့ထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး မိုင်လီဆိုင်းရပ်စ်ကိုယ်တိုင်ရေးသားထားတာဖြစ်တယ်လို့လည်း သိရပါတယ်။

မိုင်လီဆိုင်းရပ်စ်ဟာ လာမယ့် မေ ၂၁ ရက်မှာ အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်စ်မှာ ကျင်းပမယ့် တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ "Billboard Music Awards"ဆုပေးပွဲကြီးမှာ "Malibu"တေးသီချင်းကို ပထမဆုံးအကြိမ်အဖြစ် တိုက်ရိုက်ဖျော်ဖြေတင်ဆက်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။ လတ်တလောမှာတော့ "Malibu"တေးသီချင်းဟာ တေးဂီတဝက်ဘ်ဆိုက်တွေပေါ်မှာ ကူးယူနားဆင်မှုအကြိမ်အများဆုံးရရှိထားတဲ့ တေးသီချင်းအဖြစ် ထိပ်ဆုံးမှရပ်တည်နေကာ ဒီလိုအောင်မြင်ခဲ့မှုအတွက်လည်း မိုင်လီဆိုင်းရပ်စ်က သူ့ကိုအားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။




## "Two Ghosts"က တေလာဆွစ်အကြောင်းမဟုတ်ရပါဘူး




တစ်ကိုယ်တော်တေးသံရှင်အဖြစ် စတင်ခြေလှမ်းလှမ်းဖို့ရာ ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို မကြာသေးမီက ထုတ်လွှင့်ခဲ့တဲ့ ဗြိတိန်ပေ့ါပ်ကြယ်ပွင့် ဟယ်ရီစတိုင်ဟာ တေးအယ်ဘမ်ထွက်ရှိပြီးတဲ့နောက်မှာတော့ တေးအယ်လ်ဘမ်မှာပါဝင်နေတဲ့ တေးသီချင်းသစ်တစ်ပုဒ်ဟာ ချစ်သူဟောင်းတေလာဆွစ်အကြောင်း ရေးသားထားတာဖြစ်တယ်လို့ အများရဲ့ ဝေဖန်မှုတွေနဲ့ ဆက်တိုက်ကြုံလာရပါတယ်။ ဒီဝေဖန်သံတွေကြောင့် မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ဘီဘီစီရေဒီယိုရဲ့ အင်တာဗျူးတစ်ခုမှာတော့ ဟယ်ရီစတိုင်က အများဝေဖန်သံတွေဟာ မဟုတ်မှန်ကြောင်း ပြန်လည်ငြင်းဆိုခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဗြိတိန်ရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း အဖွဲ့လိုက်လှုပ်ရှားမှုတွေကို ခေတ္တရပ်နားထားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက်မှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးဂီတလှုပ်ရှားမှုတွေကို စတင်လုပ်ဆောင်ဖို့အတွက် ပထမဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မေ ၁၂ရက်မှာတော့ ဟယ်ရီစတိုင်ရဲ့ ပထမဆုံးသောတစ်ကိုယ်တော်တေးအယ်လ်ဘမ် "Harry Styles"ကို စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်မှာ ပါဝင်နေတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Two Ghosts"ဟာ ဟယ်ရီစတိုင်နဲ့တစ်ချိန်က ချစ်သူတွေအဖြစ်လက်တွဲခဲ့တဲ့ တေလာဆွစ်အကြောင်း ရေးသားထားတာဖြစ်တယ်လို့ ဝေဖန်မှုတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

"Two Ghosts"တေးသီချင်းမှာတော့ ဟယ်ရီစတိုင်က ဇာတ်ကောင်အဖြစ်ဖန်တီးရေးသားထားတဲ့ မိန်းကလေးဟာ တေလာဆွစ်ရဲ့ သီးသန့်ပုံစံလို့ဆိုနိုင်တဲ့ အနီရောင်ရဲရဲနှုတ်ခမ်းနီကို ဆိုးထားကြောင်း၊ အပြာရောင်မျက်လုံးတွေကို ပိုင်ဆိုင်ကြောင်း၊ စုံတွဲအင်္ကျီကို ဝတ်ဆင်ထားကြောင်းနဲ့ သူတို့နှစ်ဦးသား ပုံစံတူတက်တူးကိုလည်း ရေးထိုးထားကြောင်း ဟယ်ရီစတိုင်က ရေးဖွဲ့သီဆိုထားတဲ့အတွက် ယင်းတေးသီချင်းဟာ ဟယ်ရီအနေနဲ့ တေလာဆွစ်ကို ရည်ရွယ်ထားတာဖြစ်တယ်လို့ အများကဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့က ပြုလုပ်ခဲ့တဲ့ ဘီဘီစီရေဒီယိုနဲ့ အင်တာဗျူးမှာတော့ အစီအစဉ်တင်ဆက်သူက ဟယ်ရီစတိုင်ကို ဝေဖန်သံတွေနဲ့ပတ်သက်ပြီး အတည်ပြုချက်ရယူခဲ့ရာမှာတော့ ဟယ်ရီစတိုင်က အဖြေကို လှည့်ပတ်ပြောကြားနေခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်တာဗျူးအဆုံးသတ်မှာ "Two Ghosts"သီချင်းကို ထုတ်လွှင့်ဖို့ စီစဉ်ခဲ့ပြီး တေလာဆွစ်အကြောင်းရေးထားတဲ့ တေးသီချင်းကို ထုတ်လွှင့်ပေးတော့မှာဖြစ်ကြောင်း ပြောကြားခဲ့ရာမှာတော့ ဟယ်ရီစတိုင်က တေလာဆွစ်အကြောင်းမဟုတ်ကြောင်း ငြင်းဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

## ဟွန်ဘင်းနဲ့အတူ တွဲဖက်သရုပ်ဆောင်ဖို့ကမ်းလှမ်းခံထားရတဲ့ ဂျန်ဒုံဂန်




ရုပ်သံဇာတ်လမ်းတွဲတွေမှာ မတွေ့မြင်ရတာ နှစ်များစွာကြာခဲ့ပြီဖြစ်တဲ့ တောင်ကိုရီးယားမင်းသား ဂျန်ဒုံဂန်ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲသစ် တစ်ကားမှာ ထိပ်တန်း မင်းသားတစ်ဦးဖြစ်တဲ့ ဟွန်ဘင်းနဲ့အတူ တွဲဖက်ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခံထားရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်ဒုံဂန်ဟာ ဟွန်ဘင်းခေါင်းဆောင်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Rampant"မှာ ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခံထားရတာဖြစ်ပြီး လတ်တလောအချိန်အထိတော့ ဂျန်ဒုံဂန်ဘက်က ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းတော့ မရှိသေးကြောင်းလည်း သိရပါတယ်။

"Rampant"ဇာတ်လမ်းတွဲရုပ်ရှင်ဟာ တောင်ကိုရီးယားနိုင်ငံရဲ့ အလယ်ခေတ်ကို နောက်ခံထားဖန်တီးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး ညဘက်မှသာ ပေါ်ထွက်လာတတ်တဲ့ သရဲတွေနဲ့ လူသားတွေအကြားက တိုက်ပွဲတွေအကြောင်း ဇာတ်လမ်းဆင်ဖန်တီးသွားမယ့် သည်းထိတ်ရင်ဖို ရုပ်ရှင်အမျိုးအစားလည်း ဖြစ်ပါတယ်။

ဟွန်ဘင်းကတော့ ယင်းဇာတ်လမ်းတွဲရုပ်ရှင် "Rampant"ရဲ့ အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ လီချောင်း နေရာက ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ပြီး လီချောင်းဟာ သရဲတွေကို နှိမ်နင်းဖို့ ကြိုးပမ်းသွားမှာကို တွေ့ရမှာဖြစ်ပါတယ်။ ဂျန်ဒုံဂန်ဟာတော့ လီချောင်းရဲ့ ငယ်သူငယ်ချင်းတစ်ဦးဖြစ်ပြီး သူနဲ့ ဆန့်ကျင်ဘက်ဇာတ်ကောင်စရိုက်ကို ပိုင်ဆိုင်ထားတဲ့ သူအဖြစ် ပါဝင်သရုပ်ဆောင်ပေးဖို့ ကမ်းလှမ်းခြင်းခံထားရတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ❑

## ကတ်တီပါရီရဲ့ တေးဗီဒီယိုသစ် စတင်ထုတ်လွှင့်

နာမည်ကျော် ပေ့ါပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ဖြစ်တဲ့ "Bon Appetit" ရဲ့ တေးဗီဒီယိုကို စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Bon Appetit"တေးဗီဒီယိုဟာ လေးမိနစ်ခန့်ကြာမြင့်ပြီး တေးဗီဒီယိုမှာတော့ ကတ်တီပါရီဟာ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးဗီဒီယိုတွေမှာကဲ့သို့ ဆွဲဆောင်မှုပြင်းလွန်းတဲ့ ဟန်ပန်တွေကို တွေ့မြင်ခဲ့ရပါတယ်။ ယင်းတေးသီချင်းကိုတော့ ကတ်တီပါရီနဲ့အတူ အခြားသောနာမည်ကျော် ဟစ်ဟော့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ မစ်ဂိုးစ်က ပါဝင်အားဖြည့်သီဆိုပေးထားတာဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောထုတ်လွှင့်ခဲ့တဲ့ ကတ်တီပါရီရဲ့ တေးဗီဒီယိုမှာတော့ ကတ်တီပါရီကို စားသောက်ပွဲတစ်ခုအဖြစ် ဖန်တီးထားတာတွေ့ရပြီး မီးဖိုခန်းထဲမှ စားသောက်ခန်းအတွင်းသို့ ကတ်တီပါရီကိုသယ်ဆောင်လာကာ ဟင်းပွဲတစ်ပွဲနှယ် ပြင်ဆင်ထားပုံကို ရိုက်ကူးဖန်တီးထားတာကို တွေ့ရပါတယ်။ ယင်းတေးဗီဒီယိုသစ်ကို အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသခဲ့ရာမှာတော့ ပရိသတ်တွေရဲ့ အပြုသဘောဆောင်တဲ့ ဝေဖန်မှုတွေကို ရခဲ့သလို ပြစ်တင်ဝေဖန်သံတွေဟာလည်း တစ်ပြိုင်နက်တည်းပေါ်ထွက်လာတာကိုလည်း တွေ့ရပါတယ်။

YouTube ပေါ်မှာ ဖော်ပြခဲ့တဲ့ "Bon Appetit" တေးဗီဒီယိုရဲ့ အောက်မှာတော့ ကတ်တီပါရီရဲ့ ပရိသတ်အချို့က ကောင်းမွန်တဲ့ဗီဒီယိုတစ်ခုဖြစ်ကြောင်း ရေးသားဖော်ပြကြသလို အချို့ကလည်း ကတ်တီပါရီရဲ့ ဂန္ထဝင်လက်ရာဗီဒီယိုတစ်ခုဖြစ်ကြောင်း ချီးကျူးခဲ့ကြတာတွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ အချို့သော ပရိသတ်တွေကလည်း ယင်းတေးဗီဒီယိုအပေါ် အဆိုးမြင်ခဲ့ကြတာကို တွေ့ရပါတယ်။ ပရိသတ်တစ်ဦးက ဒီဗီဒီယိုဟာ ကတ်တီပါရီအနေနဲ့ လူသားအချင်းချင်းပြန်လည်စားသုံးတဲ့ ဇာတ်တူသားစားသူတစ်ဦးဖြစ်တာကို လှစ်ဟပြနေကြောင်းနဲ့ အခြားသောပရိသတ်တစ်ဦးကတော့ ယင်းတေးဗီဒီယိုဟာ အရာရာကို လွှင့်ပစ်ချင်စိတ်ဖြစ်ပေါ်စေကြောင်းနဲ့ ဗီဒီယိုမှာပါဝင်နေတဲ့အရာတွေအားလုံးဟာ မှားယွင်းနေကြောင်း မှတ်ချက်ပြုရေးသားထားတာကို တွေ့ရပါတယ်။

အေးပြည့်-ရေးသားသည်

# ရေမဆေးကျောက်ရှာဖွေသူများနှင့် ကုမ္ပဏီများကြားမှပြဿနာအား မည်သူ့မျက်နှာမျှမထောက် ဖြေရှင်းသွားမည်ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ပြောကြား



**ခန္တီး မေ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် နန်စီပွန်ကျေးရွာအနီးရှိ နန်စီပွန်ကျောက်စိမ်းမှော်တွင် ရေမဆေးကျောက် ရှာဖွေသူများနှင့် ကုမ္ပဏီများကြား ဖြစ်ပွားလျက်ရှိသော ပြဿနာများနှင့် ပတ်သက်ပြီးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က တိုင်းပြည်ရဲ့အနာဂတ်အတွက်၊ ဒေသခံတွေရဲ့ အနာဂတ်အတွက် ရှေ့ကိုတစ်မျှော်တစ်ခေါ်ကြီးစဉ်းစားပြီး လုပ်သင့်တဲ့အလုပ်ကို ဆက်ပြီးတော့ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နန်စီပွန်ကျောက်စိမ်းမှော်သို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မေ ၁၂ ရက် နံနက်ပိုင်းတွင်သွားရောက်ပြီး ကျောက်စိမ်းလုပ်ကွက်များ၊ လုပ်ငန်းလုပ်ဆောင်နေမှုများ၊ စွန့်ပစ်မြေစာပုံများ စွန့်ပစ်မှုအခြေနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးနောက် နန်စီပွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည့် ဒေသခံရေမဆေးကျောက်ရှာဖွေသူများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ခန္တီးမြို့နယ်မှ နန်စီပွန် ကျောက်စိမ်းမှော်တွင် ရေမဆေးကျောက်လာရောက် ရှာဖွေသူကိုထွန်းထွန်းဝင်းက "ဒီမှာက စွန့်ပစ်မြေစာပုံတွေမှာ ရှာဖွေတဲ့သူတွေနဲ့ ကုမ္ပဏီလုပ်ကွက်ထဲတွင် ပုံထားတဲ့မြေစာပုံတွေမှာ ဝင်ရောက်ရှာဖွေကြတဲ့သူတွေရှိတယ်။ စွန့်ပစ်မြေစာပုံတွေမှာ ရှာတဲ့သူတွေက ဘာပြဿနာမှမရှိဘူး။ ရပေါက်ရလမ်းနည်းတယ်။ ထိခိုက်မှုလည်းမရှိဘူး။ စွန့်ပစ်မြေစာပုံတွေမှာ ကျောက်ရှာကြတာအဆင်မပြေတော့ ကုမ္ပဏီလုပ်ကွက်ထဲက တူးထားတဲ့မြေစာပုံတွေမှာ ဝင်ရှာကြတဲ့သူတွေက ဘက်ဟိုးတွေနဲ့ ထိခိုက်မိတာတို့ လာပြီးတားကြတာတို့အတွက် ပြဿနာဖြစ်ကြတာပါ့" ဟု ပြောသည်။

နန်စီပွန်ကျောက်စိမ်းမှော်တွင် ယခင်က ဒေသခံရေမဆေးကျောက်ရှာဖွေသမားများ သာရှိစဉ်က ပြဿနာတစ်စုံတစ်ရာမရှိသော်လည်း လွန်ခဲ့သည့် သုံးနှစ်ခန့်မှစတင်ပြီး ကျောက်စိမ်းမှော်သည်နာမည်ရလာပြီး တခြားဒေသများမှ ရေမဆေးကျောက်ရှာဖွေသမားများလာရောက်လုပ်ကိုင်မှုများပြားလာပြီး ယခုကဲ့သို့ပြဿနာများ ဖြစ်ပွားလာခြင်းဖြစ်ရာ အဆိုပါပြဿနာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

ရေမဆေးကျောက် ရှာဖွေရေးလုပ်ငန်းကို နှစ် ၂၀ ကျော်ကြာ လုပ်ကိုင်သူ နန်စီပွန်ကျေးရွာမှ ဦးရှမ်းလေးက "ရေမဆေးကျောက်ရှာသမားတစ်ယောက်ရဲ့ဝင်ငွေက ခန့်မှန်းလို့မရပါဘူး။ ကျောက်ဆိုတာက ရှာတိုင်းလည်းရတာမဟုတ်သလိုရချင်တဲ့နေ့မှရတာပါ။ တစ်နှစ်နေလို့တစ်ခါရချင်မှလည်းရတာ၊ ကံကောင်းတဲ့ အချိန်မှရတာ။ ဒီဒေသမှာက ကျွန်တော်တို့လို ဒေသခံရေမဆေးကျောက်ရှာဖွေသမားတွေက အဓိကစီးပွားရေးလုပ်ငန်းလိုဖြစ်နေတဲ့အတွက် လုပ်နေကြတာပါ။ ဟိုတုန်းက အခုလို ပြဿနာမရှိခဲ့ဘူး" ဟု ပြောသည်။

နန်စီပွန်ကျောက်စိမ်းမှော်သည် ခန္တီးမြို့မှ မိုင် ၃၀ ခန့်ကွာဝေးပြီး နွေရာသီတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်နိုင်ပြီး မိုးရာသီတွင် ရေလမ်းမှ သွားရောက်နိုင်ကြောင်းနှင့် မှော်အတွင်း ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီ ၈၆ ခုမှ သက်တမ်းကျန်လုပ်ကွက်ပေါင်း ၂၁၄၄ ခုတွင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နမ့်စန်တွင် နမ့်လတ်ချောင်းတစ်လျှောက် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်



**နမ့်စန်(တ) မေ ၁၃**
ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် မြို့လယ်မှ ဖြတ်သန်းစီးဆင်းလျက်ရှိသော နမ့်လတ်ချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းသန့်ရှင်းရေးတို့အတွက် မေ ၁၃ ရက် နံနက် ၇ နာရီမှ နံနက် ၁၀ နာရီထိ ရေချောင်းတစ်လျှောက် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါချောင်းသန့်ရှင်းရေးတွင် နမ့်စန်ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီး မောင်မောင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်တို့ ဦးစီး၍ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုများ စုစုပေါင်းအင်အား ၃၂၀ ခန့်က နမ့်လတ်ချောင်းတစ်လျှောက် ချုံနွယ်များခုတ်ထွင်ခြင်း၊ သစ်ကိုင်းများရှင်းလင်းခြင်းနှင့် ချောင်းတွင်းရှိ အမှိုက်များဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သူရအောင်(ပြန်/ဆက်)**

## ဗန်းမော်တွင် မိခင်နှင့်ကလေးကျန်းမာရေးအသိပညာပေး

**ဗန်းမော် မေ ၁၃**
ကချင်ပြည်နယ် ဗန်းမော်မြို့တွင် အရှေ့သာစည်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း၌ မေ ၁၂ ရက် နံနက် ၁၀ နာရီက မိခင်နှင့်ကလေးကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ဗန်းမော်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်း၊ ဗန်းမော်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ညိုနှင့် သားဖွားခန်းမှ ကျန်းမာရေးဆရာမ ဒေါ်အေးလဲ့ဝင်းတို့က ကိုယ်ဝန်ဆောင်ချိန်တွင် ကျန်းမာရေးကိုဂရုစိုက်နေထိုင်ရမည့်အကြောင်းကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၏ အန္တရာယ်အခြေအနေနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေးအကြောင်းကိုလည်းကောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်းကိုလည်းကောင်း၊ မွေးကင်းစကလေးကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ မိခင်နို့ချိုတိုက်ကျွေးရေးစသည့် အမျိုးသမီးနှင့် ကိုယ်ဝန်ဆောင်ကျန်းမာရေးဆိုင်ရာအကြောင်းများ အသိပညာပေးဟောပြောခဲ့ရာ တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်မိခင်များက သိလိုသည်များကိုမေးမြန်းဆွေးနွေးခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပညာရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးကို ဖန်တီးပေး

**ပခုက္ကူ မေ ၁၃**
ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ပြုလုပ်ခဲ့ရာတွင် တိုင်းဒေသကြီး ပြည်နယ်များမှ ပူးပေါင်းပါဝင်ဆွေးနွေးအကြံပြုခဲ့ကြသူများအား အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း စတင်ဆောင်ရွက်နေမှု ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မေ ၁၂ ရက် နံနက် ၈ နာရီခွဲက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ကူညီပံ့ပိုးနိုင်ရန်စီမံကိန်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းပြုစုခဲ့ပုံနှင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်မှုကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းက ပညာရေးဝန်ကြီးဌာနသည် သုံးနှစ်ခွဲကြာကာလအတွင်း ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အထောက်အထားအခြေပြု အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ရေးဆွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မဟာဗျူဟာမြောက် အပြောင်းအလဲကို ပေါက်မြောက်အောင်မြင်စေမည့် မဟာဗျူဟာများမှာ မူကြိုနှင့်သူငယ်တန်းပညာရေး၊ အခြေခံအခွင့်အလမ်း၊ အရည်အသွေးနှင့်အကျုံးဝင်မှု၊ အခြေခံသင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့်စာမေးပွဲများ ကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့်စီမံခန့်ခွဲမှုတို့ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် ထိုနိုင်ငံရှိနိုင်ငံသားများ၏ အသိပညာဗဟုသုတကျွမ်းကျင်မှုများနှင့် တတ်ကျွမ်းမှုများပေါ်တွင် မူတည်လျက်ရှိပြီး ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသောနိုင်ငံများသည် လူမှုရေး၊ စီးပွားရေးကြွယ်ဝတိုးတက်ခြင်းကဲ့သို့သော ကြီးမားသည့် ရေရှည် အကျိုးဖြစ်ထွန်းမှုများ ခံစားရမည်ဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံသားတစ်ဦးချင်းစီ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန် အခွင့်အလမ်းများဖန်တီးပေးပြီး မိမိတို့ရပ်ရွာဒေသအသိုက်အဝန်းတွင် အောင်မြင်သောသူများဖြစ်လာစေကာ အမျိုးသားလူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အထောက်အကူဖြစ်စေပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို ကဏ္ဍအလိုက် အပြန်အလှန်ခြုံငုံ ဆွေးနွေးတင်ပြကြသည်။ အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဇော်ဝင်းနှင့် ဒေါ်ဇင်နီနီဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်း၊ ပခုက္ကူခရိုင် အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင်နှင့်မြို့နယ်ပညာရေးမှူး၊ ပခုက္ကူတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်များမှ ဆရာကြီး၊ ဆရာမကြီးများ၊ ပခုက္ကူမြို့ အ-ထ-က ကျောင်းများမှ ဆရာ ဆရာမများ၊ စာရေးဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**ရေး မေ ၁၃**
မွန်ပြည်နယ် ရေးမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်ကော်မတီ (၃)ရပ်မှ အဖွဲ့ဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီဝင်များ၊ ပြည်သူများတွေ့ဆုံပွဲကို မေ ၁၂ ရက်က ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ရွှေဆံတော်ဓမ္မာရုံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်က နယ်မြေခံလူထု၏သဘောထား လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးမှုများကို ပြည်သူလူထု၏ လိုလားချက်များဖြင့် ညှိနှိုင်းဆောင်ရွက်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက လွှတ်တော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




## လေ့လာရေးခရီးသွားရောက်မည့် သင်တန်းသား သင်တန်းသူများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တွေ့ဆုံမှာကြား



**လွိုင်ကော် မေ ၁၃**
လေကြောင်းလူငယ် အခြေခံသင်တန်း (လွိုင်ကော်) အမှတ်စဉ် (၁/၂၀၁၇) လေ့လာရေးခရီး သွားရောက်မည့် သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားခြင်းကို မေ ၁၂ ရက် မွန်းတည့် ၁၂ နာရီက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒေသကွပ်ကဲရေးမှူး၊ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးများ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လေကြောင်းလူငယ် အခြေခံသင်တန်း(လွိုင်ကော်) အမှတ်စဉ် (၁/၂၀၁၇) လေ့လာရေးခရီး သွားရောက်မည့် သင်တန်းသား သင်တန်းသူများအား ဩဝါဒစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် တစ်ဦးချင်း ထောက်ပံ့ငွေများအား သင်တန်းသားများ ကိုယ်စား သင်တန်းခေါင်းဆောင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **ပြည်နယ် ပြန်/ဆက်**

# ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှုများဆောင်ရွက်

**ဘားအံ မေ ၁၃**
ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်မှု၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးခြင်းနှင့် (UN Global Road Safety Week May 8-14) စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းကို မေ ၁၂ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ရှေးဦးစွာ ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဦးက ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး အမှတ် (၁၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး၊ ရဲမှူးမြင့်နိုင်က တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများအား ပညာပေးဟောပြောသည်။

ဆက်လက်၍ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (UN Global Road Safety Week May 8-14) အနေဖြင့် ဘားအံမြို့ အ-ထ-က (၁) နှင့် (၄) ကျောင်းများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ကျောင်းသား ကျောင်းသူများ၏ စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသော နန်းလင်းမြမြအေး၊ ဒုတိယဆုရရှိသော မခင်မြနှင်း၊ တတိယဆုရရှိသော စောတင်ထွဋ်ဦးနှင့် နှစ်သိမ့်ဆုရရှိသော မအေးမြမြဦးတို့အားလည်းကောင်း၊ ပန်းချီပြိုင်ပွဲတွင် အကြီးတန်း၊ အငယ်တန်း အထူးဆုရရှိသော မောင်ထက်လင်းမင်းနှင့် မနီနီအောင်တို့အား ပြည်နယ်ဝန်ကြီးက ဆုချီးမြှင့်ပေးပြီး ခင်းကျင်းပြသထားသော ပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# တွံတေးမြို့နယ် မြကန်သာကျေးရွာအတွင်းရှိ သောက်သုံးရေကန်များပြန်လည် တူးဖော်ပေး

တွံတေး မေ ၁၃
နွေရာသီကာလ အပူရှိန်လွန်ကဲလာပြီး ကျေးရွာအတွင်း သောက်သုံးရေကန်များ ခန်းခြောက်စပြုလာသဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မြကန်သာကျေးရွာအတွင်းရှိ သောက်သုံးရေကန် (သုံး) ကန်အား မေ ၁၂ ရက်နံနက်မှစတင်၍ စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးလျက်ရှိသည်။

မြကန်သာကျေးရွာတွင် အိမ်ခြေ (၃၅၀)၊ အိမ်ထောင်စု (၄၀၀)၊ လူဦးရေ (၁၅၀၀) ရှိပြီး ကျေးရွာအတွင်းရှိ သောက်သုံးရေကန် (သုံး) ကန်တွင် အပူရှိန်လွန်ကဲမှုကြောင့် ရေကန်များ ခန်းခြောက်စပြုလာသဖြင့် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ (ရန်ကုန်တိုင်း) နှင့် စိတ္တသုခကုသိုလ်ပြုအသင်း (တွံတေး) တို့မှ ကြီးကြပ်၍ မြကန်သာကျေးရွာရှိ အလျား ပေ ၁၅၀၊ အနံပေ ၁၀၀ ပတ်လည်ရှိ သောက်သုံးရေကန်သုံးကန်အား ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံမှုရှိပြီး ရေအခက်အခဲမဖြစ်စေရန် ပြန်လည်တူးဖော်ပေးခြင်းဖြစ်သည်။

မြကန်သာကျေးရွာရှိ သောက်သုံးရေကန်များအား ဘေးပေါင်ချဲ့ခြင်း၊ အနက်တူးဖော်ခြင်း၊ တိမ်ကောမှုအား အသစ်ပြန်လည်တူးခြင်းများ ဆောင်ရွက်ပေးနေစဉ် ကျေးရွာအတွင်းရှိ ပြည်သူလူထု သောက်သုံးရေအခက်အခဲမဖြစ်စေရန် စိတ္တသုခကုသိုလ်ပြုအသင်း (မြဂိုး) အသင်းခွဲမှ တာဝန်ယူ၍ရေများ အဆက်မပြတ် ပို့ဆောင်ပေးနေကြောင်း သိရသည်။

စိတ္တသုခကုသိုလ်ပြု (မြဂိုး) အသင်းခွဲမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ကိုဇော်ဇော်လတ်က "ဒီကျေးရွာက ရေကန်တွေကတိမ်တယ်။ ရေသိပ်မဆံ့ဘူး။ အခုစက်နဲ့ပြန်ပြီးဘေးချဲ့ခြင်း၊ အနက်ဖော်ပေးခြင်းတွေဆောင်ရွက်နေပါတယ်။ ရေကန်တွေပြီးသွားရင် လာမယ့်နှစ်တွေမှာ ရေအခက်အခဲမရှိတော့ပါဘူး" ဟု ပြောသည်။ မျိုးလှိုင် (တွံတေး)



## JICA ရေပေးဝေရေးလုပ်ငန်း အောင်မြင်စွာဖွင့်လှစ်နိုင်ပြီဖြစ်၍ ပြည်သူများရေကောင်းရေသန့်သုံးစွဲနိုင်

**ဖျာပုံ မေ ၁၃**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် JICA ODA Loan ဂျပန်နှစ်ရှည်ချေးငွေဖြင့် ဆောင်ရွက်ထားသော ဖျာပုံမြစ်ရေကို ရေကောင်းရေသန့်အဖြစ် မြို့နေပြည်သူများ သောက်သုံးနိုင်ရန် ထုတ်လုပ်နေသည့် စက်ရုံအားဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ရေချိုရှားပါးပြီး ရေငန်ဝင်ရောက်ရာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့် ဖျာပုံမြို့နယ်တွင် နှစ်ပေါင်းများစွာ သောက်သုံးရေရှားပါးပြီး မြေသားမိုးရေလှောင်ကန်များကို သာအားထားနေရသဖြင့် ယခုလို PH7 အဆင့်သောက်သုံးရေကို ဖြန့်ဖြူးပေးနိုင်ခြင်းမှာ ဖျာပုံမြို့တွင်သမိုင်းတွင်ရစ်မည့် လုပ်ဆောင်ချက်ဖြစ်ပြီး လုပ်ဆောင်ပေးသည့် တာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း မေ ၁၃ ရက် နံနက်ပိုင်းက အဆိုပါ စက်ရုံမုခ်ဦး၌ ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနားတွင် ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦးနှင့် JICA Myanmar Office မှတာဝန်ရှိသူတစ်ဦးတို့က လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် ဆက်လက်လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး အထိမ်းအမှတ်အလံများ လဲလှယ်က ဖွင့်ပွဲအခမ်းအနားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်၊ ဖျာပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦး၊ JICA Myanmar Office မှ မစ္စတာယူရှိဖူမီတိုဂိရှီးဂဲတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက် ၁၃ ခု၊ အိမ်ခြေ (၄၇၀၀)၊ လူဦးရေ(၂၅၀၀၀)ခန့်တို့ကို တစ်ရက်လျှင် ရေဂါလန်ခြောက်သောင်းခန့် မြို့နေပြည်သူများထံအိမ်တိုင်ရာရောက် ဖြန့်ဝေပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၅၄၀)**

စိန်ပွင့်
မြေနီကုန်း၊ ဘိုကလေးဈေး၊ သိမ်ကြီးဈေး၊ ကမ္ဘာအေး၊ စံရိပ်ငြိမ်

Back to School
1.5.2017 - 11.6.2017

ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ
ထမင်းဘူး၊ ရေဘူးနှင့်ထမင်းချိုင့်များ
ကျောင်းဝတ်စုံ(ဖြူ/စိမ်း)
ကျောပိုးအိတ်များ၊ မိုးကာနှင့် ထီးများကို
အထူးဈေးနှုန်းဖြင့်
ရောင်းချပေးသွားပါမည်။

BIG SAVE

Back to School အစီအစဉ်တွင်
ပါဝင်သည့်ပစ္စည်းများကို
ကျပ်(၃၀,၀၀၀) ဖိုးနှင့်အထက် ဝယ်ယူသူတိုင်း
လက်ဆောင်ပစ္စည်းများ ရရှိပါမည်။

Get Gift






The 4th International Exhibition for Food & Drink, Hotel, Restaurant Bakery & Food Service Equipment, Supplies & Services
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ အစားအသောက် နှင့် အဖျော်ယမကာ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ မုန့်ဖုတ်လုပ်ငန်းသုံးပစ္စည်း၊
အထောက်အကူပစ္စည်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ကုန်စည်ပြပွဲ

Back @ MCC

FOOD & HOTEL 2017
Myanmar
7- 9 JUNE 2017
Myanmar Convention Centre (MCC)
Yangon (10.00 -18.00 Hrs.)

Including: MCAC 2017, MNBC 2017

Including: Over 200 Exhibitors • 24 countries • 500 Products • 6 International Pavilions from Korea, Singapore, Taiwan, Thailand, Turkey and USA

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire





The Industry's Choice

Register at
www.foodandhotelmyanmar.com
Info Hotline : +95-1 513 515-519

Supported by: FoSTA, MFPEA
Endorsed by:
Organised by: UBM



ဓားကြမ်းသြပါ ခေတ်နာဂရီ ဒီပါလိမ့်မယ်

ကျောက်ဆူး

ကမ္ဘာ့အကောင်းဆုံး
ရွှေဘိုပေါ်ဆန်းမွှေး

အမှတ်(၃၀/၁၀၇)၊ မြို့ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၁-၆၁၁၀၇၃ ၀၉-၈၆၂၀၁၇၇၊ ၀၉-၇၃၀၄၀၀၁၂၊ ၀၉-၃၃၄၅၂၂၄၀



ဖြိုး ခန်းဆီး၊ လိုက်ကာ

- ★ ခန်းဆီး၊ လိုက်ကာစ အမျိုးမျိုး
- ★ လိုက်ကာတန်း အမျိုးမျိုး
- ★ နေကာဗီတ် အထူ/အပါး အမျိုးမျိုး
- ★ မွေ့ယာ၊ အိပ်ယာခင်း နှင့် ခြင်ထောင် အမျိုးမျိုး

အမှတ်(၁၃၃)၊ ဗဟိုလမ်း (မြမ်းလမ်း)၊ ကျိုက်လတ်လမ်းထိပ်၊ အ.ထ.က(၄)အနီး၊ စမ်းချောင်း။
Ph: 01-532376, 09-73086364, 09-5197420,09-765197420



ပထမနှစ်မှ နောက်ဆုံးနှစ်အထိ ဗေဂျာစုံ၊ အတန်းစုံ စာသင်သားများအတွက်

- စာစဉ်ဖြေနည်း အထောက်အကူပြု လမ်းညွှန်စာအုပ်များ ထွက်ပြီ။
- သင်တန်းများ ကျောင်းအပ် လက်ခံပြီ။

အဝေးသင်

ဆက်သွယ်ရန်
CENTER (မြို့ထဲ) - အမှတ် ၁၆၅/၁၇၃ အခန်း - B-2၊ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်၊ ဖုန်း - ၂၅၆၆၂၁၊ ၀၉၂၆၄၂၅၆၆၂၁၊ ၂၅၀၅၂
(လှည်းတန်း) - အမှတ် ၂၃ အခန်း - B-4၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၇၃၀၀၉၂၇



MMK
မြင့်မြတ်ကျော်ကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ
(ကာလာသွပ်၊ ပါလင်မျှားတန်း၊ Deck Sheet) မျိုးစုံ နှင့် Steel Structure Fabrication
တို့ကို ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအား ဝယ်ယူလိုသည့် တန်ချိန်အလိုက် အသင့်အသုံးပြုနိုင်သော ထုတ်လုပ်အပြီး ပစ္စည်းများအား လက်ကားဈေးနှုန်း များဖြင့် ရောင်းချ ပေးနေပါသည်။

| | | |
|---|---|---|
| ကာလာသွပ် 55% အလူဇင့်(ကာလာ ၅နှစ် အာမခံ) | (0.42, 0.44)mm | တစ်တန် - (13.30) သိန်း |
| Deck Sheet/ ပါလင်မျှားတန်း (Z 80 GI Coil) | (1.0, 1.2, 1.5, 2.0)mm | တစ်တန် - (9.00) သိန်း/(9.10) သိန်း |
| Steel Structure Fabrication - H-Beam / MS Plate | | တစ်တန် - (9.10) သိန်း/(11.50) သိန်း |

နိုင်ငံတကာအဆင့်မီ (MMK) (10)ပေါက်စက်ကြီးအုတ်-(83/ks)အထိုင်ဈေး

MMK Head Office: No.(527/.529), 6th Floor, Lower Pazundaung Rd, Pazundaung Tsp.
Phone: 01-9000300, 9000301, 09-73201856, 09-73201857, 09-73098771, 09-965149148, 09-73238130
Fax: 01-299201 Website: www.mmkgroup.com Email: mmktrading999@gmail.com



၁၉၃၃ ခုနှစ် တည်ထောင်သည်။

ရွှေမန်းတောင်
အမှတ်တံဆိပ်






တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR-007525(0614)
ကြော်ငြာခွင့်ပြုချက်အမှတ်-
တာဆဝက(တနယ်ဝင်း)၀၁/၀၂၁၇

အကြောပြေ မျက်စိကြည်ဆေး

မျက်စိအမြင်အားနည်းခြင်း၊ သွေးတိုး၊ ကိုယ်လက်လေးလံ၊ ထုံကျဉ် ကိုက်ခဲ၊ ဆီး ဝမ်း လေ ချုပ်၍ အကြောတက်ခြင်း၊ လိပ်ခေါင်းရောဂါ၊ အဖြူကွက် အနီကွက်များထွက်ခြင်း၊ သွေးဆုံးမီးယပ်ရောဂါများအတွက် မြန်မာ့ဆေးစွမ်းကောင်း

ဖြန့်ချိရေး - အမှတ် (၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့ ဖုန်း - ၀၁၃၇၆၈၀၀၈၊ ၅၄၉၀၄၂ ၅၉၀၀၇၄

# iMyanmarHouse.com

အိုင်မြန်မာဟောက်စ် ဒေါ့ကွန်း မှ ကြီးမှူးကျင်းပမည့် ပဉ္စမအကြိမ်မြောက်

## မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေ အရောင်းပြပွဲကြီး

## 5th Myanmar's Biggest Property Expo

ကျပ်သိန်း (၁၀၀) ကျော်မှ စသော တိုက်ခန်းများ၊ သိန်း (၂၀၀) ကျော်မှ စသော ဂရန်မြေကွက်များ၊ သိန်း (၆၀၀) ကျော်မှ စသော ကွန်ဒိုများ ကို အထူးလျှော့ဈေးနှုန်းများ၊ (၁) နှစ်မှ (၁၅) နှစ်အထိ အရစ်ကျစနစ်များဖြင့် ဝယ်ယူနိုင်မည့်အခွင့်အရေး

ပညာရှင်များမှ အိမ်ခြံမြေနှင့်ပတ်သက်၍ သိကောင်းစရာများကိုလည်း ဟောပြောပေးမည်ဖြစ်ပါသည်၊

ပြပွဲသို့ တက်ရောက်လာသူများအား Samsung ဖုန်း ၊ Tablet များ ၊ အခြား ကျပ်သိန်း ( ၅၀ ) တန်ဖိုးရှိသော ဆုမဲပေါင်းများစွာ နှင့် Honda ကားသစ်တစ်စီးကို ကံစမ်းမဲဖောက်ပေးပါမည်။

**ပွဲတက်ရောက်ရန် ကြိုတင်စာရင်းပေးသွင်းသူများကို အထူးလက်ဆောင်ပစ္စည်းများ ပေးမည်ဖြစ်ပါသည်။**

နေ့ရက် – ၁၉ ရက်မှ ၂၁ ရက် မေလ ၂၀၁၇ ( သောကြာ၊ စနေ၊ တနင်္ဂနွေ )
အချိန် – နံနက် ၉ နာရီ မှ ညနေ ၅ နာရီ
နေရာ – တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်။

**Main Sponsors:** YOMA Strategic Holdings Ltd., Golden City

**Official Banking Partner:** Yoma Bank

ကြိုတင်စာရင်းပေးရန် =>

www.imyanmarhouse.com/expo

**Diamond Sponsors:** Spring Line, AMPS, M.K.T Construction Co.,Ltd, Strong Source Construction Co.,Ltd., SMT, Riverfront Garden, Diamond Inya Palace

**Gold Sponsors:** Polo Club (Asia) Residence, Sea View Condo, Mingalar 69 Residence, Yone Min Development, Scene Luxury Furniture Center, Vito Office Furniture, December Construction, Chantha Shwe Myay CTSM

မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။


SAMSUNG
Galaxy S8 | S8+
Unbox your Phone
Best Signal
Premium Care Service
No worry crack
from 12 May 2017 to 12 May 2018
MPT
လစဉ် ၅,၀၀၀ ကျပ်ငွေဖြည့်ပြီး အခမဲ့
အင်တာနက် လစဉ် 1.5 GB (၆) လ ရယူပါ။
စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်ရှိသည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
7AM to 11PM

# ကြော်ငြာ


**"စိုင်းခွန်နောင်" ကုမ္ပဏီ**
အိမ်ခြံမြေနှင့် ဥပဒေအကြံပေးလုပ်ငန်း
ဝယ်/ငှား သန့်ရှင်းသောနေရာကောင်းများ (ပွဲစားမလို)
01-860 3565 ~7, 09 731 65656, 09 250 373716, 09 4500 62865

| | | | |
|---|---|---|---|
| ■ မရမ်းကုန်းမင်းမဂ္ဂလာလမ်းမ၊ဂရန် | (60×80) | 1RC 1sqft | 2.9L |
| ■ တ/ဥ၊ရတနာလမ်းမ၊ဂရန် | (40×60) | 2RC | 9800L |
| ■ ကမရ(5½)မိုင်၊ဘိုးဘွား | (50×50) | 3RC | 9500L |
| ■ သဃက၊ဗိုလ်ချုပ်ရွာ(1)၊ဂရန် | (82×92) | မြေ | 6500L |
| ■ သဃက၊ဗိုလ်ချုပ်ရွာ(2)၊ဂရန် | (60×60) | 2BN | 4700L |
| ■ ရကပ၊ပါရမီရိပ်သာ၊ဂရန် | (0.052ဧက) | မြေ | 3500L |
| ■ သကတ၊ရတနာပုံအိမ်ရာ၊ပါမစ် | (25×70) | 2RC | 2700L |
| ■ ရွှေပင်လုံအိမ်ရာအနီး၊ဂရန် | (40×60) | 2BN | 1150L |
| ■ တကူ၊သိလ်ရိပ်မွန်အိမ်ရာ | (60×90) | 2RC | US4000 |
| ■ စခ၊ပြည်လမ်း(ဂုတ်) | (10890sqft) | 2RC | 55L |
| ■ သဃက၊VIP(I) | (100×100) | 2RC | 40L |
| ■ အရှေ့ဒဂုံ၊စက်မှုဇုံ၊315KVA | (2.5ဧက) | ဂိုဒေါင် | 38L |
| ■ ရွှေပေါက်ကံ၊စက်မှုဇုံ၊315KVA | (100'×200') | ဂိုဒေါင် | 36L |
| ■ ကမရ၊ဗဟိုလမ်းမ | (75×60) | မြေ | 35L |
| ■ ရကပ၊မဥ္ဇူလမ်း | (35×90) | 1½RC | 18L |


**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ တကလှဲ့ကျေးရွာ၊ ၁၃(မိုင်)မှ စောအယ်ကပေါ၊ ၁၂/တတန (ပြု) ၀၀၀၄၉၂၏ ဖခင် အမည်မှန်မှာ ဦးဒုံ(ခ) U DOM SAE TIA ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကမာရွတ်မြို့နယ်၊ အမှတ်(၃)၊ အခြေခံပညာအထက်တန်း ကျောင်းမှ အလယ်တန်းပြ ဒေါ်ပဂ္ဂီဖေ(ခ) ဒေါ်ခင်ဝင်းမာ ၁၂/ကမရ(နိုင်) ၀၄၀၆၉၂တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ခင်ဝင်းမာ

**အိမ်ခန်းငှားရန်(ပွဲစားမလို)**

ပေ(၁၈×၅၀) (ပထမထပ်) လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉-၇၉၆၉၇၄၉၆၅၊ ၀၉-၄၅၀၂၁၅၅၁၅










**Golden Floor**

**အဆင့်မြင့် ကိုရီးယားပါကေး အရောင်းခန်းမ**

- 12mm အထူရှိပြီး AC 3 Grade အပြည့်ပါရှိခြင်း။
- နိုင်ငံခြားမှတိုက်ရိုက်ကိုယ်တိုင်မှာယူတင်သွင်းသောကြောင့် ဈေးနှုန်းချိုသာပြီး Qualityမြင့်မားခြင်း
- ကျွံခြင်း၊ ကြွခြင်းများလုံးဝမရှိ၊ အပူဒဏ်ဖိအားခံနိုင်ခြင်း။
- ရေစိုခံနိုင်၍ သန့်ရှင်းရေးလုပ်ရလွယ်ကူခြင်း။
- ခေတ်မီလှပကောင်းမွန်သော ဒီဇိုင်းအမျိုးမျိုးတို့ကို တစ်နေရာတည်းတွင် စုံလင်စွာရွေးချယ်ဝယ်ယူနိုင်ပြီး အိမ်တိုင်ရာရောက် **ခင်းကျင်းမှုအပြီးအစီး** ဝန်ဆောင်မှုကောင်းများဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျသည်အထိ (နေရာဒေသမရွေး) တိုက်ရိုက်ခင်းကျင်းရောင်းချပေးနေပါသည်။

**Hot Line - 09 51 87 887, 09 40 25 86 193, 09 51 40 655**

အရောင်းခန်းမ(၁) B 1- 009 ဗညားဒလလမ်းမကြီး၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်။
အရောင်းခန်းမ(၂) လမ်း(၈၀)x(၂၄လမ်း)ထောင့်၊ မန္တလေးမြို့။ 09 40 25 99 800
အရောင်းခန်းမ(၃) ၁၃x၁၄ကြား၊ ညံ့တော၊ ပြင်ဦးလွင်မြို့။ 09 515 90 60




ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ဗိုလ်ကြီးမိုးကျော်(ငြိမ်း) (ကကလျှပ်) (၇၆)နှစ်
**စစ်မှုထမ်းဟောင်းအဖွဲ့ဝင်**
**ရွှေပေါက်ကံမြို့သစ်**

မန္တလေးမြို့နေ (ဦးထွန်းအောင်ကျော်-ဒေါ်စောရင်)တို့၏သမီး၊ ဦးကျော်ဝင်း-ဒေါ်ခင်ဘုန်းမြင့်၊ ဦးမောင်မောင်၊ ဦးသန်းထွန်း-ဒေါ်ညွန့်ညွန့်ရီ၊ ဦးခင်မောင်အေး-ဒေါ်ခင်အုန်းမြင့်(မဘောဘီ)၊ ဦးအေးကိုကို-ဒေါ်သီသီတို့၏ အစ်မကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန(ကကလျှပ်)မှ ဗိုလ်ကြီးမိုးကျော်(ငြိမ်း)သည် ၁၂-၅-၂၀၁၇ ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အမှတ်(၅၈၅)၊ ဗညားနွဲ့လမ်း၊ (၁၇/၄)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမိုးကျော်(ငြိမ်း) (ကကလျှပ်) (၇၆)နှစ်
**စစ်မှုထမ်းဟောင်းအဖွဲ့ဝင်**
**ရွှေပေါက်ကံမြို့သစ်**

ကာကွယ်ရေးဝန်ကြီးဌာန(ကကလျှပ်)မှ ဗိုလ်ကြီးမိုးကျော်(ငြိမ်း)သည် ၁၂-၅-၂၀၁၇ရက် ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အမှတ် (၅၈၅)၊ ဗညားနွဲ့လမ်း၊ (၁၇/၄) ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

သူငယ်ချင်းဖြစ်သူ ဗိုလ်ကြီးဒေါ်ဒေါင်းယဉ်(ငြိမ်း) မှတ်တမ်းရုံး
စစ်မှုထမ်းဟောင်းအဖွဲ့ဝင်

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမိုးကျော် (ငြိမ်း)
**ကာကွယ်ရေးဝန်ကြီးဌာန (ကကလျှပ်)**

သည် ၁၂-၅-၂၀၁၇ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ကြီးရွှေကို(ငြိမ်း)-ဒေါ်လေးခိုင် မိသားစု**
**ဗိုလ်ကြီးခင်မောင်သန်း(ငြိမ်း)-ဒေါ်ရီရီအေး မိသားစုနှင့်**
**(ဆ-၂၁)ဌာနစိတ်၊ တပ်မတော်မှတ်တမ်းရုံးမိသားစုများ**

**ရေကြည်မြို့နယ်အသင်း(ရန်ကုန်)**
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ညွန့်(ရေကြည်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ အမှတ်(၁၅)ခေမာသီလမ်းမကြီးနေ (ဦးခင်မောင်တင်-ဒေါ်စိမ်းခင်)တို့၏သမီး၊ (ဦးထွန်းစိန်)-ဒေါ်တင်ရွှေ၊ ဦးကြည်လင်း-ဒေါ်တင်မြတို့၏ညီမ၊ ဦးကြီးရှိန်-ဒေါ်ခင်မေ၊ ဒေါ်ခင်ဝင်း၊ ဒေါ်အုန်းမြင့်၊ ဒေါက်တာဦးသန်းလွင်-ဒေါက်တာဒေါ်စန်းစန်းနွဲ့ (မိုးကေသီဦးဆေးခန်း)တို့၏အစ်မ၊ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းငြိမ်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးစိုးမြင့်၏ ချစ်လှစွာသောဇနီးသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

### ဦးမောင်ညွန့်စိန်(နာရီဆရာကြီး)
**စစ်တွေ**
### အသက် (၈၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ်(၁၀၂)၊ ငါးလွှာနေ (ဦးမောင်ကျော်ဖေ-ဒေါ်ဟိန္ဒူမ)တို့၏ သား၊ [ဦးမောင်ထွန်းဦး (ကမ္ဘာ့စံတော်ချိန်နာရီဆိုင်)-ဒေါ်ခင်မြိုင်]တို့၏သားသမက်၊ (ဒေါ်နုရီ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးနေထွန်း)-ဒေါ်ရွှေရည်၊ ဗိုလ်မှူးရွှေဝင်း (ငြိမ်း) (တေဇ-၁၆)၊ (ညွှန်မှူး-မြို့/ရာ စစ်ကိုင်းတိုင်းဒေသကြီး)-ဒေါ်မူမူသန်းခိုင်၊ ဦးမောင်မောင်မြင့် (NOR STAR. SHIPPING Co., Ltd.)-ဒေါ်စမ်းစမ်းဝင်း၊ ကိုကျော်ကျော်အောင်၊ ဒေါ်ညီညီစိမ်း-ဦးသိန်းနိုင် (အကောက်ခွန်)၊ ဒေါ်ခိုင်ခိုင်သန့်-ဦးအောင်မြင့်(ခေတ္တ-USA)တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးရှင်သည် ၁၂-၅-၂၀၁၇ ရက် ည ၁၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးသိန်းဟန် (၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ လက်ခုပ်ပင်လမ်း၊ အမှတ်(၁၈)နေ ဒေါ်သန်းကြည်၏ ခင်ပွန်း၊ ဦးချစ်နိုင်-ဒေါ်နီနီငြိမ်း၊ ဦးမြင့်သိန်း-ဒေါ်ဝင်းဝင်း၊ ဦးချိုလေး-ဒေါ်ဆန်းဆန်းအေး၊ ဦးနိုင်ဦး-ဒေါ်ညိုညိုခင်၊ (ဒေါ်ရီရီမြင့်)၊ ဦးနိုင်အောင်ထွန်း-ဒေါ်သင်းသင်းဝေ၊ ဦးရန်အောင်နိုင်-ဒေါ်သီတာအောင်၊ ဦးမျိုးနိုင်-ဒေါ်သီရိခေတ်တို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးသိန်းဟန်သည် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမျိုးဝင်း
### အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ္စာလမ်းသွယ်(၂)၊ အမှတ်(၁၂၄)နေ (ဦးချစ်မောင်-ဒေါ်ကျင်ဟန်)တို့၏သား၊ (ဦးတင်လှ)-ဒေါ်လှစိန်တို့၏သားသမက်၊ ဒေါ်ကြည်ဝင်း၊ ဒေါ်အေးဝင်း၊ (ဦးလှဝင်း)၊ ဦးဇော်ဝင်း၊ ဦးထွန်းဝင်း၊ (ဦးသန်းဝင်း)တို့၏ညီ၊ ဒေါ်ခင်မြဝင်း၊ ဦးရဲဝင်း၊ (ဦးသန်းထွေးဝင်း)တို့၏အစ်ကို၊ ဒေါ်နီနီအောင်၏ခင်ပွန်း၊ မယွန်းရွှေရည်ဝင်း၊ မယွန်းဝတီဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ၁၄ယောက်တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စံသာ(စစ်တွေမြို့) (၁၀၂)နှစ်
**နိုင်ငံတော်ဂုဏ်ပြုခံသက်ကြီးပုဂ္ဂိုလ်**
**(၁၉၂၉-၁၉၃၀) ရခိုင်ပြည်နယ် ပထမဆု ရွှေတံဆိပ်ရ**
**အထက်တန်းပြဆရာဖြစ်သင်တန်းအထိ စကောလားရှစ်ဆုရသူ**

စစ်တွေမြို့၊ ကျောင်းတက်လမ်းဇာတိ (ဦးချင်းရှီ-မြေတိုင်းအင်စပက်တော် ဒေါ်နှင်းဖြူ)တို့၏သမီးထွေး၊ ရှေးရခိုင်ပြည်မြောက်ဦးဘုရင် ဥဂ္ဂါဗလသုဓမ္မရာဇာ-မိဖုရားသုဝဏ္ဏကလျာဒေဝီ၊ စန္ဒဝိဇယမင်း(ကျိန်းဒုံးညိုမင်း)၊ ရွှေကူမိဖုရားတို့၏ အနွယ်တော်၊ ဗိုလ်ချုပ်ကြီး ဒေဝန်းအောင်ကျော်ရှို မြို့သူကြီးအောင်ကျော်ဇံ၊ မင်းသားကြီးရွှေဗန်း ကြင်ယာတော်တို့၏ အနွယ်တော်ဖြစ်သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လက်ပံလမ်း၊ တိုက်(၂၃/ငါးလွှာ)နေ [ဦးဘအောင်(ကျောက်ဖြူ ထောင်ပိုင်-ငြိမ်း)]၏ဇနီး၊ [ဦးခင်မောင်(မြို့ပိုင်-ငြိမ်း)]၊ ဦးကျော်ဝင်း(ဗိသုကာ)-ဒေါ်တင်လှ(SAT-ငြိမ်း)၊ (ရှေ့နေ ဦးကျော်မြင့်)-ဒေါ်နီနီခိုင် (အခွန်ဦးစီးမှူး-ငြိမ်း)၊ ဒေါ်သန်းသန်းအောင် (ဆေးဝါး/ဖွံ့ဖြိုး-ငြိမ်း)-ဦးမြင့်အောင်(အဥ္စလီဖြို့ ဆောက်လုပ်ရေး)တို့၏ မိခင်ကြီး၊ ဦးအာကာကျေအော်ဝင်း-ဒေါ်သဲအေးအောင်၊ ဦးနေဇာကျော်ဝင်း-Dr. အိအိသစ်၊ ဒေါ်မူယာကျော်ဝင်း၊ ဦးခင်မောင်သန်း၊ ဒေါ်မဥ္စူကျော်-ဦးအောင်ပြည့်ဖြိုးဝင်း၊ ဒေါ်ဝင့်ဖြူကျော်-Dr.ဟိန်းနိုင်ဦး၊ မမေသင်းသင်းအောင်၊ မအေးမြမြအောင်တို့၏အဘောင်ရှင်၊ မြစ်ငါးယောက်တို့၏ အဖိုးရှင် ဒေါ်စံသာသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရခိုင်သူရခိုင်သားများနှင့် မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
### ဦးအောင်သန်းမောင်(မြိတ်)
### အသက်(၉၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၂၉၅/က)နေ (ဦးကြီးဖေ-ဒေါ်မလေး)တို့၏သား၊ (ဦးစိန်ပန်း-ဒေါ်ရှုကြူ)တို့၏ သားသမက်၊ ဒေါ်မြတ်ဇင်၏ခင်ပွန်း၊ ဦးသန်းထိုက်-(ဒေါ်မြသီတာ)၊ ဦးသန်းနိုင်-ဒေါ်သွယ်သွယ်၊ ဦးသန်းညီညီ၊ ဦးသန်းဘိုဘို-ဒေါ်နုနုလွင်၊ ဦးကိုကိုအောင်၊ ဦးညီညီအောင်-ဒေါ်အေးအေးမြတ်တို့၏ဖခင်၊ မောင်သူရလွင်-မနန္ဒာအောင်၊ မောင်ရဲဝင့်နိုင်တို့၏ အဘိုးသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်မြစိန်(တောင်ငူ)
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အမှတ်(၅၂၇) မမဦးလမ်းနေ (ဦးစံဖေ-ဒေါ်ပန်း)တို့၏ သမီး၊ ရဲမှူးကြီးဦးသိန်းဆွေ(ငြိမ်း)၏ ဇနီး၊ ဦးမြင့်မော်-ဒေါ်မြမြသိန်း၊ ဦးမြင့်သိန်း-ဒေါ်နွယ်နွယ်အေး၊ (ဦးသန်းထွဋ်)-ဒေါ်လဲ့လဲ့သိန်းတို့၏မိခင်သည် ၁၃-၅-၂၀၁၇ (စနေနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးမောင်ညွန့်စိန်(နာရီဆရာကြီး)
**စစ်တွေ**
### အသက် (၈၀)

စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးရွှေဝင်း-ဒေါ်မူမူသန်းခိုင်တို့၏ကျေးဇူးရှင်မွေးသဖခင် ဦးမောင်ညွန့်စိန် အသက်(၈၀)သည် SSC ဆေးရုံ၌ ၁၂-၅-၂၀၁၇ (သောကြာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယညွှန်ကြားရေးမှူး**
**နှင့်**
**ဝန်ထမ်းများ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

### ဒေါ်ခင်ညွန့် (၇၉)နှစ်
**ကျိုက်ထိုမြို့**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ စိန်ပန်းလမ်း၊ တောင်သူစုနေ [ဦးမျိုးချစ် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)]၏ ဇနီး၊ ဦးမျိုးမင်းဦး-ဒေါ်မေအိဇာ၊ ဦးအောင်ကျော်ထူး-ဒေါ်နီလာမျိုးချစ်၊ ဒေါ်မာလာမျိုးချစ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ အဘွား ဒေါ်ခင်ညွန့်သည် ၁၃-၅-၂၀၁၇ ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးတင့်ဝေ(ခ)ဦးထွန်းတင့်ဝေ
**(M.P.P.E၊ သယ်/ပို့ဌာန)**
### အသက် (၅၄) နှစ်

(ဦးတင်-ဒေါ်ဟန်ရွှေ)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဒေါ်ဥမ္မာခင်၏ခင်ပွန်း၊ မပြည့်ဖြိုးဝေ၏ဖခင်၊ မဘောဘီလေး၏ အဘိုးသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ ရက် မွန်းလွဲ ၂း၄၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးခင်မောင်ဟိန်း
**(ဥသဘဗညားဟိန်း)**
**စိန်ပေါလ်ကျောင်းသားဟောင်း**
### အသက် (၆၉)နှစ်

ပဲခူးမြို့၊ သမင်သုံးကောင်ဆေးပေါ့လိပ်ပိုင်ရှင် (ဦးတင်မောင်-ဒေါ်အုန်း)တို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ-(ဒေါ်ခင်မြင့်အေး)တို့၏ညီ၊ ပဲခူးမြို့နေ ဒေါက်တာဝင်းမောင်-ဒေါ်ခင်ဆွေမြင့်၊ ဦးခင်မောင်ဝင်း-ဒေါ်သင်းသင်းခိုင်၊ ဒေါက်တာသန့်စင်-(ဒေါ်ခင်ဆွေတင့်)၊ ဦးခင်မောင်မြင့်-(ဒေါ်ချိုချိုတင့်) တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ နန္ဒဝန်လမ်း၊ အမှတ်(၆)၊ ပထမထပ်နေ ဒေါ်ဥမ္မာမိုး၏ ခင်ပွန်း၊ မောင်ကျော်ဇာနည်ဟိန်း-မအိမိုးဖြူတို့၏ဖခင်၊ မစုချစ်ဇာခြည်ဟိန်း၏အဘိုးသည် ၁၃-၅-၂၀၁၇ (စနေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၀း၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၇ (သောကြာနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်သန်းရီ(သရက်မြို့) (၉၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်(၄/B)၊ အခန်း(၄၀၂)နေ (ဦးဘသော်-ဒေါ်ငွေ)တို့၏သမီး၊ (ရဲမှူးကြီးဦးကြီးမောင်)၏ဇနီး၊ ဦးမိုးသက်(MD,CBS Co., Ltd)-ဒေါ်မြသီတာတို့၏ချစ်လှစွာသောမိခင်၊ (ဦးဟန်ထွေး)-ဒေါ်ထားထား(ယန္တရားတပ်ခွဲတောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)တို့၏အစ်မ၊ ဦးဟန်မင်းဦး - ဒေါ်ရည်မွန်သက် (S.I.E.C School)၊ ဦးဂျိမ်း(စ်)ဇကပ်မန်း(Queens Park Hotel)-ဒေါ်ခိုင်ဝါသက်၊ ဦးညီညီစိုး(သစ်တောဦးစီးဌာန-သထုံ)-မအိအိသက်၊ ဦးမိုးဟိန်း (မြဝတီခရီးသွားလုပ်ငန်း)-ဒေါ်ခိုင်တင်ဇာအောင်တို့၏အဘွား၊ မဆုမြတ်အိမ်စည် (အထက-၁၊ ဒဂုံ)၊ မောင်လင်းသစ်ညီ (အထက-၁၊ သထုံ)၊ မနွေးအိမ့်မှူး (အလက-၂၊ တာမွေ)၊ မသွန်းဟန်နီမန်း (အမက-၂၆၊ တာမွေ)၊ မောင်မင်းထက်လူ၊ မခေတ်အိန္ဒြာညီတို့၏ချစ်လှစွာသောအဘွားသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) နံနက် ၉ နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ ရက် နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်စိန် (၈၄)နှစ်
**(မိုးကုတ်ယောဂီ)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်(မြောက်ပိုင်း)၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၆/က)နေ (ဦးထွန်းစိန်-ဒေါ်စောညွန့်)တို့၏ သမီး၊ ဦးဘစီ-ဒေါ်ခင်ရီ၊ (ဦးကျော်ညွန့်-ဒေါ်မြနု)၊ ဒေါ်ခင်သောင်း-(ဦးမောင်ထွန်း)တို့၏ညီမ၊ ဦးထွန်းကျင် [ဒုအရာခံဗိုလ်(ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးတင်မြင့်-ဒေါ်ခင်အေးမြင့်တို့၏ မွေးသမိခင်၊ ဦးမျိုးကိုကို-ဒေါ်ခင်မာကြည်၊ ဦးအောင်ကိုကို၊ ဦးဇော်နိုင်-ဒေါ်နွေးနွေးဝင့်၊ ဦးအောင်ကျော်ခိုင်-ဒေါ်ထွေးထွေးဝင့်တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွား ဒေါ်ခင်စိန်သည် ၁၂-၅-၂၀၁၇ရက် ည ၈း၃၀ နာရီတွင် သဃ်န်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသာပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### မမွေးကလျာဇော်
### အသက် (၄၁)နှစ်

မြင်းခြံမြို့နေ (ဦးမြင့်ရွှေ-ဒေါ်ရင်မေ)၊ ရန်ကုန်မြို့နေ ဦးစွန်တိတ်-ဒေါ်လွမ်(အာရှတော်ဝင်ဆေးရုံ၊ တော်ဝင်အထူးကုဆေးခန်း)တို့၏ မြေးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၆၉)၊ မြေညီထပ်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်မော်တို့၏ သမီး၊ ကိုအောင်မျိုးဇော်၏ ချစ်လှစွာသောဇနီး၊ ကိုလွင်မျိုးအောင်၊ မဟန်စုမွန်တို့၏အစ်မ၊ မမေမြတ်သဲခိုင်၏ အဒေါ်၊ မောင်ထူးမြတ်ကို၊ မောင်သုတညီ၊ မောင်မြင့်မြတ်တို့၏မွေးသမိခင် မမွေးကလျာဇော်သည် ၁၃-၅-၂၀၁၇ (စနေနေ့) နံနက် ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့၊ လသာမြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ်-၈၊ မြေညီထပ်နေအိမ်မှ ကားများ နံနက် ၆ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၇ (သောကြာနေ့)တွင် ရွှေတောင်တန်းလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တ သောဘန
**နင်းကျန်းကျောင်းတိုက်၊ မြို့မ(၂)ရပ်ကွက်၊ ပွဲန်တန်ဆာမြို့**
### သိက္ခာတော် (၅၂)ဝါ၊ သက်တော် (၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပွဲန်တန်ဆာမြို့၊ မြို့မ(၂)ရပ်ကွက်၊ နင်းကျန်းကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သောဘန အရှင်သူမြတ်သည် (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်) ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) ည ၉း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်) ၁၇-၅-၂၀၁၇ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် စံကျောင်းချပူဇော်မည်ဖြစ်ပြီး (၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်) ၁၉-၅-၂၀၁၇ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးအမိုင်(ခ)စောဖူ့ချွန်း(ရွှေလောင်းမြို့)
### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့၊ အမှတ်(၃၆၉)၊ မေတ္တာလမ်းနေ [ဒေါ်စန်းရင်(ခ)လီချူလျှင်း]၏ခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်ခင်မြမြ၊ ဦးမောင်မောင်မြင့်-ဒေါ်စုကျင်၊ ဦးယုံး-ဒေါ်ခင်ဌေးဌေး၊ (ဦးအောင်ဝင်း)-ဒေါ်နီနီခိုင်၊ ဦးထွန်းထွန်း-(ဒေါ်နီနီဝင်း)၊ ဒေါ်မျိုးမျိုး(ခ) ဒေါ်စီစီညွန့် (မျိုးမျိုးကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဦးညီညီလေး-ဒေါ်လီလီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၆ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည် ၁၃-၅-၂၀၁၇ (စနေနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရွှေလောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၇ (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီး မောင်မောင်ကျော်(ငြိမ်း) (၈၇)နှစ်
**ကြည်း/၁၈၅၈၅၊ ကိုယ်ပိုင်အမှတ်-၀၂၀၀၃**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ် (၈၂၀)နေ (ဦးမောင်သန့်-ဒေါ်ဖွားစော)တို့၏သား၊ ဒေါ်တင်တင်အေး၊ ဦးတင်ညွန့်၊ (ဦးတင်သိန်း)-ဒေါ်ခင်ကြိုင်တို့၏ အစ်ကိုကြီး၊ ဒေါ်သန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှမော် (ဒုညွှန်မှူး-ထွေအုပ်၊ ပုသိမ်ခရိုင်)-ဒေါ်အေးအေးရီ၊ ဒုဗိုလ်မှူးကြီး လှဇော်(ရပခ)-ဒေါ်ဆွေဆွေတင့်၊ ဒုဗိုလ်မှူးကြီးလှဟန်(ငြိမ်း) ဗဟို(CEC-MRESA)-ဒေါ်ခင်ချိုမြင့်၊ ဒုဗိုလ်မှူးကြီး လှတင်(ငြိမ်း)-ဒေါ်မေစိုးသူ၊ ဦးအောင်မင်းနိုင်(နပတဝွေ)-ဒေါ်စန္ဒာကျော် (ဒုညွှန်မှူး၊ နေပြည်တော်စည်ပင်)၊ ဦးသီဟကျော်သူ-ဒေါ်ဘေဘီသင်း (တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၁၇ (စနေနေ့) နံနက် ၃း၁၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀) မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၁၇ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်ညွန့်(ရေကြည်)
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ အမှတ်(၁၅)၊ ခေမာသီလမ်းမကြီးနေ (ဦးခင်မောင်တင်-ဒေါ်စိမ်းခင်)တို့၏သမီး၊ (ဦးတင်ညွန့်-ဒေါ်သန်း)တို့၏သမီးချွေးမ၊ (ဦးထွန်းစိန်)-ဒေါ်တင်ရွှေ၊ ဦးကြည်လင်း-ဒေါ်တင်မြတို့၏ညီမ၊ ဦးကြီးရှိန်-ဒေါ်ခင်မေ၊ ဒေါ်ခင်ဝင်း၊ ဒေါ်အုန်းမြင့်၊ ဒေါက်တာဦးသန်းလွင်-ဒေါက်တာဒေါ်စန်းစန်းနွဲ့ (မိုးကေသီဦးဆေးခန်း)တို့၏ အစ်မ၊ (ဦးစိန်ဝင်း)-ဒေါ်သန်းသန်းငြိမ်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးသုံးယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွား၊ ဦးစိုးမြင့်၏ချစ်လှစွာသောဇနီးသည် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်တင်မြ (၇၉)နှစ်
**အလယ်တန်းပြ(ငြိမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်**

ရန်ကုန်မြို့၊ အမှတ်(၂၀)၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဖိုးချစ်-ဒေါ်ဖွားညွန့်)တို့၏ သမီး၊ (ဦးဘဆင်-ဒေါ်ခင်ရှု)တို့၏ သမီးချွေးမ၊ (ဦးအေးချို-ဒေါ်မြင့်ကြိုင်)၊ (ဦးဝမ်းဖေ-ဒေါ်ခင်အိ)၊ (ဦးစံသိန်း)၊ (ဦးကျော်စိန်-ဒေါ်အေးမြင့်)၊ (ဦးခင်မောင်-ဒေါ်ဖြူ)တို့၏ညီမ၊ ဦးလှဌေး-ဒေါ်ခင်ဆွေသန်း (လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ နေပြည်တော်)၊ (မောင်မျိုးမင်းသန်း)၊ (မောင်တင်အောင်သန်း)တို့၏မိခင်သည် ၁၂-၅-၂၀၁၇ (သောကြာနေ့) ညနေ ၃း၁၀နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဘူးကွဲ၊ တိုက်အမှတ်(၅၃၃၁)မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေပြည်တော် ဘူးကွဲ၊ တိုက်အမှတ်(၅၃၃၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]


ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်အေးကျင် (၆၇)နှစ်
**သန်လျင်/မင်္ဂလာဒုံ**

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ အမှတ်(၄၈)၊ ဓမ္မရောင်ခြည်ကျောင်းလမ်းနေ (ဦးမြသိန်း-ဒေါ်ခင်စိန်)တို့၏သမီးကြီး၊ ဦးကျော်ဦး၏ဇနီး၊ (ဦးစန်းဝေလွင်)-ဒေါ်ဝင်းဝင်းကျော်၊ ဦးမြင့်ဆွေ-ဒေါ်လှကျင်၊ ဒေါက်တာ ဦးတင်ဝင်း-ဒေါက်တာဒေါ်ကျင်စန်း၊ (ဦးခင်မောင်ဆန်း)-ဒေါ်ကြည်ကြည်ဦး၊ ဦးအေးကျော်-ဒေါ်စန်းစန်းဌေးတို့၏ အစ်မကြီး၊ မဇာခြည်ဦး၊ ကိုဖြိုးဝေဦး-မရတနာဇေယျာ၊ ကိုကျော်မင်းဦး၊ ကိုပြည့်ဖြိုးကျော်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၁၇(သောကြာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၁၇(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပဲခူးတိုင်းဒေသကြီးအတွင်း မြစ်ရေကြီးမှုနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးမှုမဖြစ်ပေါ်စေရေး တာတမံများတည်ဆောက်ကာ တာပေါင်များမြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိ


ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် မြစ်မခမြစ် အနောက်ဘက်ကမ်း တာပတ်လုပ်ငန်း၌ စက်ယန္တရားကြီးများဖြင့် မြေဖို့ခြင်းလုပ်ငန်းကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် မေ ၁၃**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယသမ္မတအား ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ တည်ဆောက်ရေး(၉) ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်း၊ စင်ကာပူ၊ ကမ္ဘောဒီးယားတို့ ခြေစမ်းကစားမည်

**နေပြည်တော် မေ ၁၃**

၂၀၁၉ အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဒေသတွင်း ပြိုင်ဘက်များဖြစ်သည့် နာမည်ကြီး ထိုင်း၊ စင်ကာပူတို့အပါအဝင် ကမ္ဘောဒီးယားအသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်း အာရှခြေစစ်ပွဲမကစားမီ အသင်းအားပြင်ဆင်နိုင်ရန် နိုင်ငံတကာခြေစမ်းပွဲများ ကစားရန် စီစဉ်ပေးခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင်အသင်း၊ အောက်တိုဘာ ၅ ရက်တွင် ထိုင်းလက်ရွေးစင်အသင်း၊ နိုဝင်ဘာ ၉ ရက်တွင် ကမ္ဘောဒီးယားလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**


ရှမ်းယူနိုက်တက်အသင်းတိုက်စစ်မှူး ခရစ္စတိုဖာ GFA အသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

## ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ GFA နှင့် သရေကျ

**နေပြည်တော် မေ ၁၃**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃) ပထမနေ့ကို မေ ၁၃ ရက်က တောင်ကြီးကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် GFA အသင်းတို့ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစဉ် (၁၂) တွင် ထိပ်ဆုံးမှ ရန်ကုန်အသင်းနှင့် အမှတ်ကွာဟမှု လျှော့ချနိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် တန်းဆင်းဇုန်နားမှ GFA အသင်းနှင့် မထင်မှတ်ဘဲ သရေကျခဲ့သောကြောင့် ချန်ပီယံမျှော်လင့်ချက် အနည်းငယ်အလှမ်းပိုဝေးသွားရသည်။ တန်းဆင်းဇုန်အန္တရာယ်ရှိနေသည့် GFA အသင်းသည် အမှတ်ရရန် ရုန်းကန်ခဲ့ရပြီး ပထမအကျော့က ရှုံးကြွေးပြန်မဆပ်နိုင်ခဲ့သော်လည်း သရေတစ်မှတ်ရယူသွားခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းတွင် နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် သီဟစည်သူ၊ ဝင်းမင်းထွန်း၊ ရန်နိုင်ဦး၊

**စာမျက်နှာ ၈ ကော်လံ ၅ သို့**



မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

မေ ၁၄၊ ၂၀၁၇ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# ဝင့်ဆိုသည်မှာ . . .

အလွမ်းသစ် (တောင်ကုတ်)



( ၁ )

"ဂျိမ်း. . . ဂျိမ်း"

မိုးခြိမ်းသံများက ကြောက်ခမန်းလိလိ။ မိုးရေများသည် ကောင်းကင်ပေါ်မှ ဒလဟော စီးကျလာသည်။ အပြိုးတကြီးရွာချလိုက်သော မိုးကြောင့် လမ်းမတစ်လျှောက်တွင် လူဟူ၍ တစ်ယောက်တလေမျှပင် မရှိချေ။

ထိုစဉ် လူတစ်ယောက်သည် မောမော ပန်းပန်းဖြင့် ဦးဖိုးဝ၏အရက်ဆိုင်သို့ပြေး၍ လာနေသည်။ ဆိုင်ရှေ့ရောက်သည်နှင့်

"ဦးငစိန်၊ ဗျို့ ဦးငစိန် ခင်ဗျားမိန်းမ ဗိုက်နာနေလို့ဗျ"

"အေးအေး လာပြီ ငါလာပြီ"ဟုဆိုကာ သောက်လက်စအရက်ခွက်ကို စားပွဲခုံပေါ်သို့ တင်ခဲ့ပြီး ဦးငစိန်တစ်ယောက် အိမ်သို့ အပြေးလေး လိုက်သွားခဲ့သည်။ လမ်းတွင် မိုးရွာထားသောကြောင့် ရွှံ့ဗွက်များထနေ၏။ သူသည် ဗွက်များကို ဂရုမစိုက်အား။ မိမိ မိန်းမ၏ ဗိုက်ကိုသာ အာရုံကရောက်နေသည်။

ခြံဝသို့ရောက်သောအခါ မိန်းမ၏ အော်ညည်းသံကို ကြားရသည်။

"အမလေး နာလိုက်တာတော့၊ နာလွန်းလို့ သေပါတော့မယ်။ ကိုစိန် ရှင် ဘယ်ကို အလေလိုက်နေတာလဲ။ ကျွန်မ ဒီမှာ နာလွန်းလို့ သေတော့မယ်"

"ငါရောက်ပါပြီ မိန်းမရယ်၊ ခဏလေး အောင့်ထား၊ ငါ ဝမ်းဆွဲသည် ဒေါ်ပုမကို သွားခေါ်လိုက်မယ်။ ခဏလေးနော် မိန်းမ"

ဦးငစိန်သည် ဝမ်းဆွဲသည် ဒေါ်ပုမအိမ်သို့ သုတ်ခြေတင်ပြေးလေသည်။ ဒေါ်ပုမ အိမ်ရှေ့ရောက်သည်နှင့်

"ဒေါ်ပုမရေ ဒေါ်ပုမ၊ ကျွန်တော့်မိန်းမ မိပိန် ဗိုက်နာနေလို့ ခဏလိုက်ခဲ့ပေးပါ။ မြန်မြန်လေး လိုက်ခဲ့ပေးပါ"

ဒေါ်ပုမလည်း ကလေးမွေးလျှင် လိုအပ်မည့် ပစ္စည်းများကို စုံလင်အောင်ယူကာ ဦးငစိန်အိမ်သို့ပြေးကာ လိုက်လာသည်။ လမ်းတစ်လျှောက်တွင် သူ၏ပါးစပ်မှ တစ်ပိုင်းတစ်စသာရသော ဘုရားစာများကို ရွတ်ဆိုသွား၏။

( ၂ )

"အူဝဲ. . . အူဝဲ. . ."

"မွေးပြီဟေ့ မွေးပြီ မိန်းကလေးတော့"

ဒေါ်ပုမ၏အသံကြောင့် ဦးငစိန်တစ်ယောက် ပျာယာခတ်သွားသည်။ လှုပ်လှုပ်ရွရွဖြစ်နေသော ဦးငစိန်၏ အတွေးထဲတွင် ငါ့မှာ သမီးလေးရပြီ။ ငါ ကလေးအဖေ ဖြစ်ပြီ။ စိတ်ထဲမှာရေရွတ်ရင်း ပီတိအပြုံးက လမင်းကြီးနှယ်။ ထိုစဉ်

"ဟောတော့ ကလေးလက်မှာ. . ."

ဒေါ်ပုမ၏အသံသည် တိမ်ဝင်၍သွားလေသည်။ သူသည် စိုးရိမ်၍

"ဒေါ်ပုမ ဘာဖြစ်တာလဲဗျ။ ကလေးလက်မှာ ဘာဖြစ်လို့လဲဗျ"ဟုအော်ရင်း အိမ်ပေါ်သို့တက်လာမည်လုပ်သည်။ အိမ်ပေါ်တွင် ရောက်ရှိနေသော အိမ်နီးချင်းမိန်းမများက "ကိုငစိန် မတက်လာနဲ့။ ကလေးကို ပြီးရင် ကြည့်လို့ရတာပဲ။ ဘာမှမစိုးရိမ်ပါနဲ့။ အောက်ကပဲ စောင့်နေပါ"ဟုပြောသဖြင့် ဦးငစိန်တစ်ယောက် အောက်သို့ဆင်းသွားပြီး ဒေါ်ပုမ ဆင်းအလာကို စောင့်နေသည်။ ခဏကြာမှ ဆင်းလာသည်။

"ဒေါ်ပုမ ကလေးရော ကလေးလက်မှာ ဘာဖြစ်လို့လဲဗျ ပြောပါဦး ကျွန်တော့်ကို။ ကလေးလက်မှာ ဘာဖြစ်လို့လဲ"

သူ၏အသံသည် တုန်၍နေလေ၏။ ဒေါ်ပုမက ကလေးသည် ကျန်းမာကြောင်း၊ မိခင်သည်လည်း ကျန်းမာကြောင်း၊ သို့သော် ကလေး၏ ဘယ်ဘက်လက်တွင် လက်ဝါးသာပါ၍ လက်ချောင်းကလေးများမပါကြောင်း ပြောသောအခါ သူ၏မျက်လုံးများသည် မှောင်အတိ ဖြစ်သွား၏။ ထို့နောက် မျက်ဝန်းမှာ မျက်ရည်များသည် မိုးနှင့်အပြိုင် ကျလာတော့သည်။

"သွားပြီ အဲဒါ ငါ့ကြောင့်။ ငါပြုခဲ့တဲ့ အကုသိုလ်က ငါ့သမီးလေးမှာ ပါလာခဲ့ပြီကွာ။ သမီးလေးကို သနားလိုက်တာ"

သူသည် ယူကြုံးမရသောအသံဖြင့် အော်၍ငိုတော့သည်။ ဒေါ်ပုမက "စိတ်ကို ထိန်းပါ ငစိန်။ သမီးလေးက ချစ်စရာကောင်းတယ်။ မျက်နှာလေးက ဝင်းပနေတာပဲဟယ်" ဟုပြောကာ အိမ်ပေါ်သို့ပြန်တက်သွားသည်။

ဦးငစိန်၏အာရုံထဲတွင် တစ်ချိန်က ပြုလုပ်ခဲ့သော အကုသိုလ်များကို ပြန်လည်မြင်ယောင်လာခဲ့သည်။ သူငယ်ချင်းများနှင့် သောက်စားကာ ပုစွန်လုံးများကို အားရပါးရ ပျော်ရွှင်စွာနှိုက်နေကြသည်ကို မြင်ယောင်လာ၍ သူ၏မျက်ဝန်းတွင် မျက်ရည်များသည် တစ်စက်ချင်းတစ်စက်ချင်း ပါးပြင်ပေါ်သို့ ကျလာလေသည်။

( ၃ )

မိုးရွာပြီးချိန်တွင် ရာသီဥတုက နည်းနည်းလေး အညိုရောင်ဘက်သန်း၍နေ၏။ ထိုအချိန်တွင် ငစိန်တို့သူငယ်ချင်းတစ်သိုက် အရက်ပုလင်းကိုခါးကြားတွင်ထိုးကာ ပုစွန်လုံးများ နှိုက်ကြလေသည်။

"ဟား ဟား ဟား ဟော့ကောင်ပုစွန်လုံးတွေ မင်း ဘယ်ပြေးမလဲ"

"ရပြီကွ ဒီမှာတစ်လုံး"

ငစိန်သည် ပုစွန်လုံးကိုရသည်နှင့်တစ်ပြိုင်နက် ပုစွန်လုံးတွင်ပါသော လက်မကြီးနှင့်တကွ လက်ချောင်းကလေးများကိုပါ ချိုးချပစ်လိုက်သည်။ ပြီးလျှင် ပါးစပ်မှလည်း

"ငါ့ကို မင်းကညှပ်ချင်လို့လား။ ရမလားကွ။ ငါက မင်းထက်လျင်လို့ မင်းကိုလာဖမ်းတာကွ မှတ်ထား။ ငါ့နာမည် ငစိန်တဲ့ကွ ဟား ဟား ဟား"

သူတို့သူငယ်ချင်းအုပ်စုတွင် ငစိန်က အရက်စက်ဆုံးပဲ။ ထွန်းလှ၊ သိန်းကျော်၊ ငတုံးတာတို့က ဖမ်းသာဖမ်းသည်။ ငစိန်လောက် မရက်စက်မယုတ်မာကြ။ ထို့ကြောင့် သူ့ကို သူငယ်ချင်းများကကြောက်ကြသည်။ မူးလျှင်ပိုဆိုးသည်။ လူကို လူလို့ပင်မထင်တော့။

"ငစိန်တဲ့ကွ တစ်စိန်ပဲရှိတယ်။ မိုက်တဲ့ကောင် ထွက်ခဲ့။ ဒီရွာမှာ ငါလူမိုက်ပဲ။ ငါ့ထက်မိုက်ခဲ့ရင် အဲဒီကောင်ကို ငါကိုယ်တိုင် သတ်ပစ်မယ်"

သူမူးလာလျှင် လမ်းတစ်လျှောက် ဘယ်သူမှ မရှိတော့။ ကြောက်သည်ထက် ရွံသည်က များ၏။ သူနှင့်တွေ့လျှင် အကြောင်းမရှိ အကြောင်းရှာကာ ပြဿနာရှာသောကြောင့် သူနှင့်ဝေးဝေးရှောင်ကြသည်။

ယခုလည်း သူဖမ်းလာသော ပုစွန်လုံးတစ်လုံးသည် ပလိုင်းထဲမှ အပြင်သို့ချိတ်တက်၍ ခုန်ထွက်သွားသည်။ ထို ပုစွန်လုံးတစ်လုံးသာလျှင် လက်ချောင်းများကို မချိုးရသေးချေ။ ထို့ကြောင့် ပုစွန်လုံးသည် လွတ်ပြီအထင်နှင့် အပြင်သို့ခုန်ထွက်၍ ပြေးလေသည်။ ငစိန်က လိုက်ဖမ်း၏။ ပုစွန်လုံးက မြက်ပင်များအောက်မှ ပြေးကာ လမ်းဘေးရှိအပေါက်ထဲသို့ ဝင်ပြေး၏။ သို့သော် မူးနေသဖြင့် လိုက်၍မမီချေ။ ငစိန် ဒေါသထွက်လာသည်။ ငါ့ကို ဒီလိုလာစမ်းလို့ ဘာရမလဲကွဟုဆိုကာ လမ်းဘေးတွင်ရှိသော ကျောက်ခဲတစ်ခဲကိုကောက်ကာ လိုက်ထုသည်။ မူးနေသော်လည်း လက်ကတည့်သွားသည်။ ပုစွန်လုံး၏ ခန္ဓာကိုယ်ပေါ်သို့ ကျောက်ခဲထိမှန်ကာ အခွံများ ကွဲကြေသွားသည်။ ထို့ကြောင့်ပုစွန်လုံးသည် မပြေးနိုင်တော့ဘဲ ထိုနေရာတွင် ငြိမ်သက်၍သွား၏။ ငစိန်သည် ပုစွန်လုံးကိုကောက်ယူပြီး ငါ့ကို ဒီလိုလာစမ်းရင် ဒီလိုပဲဇာတ်သိမ်းမှာပေါ့ကွ ဟုပြောကာ လက်ချောင်းများကို ချိုးချပစ်လိုက်လေသည်။

( ၄ )

"မိန်းမရေ. . . မိန်းမ"

လေးငါးကြိမ်လောက် အော်ခေါ်ကြည့်သည်။ သို့သော် ထူးသံကားမကြားရ၊ ထို့ကြောင့် အိမ်ပေါ်သို့တက်ကာ မီးဖိုချောင်သို့သွား၍ကြည့်သည်။ မရှိ။ အိမ်သာများ သွားနေလား အထင်နှင့် အိမ်သာဘက်ကို တစ်ချက်ကြည့်လိုက်သည်။ တံခါးကလည်း အပွင့်။ ဒီမိန်းမ ဘယ်များသွားနေပါလိမ့်။ အတွေးနှင့် အိမ်ရှေ့ထွက်လာခဲ့သည်။ ထိုစဉ် အိမ်ရှေ့မှ မိန်းမဖြစ်သူ မိပိန်တစ်ယောက် ပြန်ရောက်လာသည်။

"မိန်းမ မင်းဘယ်သွားနေတာလဲ။ ငါ ဒီမှာ အော်ခေါ်နေတာ လိပ်ခေါင်းထွက်တော့မယ်"

"ရှင်ကလည်း ကျွန်မက ဟိုဘက်လမ်းက မပုကြွယ်အိမ်ကို သတင်းသွားမေးတာပါ။ သူ့ခမျာ ယောကျ်ားကထားသွားတော့ တစ်ယောက်တည်း ရုန်းကန်နေရတယ်လေ။ အခုလည်း အဲဒီဒဏ်တွေကြောင့်ထင်တယ် နေမကောင်းဖြစ်နေရှာတယ်လေ"

"မင်းက ဒါမျိုးဆိုရှေ့ဆုံးက အခု ထမင်းချက်ပြီးပြီလား"

"ပြီးပြီ။ ဟင်းကတော့ မချက်ရသေးဘူး။ ဟင်းစားမှမရှိတာ ဘာချက်ရမှာတုန်း"

"ရော့ အခုပါလာတဲ့ပုစွန်လုံးကို ကြော်လိုက်။ ပြီးရင် အိပ်ခန်းထဲမှာထားတဲ့ ငါ့အရက်ပုလင်းပါ တစ်ခါတည်းယူလာခဲ့"

"အင်းပါ။ ရှင်လည်း ဒီအရည်ကို အခုထိ မဖြတ်နိုင်သေးဘူးနော်။ ဖြတ်ဖို့လည်း စဉ်းစားဦး"

မိန်းမဖြစ်သူက သူပေးသောပလိုင်းကို ယူကာ မီးဖိုချောင်သို့ဝင်သွားသည်။ ခဏကြာတော့ ပြန်ထွက်လာပြီး သူ့ကိုပြောသည်။

"ရှင် ဒီပုစွန်လုံးတွေကို အရှင်လတ်လတ် လက်ချောင်းခြေချောင်းတွေ ဖြုတ်လာပြန်ပြီ"

"လျှာမရှည်နဲ့ တိရစ္ဆာန်ဆိုတာ လူလုပ်သမျှ ခံရမယ်လေ။ ဒါတောင် မင်းမသိဘူးလား"

"ရှင် တစ်နေ့တော့ ဝင့်ရလည်မယ်။ ဝင့်လိုက်လိမ့်မယ်"

"ဟား ဟား ဝက်လိုက်ရင် အပင်ပေါ်တက်ပြေးမှာပေါ့ကွ။ ဝက်က အပင်ပေါ် တက်လို့မှ မရတာ"

သူ့စကားကြောင့် မိန်းမဖြစ်သူက မျက်စောင်းတစ်ချက်ထိုးကာ

"အင်းပါ ရှင်ပြေးနိုင်မလားဆိုတာတော့ ကြည့်ရဦးမှာပေါ့"

ငစိန်သည် တစ်ယောက်တည်း အိမ်ရှေ့ခန်းတွင် မှောက်လျက် အမောပြေလေး တစ်ရေးလောက် အိပ်ပစ်လိုက်သည်။

( ၅ )

မျက်ဝန်းမှစီးကျလာသော မျက်ရည်များကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။ သမီးလေး၏မျက်နှာလေးကိုကြည့်ကာ သူ့စိတ်ထဲတွင် မိမိကိုယ်ကို အပြစ်တွေပဲတင်နေမိသည်။ ငါ့ကြောင့်ဆိုသော ခံစားချက်ကြောင့် သမီးလေးကို ပို၍ပို၍ချစ်ခဲ့သည်။ သမီးလေးက ဘယ်နေရာကြည့်ကြည့် ချစ်စရာကောင်းနေပေမယ့် လက်ချောင်းကလေးများ၏ နေရာတွင် တုံးတိတိဖြင့် ကြည့်ရဆိုးနေသည်။ သမီးလေးအရွယ်ရောက်လာလျှင် ရှက်နေပေလိမ့်မည်။ လက်ချောင်းများမပါခြင်းသည် အဖေ၏အကုသိုလ်ကြောင့်ဟု သမီးလေးသိလာလျှင် သူ့ကို မုန်းသွားမည်လား။ အဖေ တစ်ညမှ ကောင်းကောင်း အိပ်မပျော်ခဲ့ပါ။

သမီးလေး အိပ်ပျော်နေသည်ကိုကြည့်ပြီး ငိုနေမိသည်။ မိန်းမဖြစ်သူ မိပိန်က

"မငိုပါနဲ့တော့ ကိုစိန်။ ရှင့်ကိုပြောခဲ့သားပဲ။ တစ်နေ့ဝင့်ရလည်လိမ့်မယ်လို့။ အခုလို ရှင်ငိုနေလည်း သမီးလေးလက်က ဒီလိုပဲရှိနေမှာလေ။ အဲဒီတော့ ငိုမနေပါနဲ့ နေမကောင်းဖြစ်နေဦးမယ်။ သူ့မှာလည်း ဒီလိုအကြောင်းပါလို့ ဖြစ်တာပါ။ တရားနဲ့သာ ရှင် ဖြေပါ ကိုစိန်"

နှစ်သိမ့်မှုမျက်ရည်က ပိုကျမိသည်။

"မိန်းမရယ် ဒီလိုအကြောင်းပါဖို့အတွက် ငါကိုယ်တိုင်လုပ်ပေးခဲ့သလိုပဲကွာ။ ငါ့ကိုယ်ကိုယ်လည်း ဘယ်တော့မှခွင့်မလွှတ်ဘူး။ ဝင့်ဆိုတာ လည်တတ်တယ်လို့ မင်းပြောတုန်းက ငါ ဟားတိုက်ရယ်မောနေခဲ့တယ်။ အခုမှ ငါ တကယ်ကို နားလည်သွားတယ် မိန်းမရယ်"

"ဝင့်ဆိုတာ နောက်ဘဝမကူးဘူးဆိုတာလည်း ငါသိသွားခဲ့ပြီ။ နောက် ဘယ်တော့မှ သူတစ်ပါးအသက် မသတ်တော့ဘူးကွာ။ ငါ မင်းကို ကတိပေးတယ် မိန်းမ။ ပြီးတော့ ငါ သောက်နေတဲ့ အရက်ကိုလည်း ငါဘယ်တော့မှ မသောက်တော့ဘူး။ ငါ့ကို အကုသိုလ်ဖြစ်အောင်အရောက်ပို့ပေးတဲ့ ဒီအရက်ကို ငါ မုန်းသွားပြီ"

သူသည် အိပ်ခန်းထဲတွင်ထည့်ထားသော အရက်ပုလင်းကိုယူကာ မြေကြီးပေါ်သို့ သွန်ချလိုက်သည်။ ထို့နောက် ပါးစပ်မှလည်း "အကုသိုလ်အလုပ်နဲ့ အရက်ကို ငါ အသေမုန်းတယ်။ သမီးလေး . . . သမီးလေးရဲ့ လက်ကိုမြင်တိုင်း အဖေလေ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှခွင့်မလွှတ်ဘူး"ဟု အော်ကာ လောကကြီးကို တိုင်တည်ပစ်လိုက်တော့သည်။

■■■

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

အမရာပြည့်ပြည့်သူ
BA(Myanmar)

# ကိုယ့်နောက်တွင် ကိုယ်ရှိသည်

အရာရာတိုးတက်ပြောင်းလဲလာသော ခေတ်ကာလတစ်ခုတွင် အပြိုင်အဆိုင်များလည်း လွန်စွာပေါများလာသည်။ မိမိက တော်သည်၊ တတ်သည် မှန်သော်ငြားလည်း မိမိလိုပင် တော်သည့်၊ တတ်သည့် လူများစွာရှိသေးသည်ကို အမှတ်ရသင့်ပေသည်။ ထိုလူများနှင့် ယှဉ်ပြိုင် တိုးကြိတ်ရသည့်အခါ မိမိဘက်မှ အားနည်းလျှင် နည်းသလို လဲကျသွားနိုင်သည်သာ ဖြစ်လေသည်။ သည်လောကတွင်လည်း မိဘမေတ္တာနှင့် အချိန်ကလွဲ၍ တခြားအရာတွေကိုကား ဘယ်သောအခါမှ လွယ်လင့်တကူမရနိုင်ပေ။ မိဘ၏ ပံ့ပိုးထောက်ပံ့မှုအောက်တွင် လွယ်လင့်တကူ သာသာယာယာ မှီခိုကပ်တွယ်ခဲ့သော ကျွန်မသည်လည်း ကျောင်းပြီးကာဘွဲ့ရစဉ် အလုပ်လျှောက်သောအခါတွင်မှ အထက်ပါအကြောင်းအရာများကို မျက်ဝါးထင်ထင် တွေ့ရှိခဲ့ရတော့သည်။ လိုအပ်သော စာရွက်စာတမ်းများယူပြီး အင်တာဗျူးသွားဖြေလေသည်။ ဘွဲ့ရ၊ အသက်မီ၊ သွက်လက်ချက်ချာသည်ဆိုသော်ငြားလည်း တကယ့်တကယ် အလုပ်ခေါ်သောအခါ လုပ်ငန်းကျွမ်းကျင်သူများကိုသာ ခေါ်သွားလေသည်။ ပထမအကြိမ်တွင်ပင် စိတ်ဓာတ်တွေ အတော်ကျခဲ့ရ၏။ ထို့ကြောင့် နောက်တစ်နေရာ လျှောက်ရပြန်သည်။ ထိုအကြိမ်တွင်လည်း သတ်မှတ်ထားသော အချက်အလက်များ ကိုက်ညီသည်ဆိုသော်ငြားလည်း ကျွန်မထက် ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင်သုံးနိုင်သူများကိုသာ ခေါ်သွားလေသည်။ စိတ်ဓာတ်ကျရပြန်သည်။ တတိယအခေါက် ထပ်ကြိုးစားရပြန်သည်။ တတိယအကြိမ်တွင်တော့ ကျွန်မ စိတ်ဓာတ်များ လုံးလုံးလျားလျားကို ကျသွားလေတော့သည်။ ကွန်ပျူတာကို ကျွမ်းကျင်နေအောင် လေ့ကျင့်ထားခဲ့သော်လည်း ဖော်ရိန်နာနှင့် အင်တာဗျူးခံခဲ့ရသည့် ကျွန်မ ကျရှုံးခဲ့ရပြန်သည်။ ထို့ကြောင့် ထိုရက်အတောအတွင်း အလုပ်ထပ်မံလျှောက်ရန်ကို မစဉ်းစားတော့ဘဲ အိမ်တွင်သာ နေမြဲ၊ စားမြဲ ပြန်လုပ်နေလိုက်သည်။ ဖေဖေနှင့် မေမေရှိနေလျှင်တော့ ကျွန်မ လုံခြုံအေးချမ်းသည်။ ထမင်းလည်း ငတ်စရာ အကြောင်းမရှိနိုင်တော့ပေ။ သမီးလေးတစ်ယောက်တည်းဖြစ်သောကြောင့် မေမေကတော့ တစ်ခွန်း တစ်ပါဒမျှ မပြောပေ။ တစ်နေ့ ဖေဖေနှင့် ကျွန်မတို့ ဆွေမျိုးများရှိရာ တွံတေးသို့ အလည် လိုက်သွားဖြစ်သည်။ မလာဖြစ်သည်မှာ ကြာပြီဖြစ်သောကြောင့် အိမ်ရှင် ကြီးကြီးနှင့် ဘဘတို့က ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ကြီးကြီးနှင့် ဘဘတို့မှာ သားသမီး စုစုပေါင်း ခြောက်ယောက်ရှိလေသည်။ လေးယောက်က အိမ်ထောင်ကျပြီး အငယ်နှစ်ယောက်သာ ကျန်လေတော့သည်။အငယ်နှစ်ယောက်တွင်မှ အငယ်ဆုံးလေးမှာ မိန်းကလေးဖြစ်ပြီး သူမအပေါ်က အစ်ကို ဖြစ်လေသည်။ ကြီးကြီးနှင့် ဘဘတို့ကား လယ်ငါးဧကခန့်ရှိသလို တခြား အကောင်ပလောင်မွေးခြင်းကိုလည်း လုပ်လေသည်။သူတို့ ခြံထဲတွင် နွားရှိသည်။ မြင်းရှိသည်။ ကြက်နှင့် ဘဲတွေလည်းရှိသည်။ ပွင့်လင်းရာသီ ရောက်လာပါက အလှူမင်္ဂလာပွဲများအတွက် မြင်းအငှားလိုက်ရသည်ဟုလည်း ဆိုသည်။ ရောက်တုန်းရောက်ခိုက် ကျွန်မလိုက်ကြည့်မိသောအခါ မြင်းနှစ်ကောင်ကို တွေ့ရသည်။ လက်သပ်ပြီး မွေးထားသောကြောင့်ထင်သည်။ မြင်းတွေက လိမ္မာလှသည်။ ဘဘ၏ သားလေးမှာ ကိုးနှစ်ကျော်ကျော်သာ ရှိသေးသည်။ သူ့ထက် ဒေါင်ကောင်းသော မြင်းကြီးအနားတွင် ရပ်နေရင်းက မြင်းကြီးပေါ် ခွတက်လေရာ မြင်းပေါ်မရောက်ဘဲ ပြုတ်ကျလေသည်။ ထိုအဖြစ်ကို ကျွန်မအပါအဝင် လူကြီးများအားလုံးက မြင်သွားကြပြီး တဟားဟားရယ်ကြလေသည်။ ကျွန်မလည်း ရယ်လိုက်မိလေသည်။ ထိုကလေးက ဘာရယ်တာလဲဟူသော ရှုတည်တည်အကြည့်ဖြင့် ကြည့်လိုက်ပြီး နောက်တစ်ခေါက် ထပ်တက်လေသည်။ ပြန်ပြုတ်ကျပြန်လေသည်။ ကျွန်မတို့ အားလုံးကလည်း ရယ်မိကြပြန်သည်။ ထိုကလေးကလည်း လေးကြိမ်၊ ငါးကြိမ် ပြန်တက်ပြန်လေသည်။ ရှစ်ခေါက်မြောက်ရောက်တော့ ကျွန်မ မနေနိုင်တော့။ ထိုကလေးအား မြင်းပေါ်တင်ပေးရန် ဘဘကို ပြောမိသည်။ ဘဘက တဟားဟားရယ်ရင်း သည်အတိုင်းသာ ကြည့်နေတော့သည်။ ကျွန်မ စိတ်ထဲတွင်လည်း သည်ကလေး ဘယ်လိုမှ တက်မရတော့သည့်အဆုံး လက်လျှော့သွားလိုက်မည်ဟု ထင်ထားခဲ့သည်။ သို့သော် အံ့သြဖွယ်ကောင်းစွာပင် ထိုကလေးမှာ အကြိမ်ကြိမ်ပြုတ်ကျ၊ အကြိမ်ကြိမ် ပြန်တက်လေသည်။ ကျွန်မ ရေတွက်နေစဉ်ပင် နှစ်ဆယ့်ခြောက်ခေါက်မြောက်တွင် ထိုကလေး မြင်းပေါ် ရောက်သွားလေသည်။မြင်းပေါ် ရောက်သွားသောအခါမှ လူကြီးများက လက်ခုပ်တီးပြီး အားပေးကြလေတော့သည်။ ထိုကလေးလည်း ရွာထဲသို့ မြင်းပတ်စီးရန် ထွက်သွားတော့သည်။ ထို့နောက် ဘဘနှင့် ဖေဖေတို့၏ ရေနွေးကြမ်းဝိုင်းနားသို့ ကျွန်မ ရောက်သွားလေသည်။ ထိုအခါမှ ဘဘက သူ့သားလေးကို ကျတိုင်းပြန်တက်ရသည်ဟူသည့် အလေ့အကျင့်ရအောင်နှင့် ကိုယ့်အားကိုယ်ကိုးကြိုးစားတတ်စေရန် တမင် သည်အတိုင်းလွှတ်ပေးပြီး ကြည့်နေရကြောင်းကို ပြောလေသည်။ သူ တင်ပေးလိုက်ပါက မြင်းပေါ်ကို အလွယ်တကူရောက်သွားနိုင်သည် မှန်သော်လည်း အခေါက်ခေါက် အခါခါကြိုးစား၍ ရလာသော အောင်မြင်မှုရလဒ်ကို မခံစားရမှာစိုး၍ဟု ပြောလေသည်။ထို့နောက် ယခုတော့ သူတို့ အသက်ရှိသေးသည်။ သူတို့ အသက်မရှိတော့ပါက သူတို့သားလေးကို ကိုယ်ပိုင်အစွမ်းအစရှိရှိ နေသွားနိုင်စေရန် လေ့ကျင့်ပေးရခြင်းဖြစ်သည်ဟုလည်း ပြောလေသည်။ ဘဘပြောသည်များကို နားထောင်နေရာမှ ကျွန်မ ဖေဖေ့ကို ကြည့်မိလိုက်သည်။ ဖေဖေကား သူပြောလိုသောစကားများကို ဘဘတို့ မိသားစုမှ သရုပ်ဖော်ပုံနှင့်တကွ ပြောသွား၍ လွန်စွာကျေးဇူးတင်မိကြောင်း ပြောလေတော့သည်။ ဘွဲ့ရ ပညာတတ်တစ်ယောက် ကျွန်မလည်း ဖေဖေ့ စေတနာများကို အထင်းသားမြင်တွေ့လိုက်ရပါသည်။ သုံးခါသာ ကျရှုံးသေးသော ကျွန်မ မြင်းပေါ်သို့ နှစ်ဆယ့်ခြောက်ခါမြောက်မှ ရောက်သော ကလေးငယ်ကို အတုယူသင့်လှပေသည်။ ဘဘပြောသည်မှာ မှန်လေသည်။ ဖေဖေနှင့် မေမေ အသက်ရှိနေ၍သာ ကျွန်မ မှီခိုအားထားပြီးနေခွင့်ရနေသော်လည်း ဖေဖေနှင့်မေမေ ရှိတော့သည့်တစ်နေ့ ကျွန်မ ဒုက္ခကောင်းကောင်းရောက်နိုင်လေသည်။ ဘယ်လိုပင်ဖြစ်ဖြစ်။ သည်အခေါက် ရန်ကုန် ပြန်ရောက်လျှင် ကျွန်မ အလုပ်တစ်ခုကို မရ ရအောင်ရှာမည်။ကျွန်မ လိုချင်သော ထိုအလုပ်ကို ဘယ်နှခေါက်ပင် အင်တာဗျူးဖြေရ ဖြေရ ကျွန်မရအောင် ဖြေမည်။ဘယ်လိုနည်းနှင့်မျှ လက်မလျှော့တော့ပါဟု ဆုံးဖြတ်ချက် ချမိတော့သည်။ အပြန်တွင် ထိုကလေးငယ် မောင်လေးကို ကျေးဇူးများစွာ တင်ကြောင်း ကျွန်မ ပြောရချေဦးမည်။ ။

■

## နိုင်ငံ့ဂုဏ်ရည် ကလေးတို့ပြည်

မောင်ထွေးကြီးရင် ဘာလုပ်မယ်
ဆရာ့ပြောစမ်းကွယ်။
မိုးမျှော်တိုက်ရယ် လမ်းတံတား
အင်ဂျင်နီယာကြီးလုပ်မယ်ဗျား။
သမီးနီနီ ဘာလုပ်မယ်
ဆရာ့ပြောဦးကွယ်။
အဖြူစိမ်းခြယ် ခေါင်းလောင်းသံလွင့်
ဆရာမကြီးလုပ်မယ်ရှင့်။
မောင်မောင်ကြီးရင် ဘာလုပ်မယ်
ဆရာ့ပြောစမ်းကွယ်။
တိုင်းနယ်ပြည်နယ် လုံခြုံဖို့
စစ်သားကြီးလုပ်မယ်ဗျို့။
သမီးဖြူဖြူ ဘာလုပ်မယ်
ဆရာ့ပြောဦးကွယ်။
လူမှုနယ်ပယ် ကျန်းမာတင့်
ဆရာဝန်မကြီးလုပ်မယ်ရှင့်။
လိမ္မာလိုက်တာ ကလေးတို့ရယ်
သေချာနားထောင်ကွယ်။
ပန်းတိုင်သို့ရှယ် ဦးတည်ထား
ခုနေစာကြိုးစား။ ။

ဟိဏ်းဦးဆည်(တန့်ဆည်မြေ)

## သစ်ပင်စိုက်ပါ တို့ပြည်သာ

တို့နေရာ အိုအေစစ်
ပြန်ဖြစ်ဖို့ ဆန်းစစ်ပါ။
သစ်ပင်စည် ဆတိုးမြင့်
အဖိုးတင့်ရာ။
ပြည်မဟာ
စည်သာလို့ အေးစေကြောင်း။
အရိပ်ဆာယာ
နိမိတ်သာ အနာဂတ်ကောင်းဖို့
စုပေါင်းရေလောင်း။ ။

မောင်ဥယျာဉ်(အရှေ့ပြင်)

## မောင်ရွှေရိုး

ဒိုးပတ်ဝိုင်းနဲ့ ပျော်ရွှင်ကြ
မောင်ရွှေရိုးရဲ့ အကလှ။
ထီးကလေးကိုဖွင့်ကာ ပိတ်ကာ
သူရဲ့ပုံက ခပ်ပြာပြာ
ပြုံးကာ မဲ့ကာ ထီးကိုမိုး
မင်းသားမောင်ရွှေရိုး။
သံချပ်သီချင်း သီဆိုကာ
ဝိုင်းဖွဲ့ ပျော်ရွှင်စွာ
ဒိုးပတ်သံလည်း ညံပြန်တော့
မောင်ရွှေရိုးလည်း ကပြန်ပေါ့။
ကြော့ကြော့ မော့မော့ . . .

ဇင်မင်း(မြို့သာ)

## ကျောင်းဖွင့်ပြီ

ညီညီ ကိုကို မမရယ်
ကျောင်းသွားကြမယ်
မီးငယ်လေးကို လက်ကဆွဲ
ကေဂျီ တက်ဖို့ပဲ။
မမက အကြီးဆုံးကွယ်
ထမင်းချိုင့်ယူကာရယ်
ကိုကို အားလုံးလွယ်ကူပေး
ညီငယ်မီးငယ် ရှေ့ကပြေး။
လွယ်အိတ်ကိုယ်စီ ဟန်ပါပါ
တက်ကြွ မိုးဆမ်းပမာ
ကျောင်းဖွင့်စ မနက်ခင်း
အဖြူအစိမ်းလေးတွေ ဝဲပျံဆင်း။
ကျောင်းရောက်ရင်ကွယ်
ဘာရေးမယ် ညီတို့ ညီမတို့ရယ်
မီးငယ်လေးက ကေဂျီတွေး
သားသား ဝလုံးရေး။
ကျောင်းသန့်ရှင်းရေး ကူပါမယ်
အမှိုက်မချရဘူးကွယ်
အမှိုက်ဆိုတာ သန့်ရှင်းမှ
ဝန်းကျင်သာယာလှ။
မမ ကိုကို အမှိုက်ပုံးသယ်
မီးနဲ့သားသား အမှိုက်ကောက်ကွယ်
ကလေးဘဝမှ အသိပညာပြ
ကြီးတော့ နိုင်ငံလှ။
ဘက်စုံပညာရည်ရွယ်ကာ
ဖွံ့ဖြိုးမနေး အမြန်ပါ
ကာယ ဉာဏ စာရိတ္တ
လူမှုနယ်ပယ် ဘဝ။
အစကောင်းဖို့ တို့လိုက်နာ
အနာဂတ်ပြုံးပန်းတစ်ရာ
အခြေခံမှ စသင်ပေး
တို့ပြည်သာယာရေး ကျောင်းတက်စို့မနေး။ ။

မြန်းစေမိုး(ပြည်)

## ညောင်ရေသွန်းကြစို့

ရေအိုးကိုယ်စီ ခေါင်းမှာရွက်လို့
ဘုန်းကြီးကျောင်းဘက် သွားစို့လေ။
ဘုန်းတော်ကျောင်းမှာ အရိပ်ဟည်းတဲ့
ညောင်ပင်ကြီးတွေ မိုးအုပ်နေ။
ညောင်ပင်အောက်မှာ သစ္စာစွင့်လို့
ဘုရားပွင့်ခဲ့ ကျေးဇူးတွေ။
စိတ်မှာရည်စူး
သဒ္ဒါလူး
ညွတ်နူးပူဇော်လေ။
ကဲလာကြ
ဗောဓိပင်လှ
သွန်းကြ ညောင်တော်ရေ။ ။

သာကီနွယ်(နတ်မောက်)

ဝတ္ထုတို

# ငွေစင်ကြိုးကြာ

## မွန်စွန်း



နောက်တစ်ပတ်ဆိုလျှင် သားငယ်လေး အသက် ၂၀ ပြည့်တော့မည်ကို တွေးရင်း မွေးနေ့တွင် အကောင်းဆုံးလက်ဆောင်ပေးရန် ဒေါ်သင်းကြည်တစ်ယောက် စိတ်ကူးလျက် ကြည်နူးနေမိသည်။ ဖခင် တိုက်ပွဲကျသွားကတည်းက သူကပင် သားငယ်လေးအား ဖခင်လိုရော မိခင်လိုပါ ပြုစုစောင့်ရှောက်ခဲ့သလို သားငယ်လေးကလည်း အလွန်ပင် လိမ္မာရေးခြားရှိခဲ့သည်။ ယခုလည်း ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မြင်ကာ သချင်္ချာမေဂျာ အဓိကဖြင့် တက္ကသိုလ်တက်ရောက်လျက်ရှိသည်။

"ကိုယ်တို့သားလေးကို တိုင်းပြည်အတွက် အားထားရတဲ့သူဖြစ်အောင် ပြုစုပျိုးထောင်ပေးပါ"

ခင်ပွန်းဖြစ်သူ တပ်ကြပ်ကြီးဇော်ဌေး၏ နောက်ဆုံးပေးခဲ့သောစာထဲမှ မှာကြားချက်ကို ဖတ်ရင်းနှင့်ပင် သူ၏စိတ်တို့ ဝမ်းနည်းကြေကွဲလာမိသည်။ တိုင်းပြည်နှင့်လူမျိုးအပေါ်သာမက မိသားစုအပေါ်တွင်လည်း တာဝန်ကျေလွန်းလှသော သွားလေသူကြီးအား လွမ်းသည့်စိတ်တို့က ဖိစီးလာရပြန်သည်။

ကျလုကျခင်ဖြစ်နေသော မျက်ရည်စ အချို့ကို အင်္ကျီလက်ဖျားလေးဖြင့် ခပ်ဖွဖွထိတို့သုတ်ဖယ်လိုက်ပြီး သေတ္တာကိုဖွင့်ကာ တစ်စုံတစ်ခုကို နှိုက်ယူလိုက်သည်။ မသဲကွဲသော အလင်းထုကြားတွင် ဖျော့တော့တော့ အရောင်အဆင်းဖြင့် တောက်ပနေသော ငွေသားအစစ်ဆွဲကြိုးလေးတစ်ကုံး အလိုက်တသင့် ပါလာလေသည်။ ဆွဲကြိုးတွင် တပ်ဆင်ထားသည်မှာလည်း ငွေသားအစစ်ကြိုးကြာရုပ်ကလေးတစ်ရုပ်။

"ကြိုးကြာဆိုတာ ခွန်အားရှိတယ်။ မာန်ပါတယ်။ အမြင့်ဆုံးကိုပျံသန်းဖို့ ကြိုးစားတတ်ကြတယ်။ ငွေသားဆိုတာ တန်ဖိုးရှိတယ်။ ဖြူစင်တယ် သင်း။ ကိုယ်တို့သားလေးကို အဖိုးထိုက်ပြီး ဖြူစင်ရဲရင့်တဲ့ ကြိုးကြာလေးဖြစ်စေချင်တာ"

သည်ဆွဲကြိုးလေးအပေါ်တွင်သာမက သားငယ်လေးအပေါ်တွင်ပါ မျှော်လင့်ချက်ကြီးမားစွာထားရှိခဲ့သော ခင်ပွန်းဖြစ်သူကို သူ လွမ်းစွာပင်လေးစားကြည်ညိုမိသည်။ "သားလေး အသက် ၂၀ ပြည့်ရင် သည်ဆွဲကြိုးလေးကို အမွေပေးလိုက်ပါ။ ဖြစ်နိုင်ရင် တိုင်းပြည်နဲ့လူမျိုးအတွက် အဖေ့ခြေရာနင်းပြီး တာဝန်ထမ်းဆောင်ခိုင်းပါ" ဟူသော အထပ်ထပ်အခါခါမှာကြားခဲ့သည့် ခင်ပွန်းဖြစ်သူ၏စကားများကို ပြန်လည်ကြားယောင်ရင်း သက်ပြင်းတစ်ချက်ရှိုက်ငင်မိလိုက်သည်။

"အစ်ကို့ရဲ့ဆန္ဒတွေ တကယ်ပြည့်ပ့ါမလားဆိုတာ မသေချာပါလားကွယ်"

နှုတ်မှဖွဖွ ရေရွတ်မြည်တမ်း သက်ပြင်းချလိုက်ပြီး ဒေါ်သင်းကြည်တစ်ယောက် ဆွဲကြိုးလေးကို သေတ္တာထဲထည့်သိမ်းလိုက်သည်။ ထို့နောက်တွင် မီးခလုတ်ကိုပိတ်ကာ လေးပင်စွာပင် အိပ်ရာဝင်လိုက်လေတော့သည်။

ယခုတလော သားငယ်လေးကို ကြည့်ရသည်မှာ ကျောင်းသားတစ်ဦးနှင့်မတူဘဲ အပေါင်းအဖော်များနှင့် စုဝေးသွားလာကာ အလုပ်များလျက်ရှိနေသည်ကို ဒေါ်သင်းကြည် သတိထားမိတာ အတော်ပင်ကြာနေချေပြီ။ မနက်မိုးလင်း အိမ်မှထွက်ကာ ညဘက် မိုးစုန်းစုန်းချုပ်မှ အိမ်ပြန်လာတတ်သလို ထမင်းလည်း အိမ်တွင် ဟုတ်တိပတ်တိရယ်လို့ မစားပေ။ သည်ကိစ္စကို မတင်မကျဖြစ်တာ ကြာနေပြီမို့ သည်နေ့တော့ သားဖြစ်သူကို ပွင့်ပွင့်လင်းလင်းပင် ဖွင့်ဟမေးမြန်းလိုက်မိတော့သည်။

"သားငယ်လေး မင်းအခုတလော ဘာတွေအလုပ်ရှုပ်နေတာလဲ။ တစ်နေကုန် အိမ်ကပ်တယ်လို့ကိုမရှိဘူး"

သူ၏အမေးကို မဖြေအားသေးဘဲ စာအုပ်တစ်အုပ်နှင့်သာ အလုပ်ရှုပ်နေသော သားဖြစ်သူကိုကြည့်ကာ ဒေါ်သင်းကြည် ဒေါသထွက်လာရတော့သည်။

"ဟဲ့ မျိုးနောင် ငါမေးနေတယ်လေ"

သူ အသံတုန်းမြင့်သွားတော့မှပင် သားဖြစ်သူ ခေါင်းထောင်လာကာ ဇက်ကြောတစ်ချက်ခါလိုက်လေသည်။

"ဩော် အမေရယ် သားလည်း ကြီးပွားရာကြီးပွားကြောင်း ရှာကြံလုပ်နေတာပါဗျ"

သားဖြစ်သူ၏စကားကြောင့် သူ ထိတ်ခနဲပင် စိုးရိမ်သွားရလေသည်။ ဒီအသက် ဒီအရွယ် ကျောင်းပင်မပြီးသေးသော ဒီအခြေအနေနှင့် သားဖြစ်သူက ဘယ်လိုအလုပ်မျိုးဖြင့် ကြီးပွားရန်ကြိုးစားနေပါသနည်း။ တရားဥပဒေနှင့်များ ငြိစွန်းနေလေသလားဟူသော အတွေးတို့က ဦးနှောက်တစ်ခုလုံးကို လွှမ်းမိုးလိုက်ကြတော့သည်။

"မင်း ဘာတွေမဟုတ်တာတွေ လုပ်နေတာလဲ"

"ဟာ အမေရာ သား ဘာမှမဟုတ်တာ မလုပ်ဘူး။ အမေလည်း ဘာမှပူမနေနဲ့။ အားလုံးကောင်းရောင်းကောင်းဝယ်ပဲ"

သူ၏မေးခွန်းကို စိတ်မရှည်သလိုဖြေကာ ထသွားသော သားဖြစ်သူ၏ကျောပြင်ကို ငေးကြည့်ကာ ရင်ဘတ်တစ်ခုလုံးပင် မွန်းကျပ်လာတော့သည်။

"ကိုကြီးမျိုးနောင်လာတဲ့အထိ ကျွန်တော်စောင့်နေပ့ါမယ် အန်တီ"

မိမိ၏သားဖြစ်သူနှင့်တွေ့ရန်ရောက်နေသော လူငယ်လေး၏ပုံစံမှာ ဖြူဖပ်ဖြူလျော်ညောင်ညော်ညော်နှင့် ကျန်းမာရေး သိပ်ကောင်းပုံတော့မရပေ။ ညည့်နက်မှပြန်လာတတ်၍ မစောင့်ပါနှင့်ဟုပြောသော်လည်း ထိုလူငယ်လေးက ဖွဲကြီးလွန်းလှစွာပင် စောင့်နေသေးပေသည်။ မျိုးနောင်နှင့် အဆက်အသွယ်မရ၍ အိမ်အထိလိုက်လာပါသည်ဟု ဆိုသော ထိုလူငယ်လေးကား ဂနာမငြိမ်လှ။ တစ်စုံတစ်ခုကို လိုအပ်တောင့်တနေပုံရသည်။

"ကော်ဖီသောက်လိုက်ပါဦး သား"

သူပြောတော့မှပင် ထိုလူငယ်လေးက တုန်တုန်ရီရီဖြင့် ကော်ဖီခွက်ကို လှမ်းယူလိုက်ရာတွင် လက်ထဲမှကော်ဖီခွက်လွတ်ကျကာ အစိတ်စိတ်အမြွှာမြွှာ ကွဲသွားတော့သည်။ ထိုအခါ လူငယ်လေးက ကယောင်ကတမ်းဖြင့် ပေကျံသွားသော ကော်ဖီတို့ကို သုတ်ရန်ကြိုးစားနေသည်ကို ကြည့်ရင်းနှင့်ပင် ဒေါ်သင်းကြည် စိတ်ပျက်နေမိသည်။

"နေပါစေကွယ်။ အန်တီ လုပ်လိုက်ပ့ါမယ်"

သူလည်း ကြမ်းတိုက်ဝတ်ယူကာ ကော်ဖီများကို သုတ်နေစဉ် သန့်ပြန့်ခန့်ညားစွာ ဝတ်ဆင်ထားပြီး အတန်ပင်ချမ်းသာပုံရသော လူလတ်ပိုင်းအမျိုးသားတစ်ဦး အိမ်ပေါ်တက်လာသည်ကို တွေ့လိုက်ရသည်။

"အဒေါ် မျိုးနောင်ရှိလား"

"မရှိဘူးကွယ့်"

သူတို့ အပြန်အလှန်ပြောဆိုနေစဉ် ထိုလူ၏လက်ကိုင်ဖုန်းမှ အချက်ပေးသံ ထွက်ပေါ်လာသဖြင့် ကြည့်လိုက်ရာ ၎င်းပုဂ္ဂိုလ်၏ ပြုံးရွှင်သွားသောမျက်နှာကို တွေ့လိုက်ရတော့သည်။

"အေး မျိုးကြီး ရောက်နေပြီလား။ မင်းကလည်းကွာ ဖုန်းကိုတစ်မနက်လုံးပိတ်ထားရလားကွ။ ကဲပြော အခုဘယ်မှာလဲ။ ငါလာမယ်။ ဩော် အေး အေး ခေါ်ခဲ့မယ်"

ဖုန်းပြောပြီးသွားသောအခါ ထိုလူက အရင်ရောက်နှင့်သော လူငယ်လေးအား စကားလှမ်းပြောလိုက်လေသည်။

"ငါ့ညီက စည်သူလား။ ဟုတ်ရင် အစ်ကိုနဲ့ တစ်ခါတည်းလိုက်ခဲ့ကွာ။ မျိုးကြီး စောင့်နေတယ်"

"ဟုတ်ကဲ့ အစ်ကို"

"အန်တီ သွားလိုက်ပါဦးမယ်"

သူ့ကိုနှုတ်ဆက်ပြီး ထွက်ခွာသွားသော အမျိုးသားနှစ်ဦး၏ကျောပြင်ကို ငေးကြည့်ရင်း ခေါင်းကို လေးပင်စွာပင်ခါယမ်းကာ အိမ်အလုပ်များကိုသာ ဆက်တိုက်လုပ်ကိုင်နေလိုက်တော့သည်။

"အေး အောင်ကို ငါပြောတာနားထောင်။ ဖြိုးကြီးတို့အဖွဲ့ကို ခဏစောင့်ခိုင်းထားလိုက်။ ငါအခုလာပြီ"

အင်္ကျီကြယ်သီးတပ်ကာ ဖုန်းပြောရင်းနှင့်ပင် တိုင်တွင်ချိတ်ထားသောအိတ်ကို ဆွဲယူကာ "အမေ ဒီညအပြန်နောက်ကျမယ်"ဟု အော်ကာ ထွက်သွားသော သားငယ်လေးကို ကြည့်ကာ ဒေါ်သင်းကြည် ဝမ်းနည်းလာမိသည်။ ဖခင်မရှိကတည်းက ကျန်ရစ်ခဲ့သော ပိုင်ဆိုင်မှုအချို့ကို ထုခွဲရောင်းချကာ ထမင်းဆိုင်လေးဖွင့်ပြီး သားဖြစ်သူကို ပျိုးထောင်ခဲ့သည်။ အရင်က လိမ္မာရေးခြားရှိလှသော သားငယ်လေးသည် ယခုမူ ပညာရေးထက် ဘယ်အရာတွေကိုများ ဦးစားပေးနေပါသနည်း ဟုတွေးကာ ပူပန်နေမိသည်ဖြစ်၍ သားဖြစ်သူအကြောင်း စုံစမ်းကြည့်တော့ ထူးထူးခြားခြား သတင်းဆိုးတော့ မကြားမိသေးပေ။ ထို့ကြောင့်လည်း စိတ်ထဲတွင် မတင်မကျဖြစ်နေသော်ငြား အတတ်နိုင်ဆုံး ဖြေလျှော့ထားလိုက်တော့သည်။

သူလည်း တောင်တောင်အီအီတွေးရင်းနှင့်ပင် သားဖြစ်သူ၏အခန်းကို ရှင်းလင်းပေးရန် တံမြက်စည်းတစ်ချောင်းကိုကိုင်၍ ဝင်လာလိုက်တော့သည်။ အခန်းထဲရောက်တော့ အနည်းငယ် မသေမသပ်ဖြစ်နေသော စားပွဲခုံကို စတင်ရှင်းလင်းလိုက်သည်။ ပြီးမှ အဝတ်ဗီရိုကို ထပ်၍ စီစီရီရီဖြစ်အောင် ပြင်ဆင်လိုက်သည်။ နောက်ဆုံးမှ အိပ်ရာခင်းလဲရန် ခေါင်းအုံးကိုယူလိုက်သောအခါ ခေါင်းအုံးအောက်မှ စာအုပ်တစ်အုပ် ထွက်လာလေသည်။ သည်စာအုပ်ကား သားငယ်လေးအမြဲလိုလို စာရင်းမှတ်နေကျ စာအုပ်ကလေးမို့ စိတ်ဝင်တစားဖြင့် လှန်ကြည့်လိုက်မိတော့သည်။

"ဝိုင်းသဥ္ဇာ နှစ်သိန်း။ သုံးဆယ်ရာခိုင်နှုန်းနှုတ်။ ငါ့အတွက်အမြတ် ခြောက်သောင်း"

အစပိုင်းတွင် ဘာတွေရေးထားမှန်း နားမလည်လှသော်လည်း တဖြည်းဖြည်းနှင့် သဘောပေါက်လာသောအခါ ဒေါ်သင်းကြည်၏ ဦးခေါင်းတစ်ခုလုံး အိုးထိန်းစက်ပမာ ချာချာလည်သွားတော့သည်။

"ဘုရား ဘုရား သားငယ်လေး ပြည့်တန်ဆာခေါင်းလား။ မဟုတ်ဘူး မဟုတ်ဘူး . . ."

ပိုးပိုးပေါက်ပေါက် ကျဆင်းလာသော မျက်ရည်စများနှင့် ချွေးစက်များကို အင်္ကျီလက်ဖြင့် ခပ်ကြမ်းကြမ်းသုတ်ရင်း ဆက်ဖတ်သောအခါ သူနားမလည်နိုင်သော အမျိုးသားနာမည်များ၊ ရာခိုင်နှုန်းတွက်ချက်မှုများကို တွေ့လိုက်ရတော့သည်။ စာအုပ်၏ နောက်ဆုံးတွင် ထူးဆန်းလှသော လမ်းညွှန်စာကို တွေ့လိုက်ရတော့သည်။

"ဘုရား ဘုရား ဘာတွေဖြစ်ကုန်ပြီလဲ။ အရှင်ဘုရား တပည့်တော်မသားလေးကို ကယ်တင်တော်မူပါ"

သူလည်း ရှိုက်ကြီးတငင် ငိုကြွေးမြည်တမ်းနေမိတော့သည်။ ဘာကြောင့်များ သားငယ်လေးက ယခုလိုဖြတ်လမ်းနည်းဖြင့် ကြီးပွားလိုခြင်းကိုတော့ လုံးဝပင်မစဉ်းစားတတ်တော့ပေ။

"ကိုရာဇာ ဒီတစ်ခေါက် ကယ်ရီက နည်းလှချည်လားဗျ"

"အေးကွာ လမ်းကြောင်းတွေကလည်း တအားကျပ်နေတာ မင်းလည်းသိသားနဲ့ မျိုးကြီးရာ။ မင်းလည်း သိပ်အတင့်မရဲနဲ့နော် မင်းနာမည်လည်း သဲ့သဲ့လေးထွက်နေပြီကွ"

မီးခိုးငွေ့များကြားမှ ပိန်လှီခြောက်ကပ်နေသော အရိုးစုသာသာ လူငယ်ကလေးများ၏ တရှိုက်မက်မက်နှင့် မူးယစ်ဆေးသုံးစွဲနေသော မြင်ကွင်းကိုကြည့်ရင်းနှင့်ပင် ဒေါ်သင်းကြည်၏ နှလုံးသားတစ်ခုလုံး တစ်ဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲလာတော့သည်။ သူ၏ရင်နှင့်လွယ်ထားသော သား။ ဖခင်ဖြစ်သူက တိုင်းပြည်နှင့် လူမျိုးအတွက်အကျိုးပြုရန် ပျိုးထောင်ပေးခဲ့သော သားသည် ယခုအခါ တိုင်းပြည်၏ အနာဂတ်ဖြစ်သော လူငယ်လေးများ၏ဘဝများကို မီးလောင်တိုက်သွင်းနေသူတစ်ဦး ဖြစ်နေချေပြီ။ ပန်းကောင်းလေးများကို ရက်စက်စွာပင် အညွှန့်ချိုးနေချေပြီ။

"ကျုပ်လည်း မြေနီကုန်းမှာ တိုက်ခန်းဝယ်ပြီးပါပြီ။ နောက်ထပ်စုနိုင်သမျှ စုလိုက်ဦးမယ်။ ဒါမှ ကျုပ်နဲ့မေမေ ချမ်းချမ်းသာသာ နေရမှာဗျ"

"ငါတို့သားအမိချမ်းသာဖို့ ဘဝတွေ၊ အသက်တွေကို မင်းက ချနင်းပစ်တယ်ပေ့ါ" ဟု စိတ်ထဲတွင် ကျယ်လောင်စွာ အော်ဟစ်ငိုယိုမေးမြန်းနေမိသည်။ လိမ္မာလှပါသည်ဟူသော သားက အခုတော့ ဘိန်းကယ်ရီ၊ ပြည့်တန်ဆာခေါင်းဟူသော ဘွဲ့ထူးတွေနှင့်ပါလားဟူသော အတွေးတို့ကြောင့် သူလည်း နေရာတွင်ပင် ပုံလျက်သားလဲကျသွားမိသည်။

"အစ်ကိုရေ ရှင်ဖြစ်စေချင်တဲ့ ကြိုးကြာလေးကလေ သူများဘဝတွေကို ထိုးဆိတ်စားသောက်နေတဲ့ လင်းတတစ်ကောင်ဖြစ်နေပြီ ဟီး. . . ဟီး. . ."

ရင်ဘတ်ကိုဖိကာ အသံမထွက်အောင် အံကြိတ်ငိုရှိုက်ရင်း ဒေါ်သင်းကြည်တစ်ယောက် သူ၏ခြေလှမ်းများကို ခရီးစဉ်တစ်ခုသို့ စတင်လိုက်လေတော့သည်။

"ကိုယ့်သားသမီးကို ကိုယ်တိုင် ထောင်ထဲထည့်ရက်တဲ့ မိဘမျိုး တွေ့ဖူးသွားပါပြီဗျာ။ အမေ့ကို ကျုပ် တကယ်နာတယ်"

သံတိုင်များကို တင်းကျပ်စွာဆုပ်ကိုင်၍ သူ့ကို နာကျည်းစွာပြောနေသော သားဖြစ်သူကို သူကလည်း မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။

"ငါလည်း မင်းကိုနာတာပါပဲ။ မင်းအဖေဖြစ်စေချင်တာ တိုင်းပြည်နဲ့လူမျိုး အကျိုးစီးပွားကို တတ်စွမ်းသရွေ့ ကာကွယ်ပေးစေချင်တာ။ အခုတော့ မင်းက ကာကွယ်ဖို့မပြောနဲ့ မင်းအတ္တကိုရှေ့တန်းဆက်ပြီး တိုင်းပြည်အနာဂတ်ကို မီးလောင်တိုက်သွင်းနေတာ။ ငါကလည်း မိဘတစ်ဦးအနေနဲ့ တခြားမိဘတွေအပေါ်မှာ အကြွေးတွေ အများကြီးတင်သွားပြီ"

သူလည်း ရှည်လျားစွာပြောဆိုပြီးနောက် မောဟိုက်လာသည်ဖြစ်၍ ခေတ္တခဏနားလိုက်သည်။ ထိုအခိုက်တွင် သားဖြစ်သူက သံတိုင်များကိုဆုပ်ကိုင်ရင်း စကားတစ်ခွန်းပြောလေသည်။

"ဘယ်သူ့အပေါ် တရားသည်ဖြစ်ဖြစ် မတရားသည်ဖြစ်ဖြစ် ကျုပ်လုပ်ခဲ့တာ ကျုပ်နဲ့အမေ့အတွက်ဆိုတာတော့ မှတ်ထားပေးပါ"

သူ၏ပါးပြင်ပေါ်သို့ မျက်ရည်စများ ခုန်ပေါက်လိမ့်ဆင်းလာတော့သည်။ သည်စကားကို အကြွင်းမဲ့ယုံကြည်သည်။ သို့သော် သူသည် သည်စကားကို အလွန်တရာမှပင် စက်ဆုပ်လေသည်။

"မင်းအပြစ်တွေကို ကောင်းကောင်း မွန်မွန် ဆေးကြောခဲ့ပါ။ ငါလည်း သားသမီးကို ဆုံးမသွန်သင်မှုညံ့ဖျင်းလို့ မိဘပေါင်းများစွာအပေါ် တင်ကျန်နေတဲ့အကြွေးတွေကို ဆပ်နိုင်သမျှဆပ်ရဦးမယ်။ ကဲ အမေ သွားတော့မယ် ငါ့သား"

သူ၏စကားအဆုံးတွင် သားဖြစ်သူက အချုပ်ထဲမှနေ၍ ကန်တော့သဖြင့် ပြိုယိုင်လဲလုမတတ် ခြေလှမ်းများကို ပြန်လည်အားတင်းကာ မျက်ရည်စများဖြင့် နှုတ်ဆက်ထွက်ခွာလာခဲ့တော့သည်။

ဒေါ်သင်းကြည် ဘုရားဝတ်ပြု၊ အိမ်မှုကိစ္စအစုစုတို့ လုပ်ကိုင်ပြီးစီး၍ ခေတ္တမျှနားနေသည့်အခိုက်တွင် ဧည့်ခန်းထဲရှိ ရှိုးကေ့စ်ပေါ်မှ မိသားစုဓာတ်ပုံလေးဆီသို့ အကြည့်တို့ ရောက်သွားမိသည်။ ယင်းဓာတ်ပုံထဲတွင် သူ၏ဘေးတစ်ဖက်တစ်ချက်တွင် ယောကျ်ားနှစ်ဦးရှိနေသည်။ တစ်ဦးက တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုပင် ပဓာနမထားသော ယောကျ်ားကောင်း ယောကျ်ားမြတ်။ တစ်ဦးကတော့ မိခင်ဖြစ်သူကို ချမ်းသာစွာထားလိုသည့်အတွက် သူတစ်ပါး၏ ဘဝများကို ရက်စက်စွာချနင်းရက်သော ယောကျ်ားပျက်တစ်ဦး။ သို့သော် သူသည် ၎င်းယောကျ်ားနှစ်ဦးစလုံးကို လွန်စွာမြတ်နိုးလေသည်။

"ငွေကြိုးကြာလေးရယ် တွန်မြည်ပါတော့ကွယ်"

ဧည့်ခန်းအဝတွင် ချိတ်ဆွဲထားသော ငွေရောင်ကြိုးကြာဆွဲကြိုးလေးကို ငေးကြည့်ရင်း ရင်မောလှိုက်ဖိုစွာပင် မြည်တမ်းလျက် ငွေစင်ကြိုးကြာလေး အပြစ်ကင်းစွာ တွန်မြည်လာမည့် တစ်နေ့ကိုသာ သူစောင့်မျှော်နေမိတော့သည်။ ။

ဆောင်းပါး

# သုံးတတ်ရင် ရွှေ

လှိုင်(ဒဂုံ-၁)
B.A (English)

ခုတစ်လော လူပြောသူပြောများနေတာကတော့ ဖုန်းပွတ်ကြတဲ့ကိစ္စ။ ဖုန်းပွတ်တာတွေလျှော့ပြီး စာပိုဖတ်ပါလို့ ဆိုသံပြောသံတွေ ဟိုနား၊ ဒီနားပိုကြားလာရတဲ့နောက် ဒီစာလေးကိုရေးဖြစ်ပါတယ်။ လူတိုင်းလိုလိုရဲ့လက်ထဲမှာ ဖုန်းတစ်လုံးစီအလွယ်တကူရှိနေကြတော့ အားအားရှိ ဖုန်းထိုင်ပွတ်နေသူတွေ အမြဲပဲမြင်တွေ့နေကြရတာပါ။ နည်းပညာတိုးတက်လာတဲ့ခေတ်မှာ တယ်လီဖုန်းဆိုတာ စကားပြောခွက်သက်သက် မဟုတ်တော့ဘဲ ဓာတ်ပုံရိုက်တဲ့ကင်မရာ၊ မိမိရဲ့မှတ်တမ်းမှတ်ရာတွေကို သိမ်းဆည်းပေးတဲ့ မှတ်ဉာဏ်သိမ်းဆည်းပေးရာ၊ ဖျော်ဖြေမှုပေးရာ၊ အင်တာနက်အသုံးပြုနိုင်ရာ ကိရိယာတစ်ခုအဖြစ် အဆင့်တိုးမြင့်လာခဲ့တာ လူကြီးမင်းတို့အားလုံးအသိပဲ မဟုတ်ပါလား။ ပေါင်မုန့်တစ်လုံးရယ်၊ လက်ကိုင်ဖုန်းတစ်လုံးရယ်၊ လက်ဆွဲကွန်ပျူတာလေးတစ်လုံးရယ်ရှိမယ်ဆို ဘဝကပြည့်စုံပြီလို့တောင် ပြောနိုင်တဲ့ခေတ်။ (စာရေးသူက ပေါင်မုန့်ကြိုက်လို့ ပေါင်မုန့်လို့ထည့်ထားတာပါ၊ စာဖတ်သူမိတ်ဆွေကတော့ မိမိကြိုက်ရာထည့်နိုင်ပါတယ်)

ဖုန်းလေးတစ်လုံးက ကြည့်တော့သာ ဘာမှမဟုတ်တယ် သူ့ရဲ့စွမ်းဆောင်နိုင်မှုက တကယ့်ကိုအံ့မခန်း။ နည်းပညာခေါ်ဆောင်မှုနောက်ကိုလိုက်လေလေ . . လောကကြီးက တချို့နေရာမှာ ကျယ်ဝန်းပြီး တချို့နေရာမှာ ကျဉ်းမြောင်းလာတယ်။ ဖုန်းတစ်လုံးရှိပြီဆိုတာနဲ့ လူတွေအများဆုံးလုပ်ကြတာက ဓာတ်ပုံရိုက်တာပါ။ ဟုတ်တယ်။ တော်တော့်ကိုထူးဆန်းတယ်။ ဖုန်းဆိုတာကို စကားပြောဖို့ တီထွင်ထားကြပေမယ့် ကိုယ့်ဆီဆက်မယ့်သူ ရှိတဲ့လူရော၊ မရှိတဲ့လူရော ဓာတ်ပုံတော့ရိုက်ကြတယ်လေ။ ပြီးရင် လူမှုကွန်ရက်ပေါ်တင်ကြတယ်။ facebook လို့ခေါ်တဲ့ အဲဒီလူမှုကွန်ရက်ကိုတည်ထောင်သူ Mark Zuckerberg နဲ့ သူ့သူငယ်ချင်းတွေကို စာရေးသူ ကျေးဇူးအထူးတင်ပါတယ်။ ဝေးကွာမှုဆိုတဲ့ တံတိုင်းတွေကိုဖြိုချပြီး တံတားတွေထိုး၊ လမ်းတွေဖောက်ပေးခဲ့သူနဲ့ တူလို့ပါ။ သူ့ကျေးဇူးကြောင့် ဘယ်သူကမှ အဝေးကြီးမှာမဟုတ်ကြတော့ဘူးပဲ။ အထူးသဖြင့် နိုင်ငံရပ်ခြားမှာ၊ နယ်ခြား၊ မြို့ခြားမှာရှိနေကြတဲ့ မိတ်ဆွေတွေ၊ သူငယ်ချင်းတွေ၊ ဆွေမျိုးတွေကို မြင်နေ၊ တွေ့နေနိုင်တာဟာ ကိုယ့်အနား သူတို့ရှိနေသလို ခံစားကြရလို့ပါ။ သူတို့ ဘယ်ကိုသွားပြီး ဘာတွေလုပ်နေကြလဲဆိုတာကိုလည်း အချိန်နဲ့တစ်ပြေးညီ သိနိုင်ပြန်တယ်လေ။ ဒါပေမယ့် အရာတိုင်းကရော အသိပေးဖို့လိုအပ်လို့လား။ တစ်ချိန်လုံး ဒါတွေပဲသုံးပြီး ကိုယ့်ဘဝကို အတုအယောင်ကမ္ဘာထဲမှာ နှစ်မြှုပ်ပစ်လိုက်မှာလား။ အဲလိုတော့ဖြင့် မဖြစ်သင့်ဘူးရယ်။

အထူးသဖြင့် ဆွေးနွေးပွဲတွေ၊ seminar တွေ၊ သင်ကြားရေးခန်းမတွေမှာရှိနေချိန်မှာတော့ ဆွေးနွေးတဲ့အကြောင်းအရာတွေ၊ သင်ကြားပြသပေးနေတဲ့ အကြောင်းအရာတွေအပေါ်မှာပဲ အာရုံရှိထားသင့်တာမဟုတ်လား။ အဲလိုနေရာမျိုးတွေမှာရောက်နေတာတောင် အပေါ်က ပြောပြဆွေးနွေးနေတဲ့ အကြောင်းအရာကို စိတ်မဝင်စား၊ အာရုံမထားဘဲ ကိုယ့်ဘာသာ ဓာတ်ပုံတွေရိုက်၊ လူမှုကွန်ရက်ပေါ် အလုအယက်တင်ပြီး ဒီလိုပွဲတက်ကြောင်း ကြွားချင်ရုံသက်သက်ပဲ အာရုံထားနေတာမျိုးကတော့ လွန်လွန်းသွားပြီ။ ပွဲမစခင်ရိုက်တာ၊ ပွဲပြီးမှရိုက်တာကတော့ တစ်မျိုးပေါ့လေ။ အဲလိုပါပဲ တစ်ခါတလေ ကျပြန်တော့ လာနားထောင်တာက စာပေဟောပြောပွဲ၊ စင်ပေါ်ကဆရာဘာဟောလို့ ဘာပြောမှန်းမသိအောင်ကို ကိုယ့်ဖုန်းနဲ့ကိုယ် အလုပ်ရှုပ်နေတာမျိုးကလည်း အကြည့်ရဆိုးပါတယ်။ စင်ပေါ်ကဟောပြောတဲ့ဆရာက ဖုန်းပွတ်တာတွေလျှော့ပြီး စာများများဖတ်ကြပါလို့ပြောမှ ရှက်ကိုးရှက်ကန်းတွေနဲ့ ဟက်ခနဲရီကြလို့၊ တချို့လည်း ဘယ်လိုမှမနေဘဲ ဖုန်းကိုပဲ သဲကြီးမဲကြီးဆက်ပွတ်ကြလို့။

အဲလိုပြောလို့ စာရေးသူကော ဖုန်းမသုံးဘူးလားလို့တော့ အငေါ်မတူးပါနဲ့နော်။ စာရေးသူလည်း သူလိုငါလို ဖုန်းပွတ်တတ်သူတစ်ယောက်ပါ။ ဟိုးအရင် အင်တာနက်တွေ မသုံးနိုင်သေးခင်တုန်းကတော့ မျက်နှာပြင်ခပ်ကြီးကြီး လက်ကိုင်ဖုန်းတွေဟာ စိတ်ဝင်စားစရာ နည်းနည်းမှ မကောင်းခဲ့ဘူး။ စကားပြောရုံသက်သက်အတွက်ကတော့ Nokia ခေါက်ဖုန်းသေးသေးလေးတွေက လွယ်လင့်တကူ သယ်ဆောင်သွားနိုင်လို့ အဆင်ပြေခဲ့တယ်။ ဒါပေမယ့် စာရေးသူ အဓိကသုံးချင်ခဲ့တာက အင်တာနက်လေ။ Cyber Café မှာ ကျသင့်ငွေပေးပြီး အင်တာနက်သွားသုံးခဲ့ရတဲ့ ခေတ်တုန်းက အဝိုင်းလည်နေတာကို ထိုင်စောင့်ကြည့်ရတာ။ တစ်ခါတလေဘာတွေခက်ခဲနေမှန်းမသိ ဝင်ကြည့်ချင်တဲ့နေရာ ဝင်လို့မရတာတွေကြုံခဲ့ရတဲ့ အချိန်တွေကို ကြုံဖူးသူတိုင်းခံစားတတ်မှာပါ။ အခုတော့ ဗဟုသုတစာကြည့်တိုက်ကြီးထဲ အချိန်ပေးနိုင်ရင် ပေးနိုင်သလောက် မွှေနှောက်ကြည့်ချင်ခဲ့တဲ့စိတ်ကူးကြောင့် ဖုန်းတွေမှာ အင်တာနက်တွေသုံးလို့အဆင်ပြေလာတဲ့ အချိန်မှာတော့ ဖုန်းတွေကိုစပြီးပွတ်တတ်လာပါတယ်။ ကွန်ပျူတာရှေ့မှာ အလုပ်လုပ်ဖို့ရောက်နေရတဲ့ အချိန်မဟုတ်ရင် ဖုန်းက ကိုယ့်အနားအမြဲရှိနေနိုင်တာမို့ ဖုန်းပိုပြီး ပွတ်ဖြစ်တယ်။

ပြောရရင် အမျိုးသမီးတစ်ဦးလည်းဖြစ်၊ ကလေးတစ်ယောက်လည်းရှိတဲ့ အိမ်ရှင်မမို့ တစ်နေ့တစ်နေ့လုပ်စရာတွေက အများသားလား။ အဲဒီမဖြစ်မနေလုပ်ရတဲ့ အိမ်မှုကိစ္စတွေ၊ ကလေးတစ်ယောက်ရဲ့ ဝေယျာဝစ္စတွေပြီးလို့ အချိန်ခဏလေးရတာနဲ့ ဖုန်းကိုပွတ်ဖြစ်တယ်။ ဖုန်းပွတ်တယ်ဆိုတိုင်း လူမှုကွန်ရက်လို့တော့ ပြေးမမြင်ပါနဲ့နော်။ စာရေးသူ ဖုန်းပွတ်ရတဲ့အကြောင်းအရင်းက အင်တာနက်ကိုဖွင့်ပြီး တစ်စုံတစ်ခုကိုရှာဖွေလေ့လာခြင်းပါ။ ကိုယ့်ဆီရောက်နေမယ့် အလုပ်မေးလ်တွေကိုစစ်တယ်။ ကလေးရှိသူမိခင်တစ်ယောက်မို့ ကလေးနဲ့ပတ်သက်တာတွေကိုကိုယ်ဝန်ရှိစကတည်းက အင်တာနက်ထဲကပဲ သင်ယူလေ့လာရပါတယ်။ စာအုပ်တွေမရှိလို့မဟုတ်ပါဘူး။ တစ်ခါတလေစာအုပ်တွေက လက်လှမ်းမမီဘူးလေ။ အိမ်ထဲကအိမ်ပြင်မထွက်ဖြစ်တဲ့အခါ၊ ဘယ်စာအုပ်ကဖြင့် ကောင်းပါရဲ့လို့လမ်းညွှန်ပြသမယ့်သူ အနီးအနားမှာ မရှိတဲ့အခါ အင်တာနက်ကတစ်ဆင့် နိုင်ငံတကာက နည်းနာတွေကို ဖတ်ရှုလေ့လာခဲ့ရတာများပါတယ်။ တစ်ခါတလေလည်း ဟင်းချက်နည်းတွေ၊ တစ်ခါတလေ နေထိုင်မကောင်းတဲ့အခါ ဘာကြောင့်ဖြစ်ရသလဲ၊ ဘယ်လိုနေထိုင်ရမလဲ၊ ဘာဆေးတွေမှီဝဲရမလဲကအစ အင်တာနက်ထဲမှာ ခလုတ်တစ်ချက်နှိပ်ရုံနဲ့ အကုန်သိနေရတော့တာ။ သိချင်တဲ့အချိန်တိုင်း ဒက်ခနဲသိနိုင်တာ အင်တာနက်ကြောင့်ပါပဲ။ ရောဂါတစ်ခုခုဖြစ်ရင် ဆရာဝန်နဲ့သွားပြတဲ့အခါ ဆရာဝန်ပြောသမျှ ခေါင်းညိတ်နားထောင်ပြန်လာတာမျိုး မဟုတ်ဘဲ ဒီလို၊ ဟိုလိုဆွေးနွေးပြောဆိုနိုင်တာလည်း အင်တာနက်ကျေးဇူးကြောင့်ပဲဖြစ်ပါတယ်။ တချို့ဆရာဝန်တွေကတော့ လျှာရှည်တာသိပ်ကြိုက်ပုံမရပါဘူး။ အဲဒါတွေက အင်္ဂလန်နည်း၊ ဒါကမြန်မာနည်းလို့ ဘုတောချင်ပုံရပါတယ်။ ဒါပေမယ့် တချို့ကျတော့ ကိုယ့်ရဲ့ လေ့လာသုံးသပ်တတ်မှုကို ကြိုဆိုပါတယ်။ ပိုပြီး သေသေချာချာရှင်းပြပေးလို့ ဗဟုသုတတောင် တိုးရပါသေးတယ်။

အဲလိုပါပဲ ကျန်းမာရေးလေ့ကျင့်ခန်းတွေ၊ ယောဂလေ့ကျင့်ခန်းတွေကို ဗီဒီယိုဖိုင်တွေကြည့်ပြီး လိုက်လုပ်မလား။ online သင်ခန်းစာတွေလေ့လာမလား။ ဖက်ရှင်ဒီဇိုင်းတွေလေ့လာမလား။ ဆံပင်ညှပ်တာ၊ အင်္ကျီချုပ်တာ၊ ပန်းအလှဆင်တာ အိုး . . လေ့လာစရာတွေများမှများပါပဲ။ ခရီးသွားလုပ်ငန်းအကြောင်းပဲ လေ့လာမလား၊ နိုင်ငံတကာက အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ အဆိုအမိန့်တွေ၊ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ မိန့်ခွန်းတွေ၊ တွေ့ဆုံမေးမြန်းခန်းတွေ ပြောရရင် ကုန်နိုင်ဖွယ်မရှိသော အကြောင်းအရာပေါင်းစုံကိုလေ့လာဖို့ အချိန်တောင် မလောက်နိုင်အောင်ပါ။ အင်တာနက်ယဉ်ကျေးမှု ထွန်းကားလာတာဟာ အသိပညာ၊ အတတ်ပညာတွေ ကိုယ်နဲ့ပိုပြီး ရင်းနှီးယဉ်ပါးဖို့ ဖြစ်လာတာလို့ယူဆပြီး အဲဒီအတိုင်း လက်ခံကျင့်သုံးမယ်ဆိုရင် ဖုန်းပွတ်လို့ကုန်တဲ့ပိုက်ဆံတွေဟာ အချည်းနှီးမဖြစ်ပါဘူး။ စာရေးသူက စာအုပ်တွေကိုချစ်ပါတယ်။ ဒါပေမယ့် အမှန်အတိုင်းပြောရရင် စာအုပ်တွေက နေရာတကာယူသွားလို့မဖြစ်ဘူး။ သယ်နိုင်လှ တစ်အုပ်၊ နှစ်အုပ်ပေါ့။ ဖုန်းက နေရာတကာယူသွားနိုင်တယ်။ ဖုန်းပါရင် အင်တာနက်ပါတယ်။ အင်တာနက်နဲ့ အရာရာကိုချိတ်ဆက်နိုင်ပါတယ်။ မိမိနှစ်သက်ရာ ကမ္ဘာလောကဆီကိုပေါ့။

စာရေးသူကတော့ လေ့လာစရာ၊ သင်ယူစရာ၊ မှတ်သားစရာတွေအတွက် အင်တာနက်ကိုအသုံးပြုတဲ့အပြင် ချစ်ခင်သူတွေနဲ့ ချစ်ခြင်းမျှဝေနိုင်ဖို့အတွက် လူမှုကွန်ရက်ကို အချိန်တစ်စိတ်တစ်ဒေသသုံးပါတယ်။ လူမှုကွန်ရက်မှာ ကိုယ့်ကိုယ်ချစ်ခင်လို့ မိတ်ဆွေဖွဲ့ထားကြသူတွေတင်တဲ့ပို့စ်တွေကို နှစ်သက်ပေးဖို့၊ တစ်ခုခုရေးပေးဖို့အတွက်ပါ။ အထူးသဖြင့် သူတို့ရဲ့မွေးနေ့တွေ၊ နှစ်ပတ်လည်နေ့မျိုးတွေမှာပေါ့။ ဒါဟာလည်းသူတို့ကို ကိုယ်ကချစ်ခင်ကြောင်း၊ မမေ့လျော့ကြောင်း ပြသချင်တဲ့ စိတ်ဆန္ဒသက်သက်ကြောင့်မို့ မဖြစ်မနေကြီး အတင်းလုပ်ရတာတော့ မဟုတ်ပါဘူး။ အခါအားလျော်စွာ ကိုယ်အင်တာနက်သုံးနေတဲ့အခါ သူတို့ရှေ့မှာ ကိုယ်ထင်ပြလိုက်တာမျိုးပါပဲ။ တအားသုံးတဲ့သူတွေအတွက်တော့ ၁၀ ခါတင်တဲ့ ပို့စ်ကို တစ်ခါလောက်ပဲ မြင်မိတာမျိုးတော့ ဖြစ်ချင်ဖြစ်သွားမှာပေါ့လေ။ လူတွေထဲမှာနေကြတာမို့ လူမှုကွန်ရက်ဆိုတာလိုအပ်ပါတယ်။ ဒါပေမယ့် သိပ်ပြီးလျှံထွက်သွားတဲ့အခါ ကိုယ့်ရဲ့လက်ရှိဘဝကို မေ့လျော့သွားတတ်ကြတယ်။ လောကမှာ မမေ့လျော့သင့်ဆုံးက ကိုယ်ကိုယ်တိုင်ပါပဲ။

ကိုယ် ဘာလိုချင်လဲဆိုတာသိရမယ်။
ကိုယ် ဘာဖြစ်ချင်လဲဆိုတာသိရမယ်။
ကိုယ် ရောက်ချင်တဲ့ ပန်းတိုင်ဆိုတာကရောဘာလဲ။
ကိုယ် တန်ဖိုးထားသင့်တာကရောဘယ်သူလဲ။
မနက်ဖြန်မှာ သေဆုံးရမယ်ဆိုရင် အဆင်သင့်ဖြစ်နေမှာလား။
အဲဒီသေဆုံးခြင်းကရောထိုက်တန်ရဲ့လား။

ဘေးဘီကိုလှည့်တော့ကြည့်သင့်ပါတယ်။ ဒါပေမယ့် သူများတွေကိုချည်း ကြည့်နေလို့တော့မဖြစ်ဘူး။ ကိုယ့်ကိုယ်ကိုယ် မြင်အောင်ကြည့်ရမှာပါ။ ကိုယ့်မှာရှိတဲ့ လက်ကိုင်ဖုန်းလေးတစ်လုံးကို ကိုယ်ဘယ်လိုသုံးလဲပေါ်မှာ မူတည်ပြီး သူ့ရဲ့တန်ဖိုးက မြင့်တက်လာမှာပါ။ တန်ဖိုးတက်နိုင်ကြပါစေ။

အချိန်တွေက တန်ဖိုးရှိလွန်းလှပါတယ်။ တန်ဖိုးရှိတဲ့အချိန်တိုင်းမှာ တန်ဖိုးရှိတဲ့ဘဝတွေကို တည်ဆောက်နိုင်ကြပါစေ။

# လူ့ပါးစပ်

ဗီးနှစ်

ကျောင်းပိတ်ရက်များတွင် အိမ်၌ အေးအေးလူလူ အနားယူလေ့မရှိဘဲ ပြင်ပသို့ သွားလာရသည်ကို ခုံမင်သော်လည်း မင်္ဂလာဆောင် အခမ်းအနားများကိုမူ ကျွန်ုပ်သွားခဲလှ၏။ စင်စစ်မှာကား မင်္ဂလာဆောင်သာမဟုတ် ပွဲအခမ်းအနားများကို မတက်လိုခြင်းဖြစ်သည်။ ပွဲအခမ်းအနားတက်ရသည်မှာ စိတ်ကျဉ်းကျပ်လှသည်ဟု ကျွန်ုပ် ထင်မြင်မိ၏။ မိမိ၏ နေနေကျ သာမန်ပုံစံမျိုးကို မနေရဘဲ လူကြီးလူကောင်းသဖွယ် လူအများအလယ်၌ တည်တည်ငြိမ်ငြိမ် နေရသည်ကို မနှစ်သက်ခြင်းဖြစ်ပေမည်။ သို့သော် မိတ်ဆွေရင်းချာဖြစ်၍ မသွားမဖြစ်သွားရသော မင်္ဂလာဆောင်တို့ကလည်း ရှိသေးတတ်ရာ သွားရပြန်လေ၏။ သွားပါများလာသောအခါ ပွဲလာဧည့်သည်တော်တို့၏ ဓလေ့သို့မဟုတ် အကျင့်စရိုက် အဖုံဖုံတို့ကို ပိုမိုသိမြင်လာရ၏။ မင်္ဂလာဆောင်တို့ထုံးစံအတိုင်း မင်္ဂလာပွဲလာပရိသတ်တို့မှာ သူ့ထက်ငါ အပြိုင်ပြင်ဆင်ခြယ်သလေ့ရှိကြသည်။ အဝတ်အစားတို့ကိုလည်း တောက်ပြောင်စွာ ဆင်ယင်ကြ၏။ သွားလေရာ၌ လူအကဲခတ်လေ့ရှိသော ကျွန်ုပ်သည် မင်္ဂလာပွဲတက်တိုင်း ပွဲလာပရိသတ်တို့ကို လျှောက်ကြည့်နေမိ၏။ တချို့မှာ အခြားသူတို့၏ ဝတ်စားပုံကို အားကျဟန်ရှိ၏။ ဤနေရာတွင် အားကျသည်ဆိုရာ၌ "ဟယ် ဒီနေ့ နင်တအားလှနေပါလား။ ချောလိုက်တာ"ဟု မုဒိတာပွားသူများ ရှိသကဲ့သို့ "ဟိုတစ်ယောက် ဝတ်ထားတာကြည့်ဦး။ ဟို မင်္ဂလာဆောင်တုန်းကလည်း သူဒါပဲ ဝတ်ထားတာ။ လှတယ်လို့ တစ်ခါမပြောလိုက်နဲ့။ ရှိတဲ့တစ်ထည်ကိုပဲ အမြဲဝတ်နေတော့တာ" "ဟဲ့ ဟိုနားက အစိမ်းနုရောင်ဂါဝန်လေး ဝတ်ထားတဲ့တစ်ယောက်နဲ့ ငါအခုဝတ်ထားတဲ့ ကြက်သွေးရောင်ဂါဝန်နဲ့ ဘယ်သူပိုလှလဲ" "ကြည့်ပါဦးဟယ်၊ သူ့ကိုယ်လုံးကြီးနဲ့ ဝတ်ထားတဲ့ အင်္ကျီနဲ့ မလိုက်မဖက်"ဟူ၍ ထေ့ငေါ့ကာ အဝတ်အစားပြိုင်ဆိုင်ကြသူများလည်း လက်ညှိုးထိုးမလွဲ ရှိတတ်ကြ၏။ သို့သော် ယောကျ်ားသားတို့တွင် ဤအခြင်းအရာမျိုးကို မတွေ့ရချေ။ မိန်းမသားတို့ကသာလျှင် ဣဿာမစ္ဆရိယ ပွားနေကြဟန်တူ၏။ အချို့သော မိန်းမတို့က ရိုးရိုးယဉ်ယဉ် ဝတ်စားလာသောအခါတွင်လည်း အစွမ်းကုန် ခြယ်သလာသူတို့မှာ "သူကတော့ ရိုးရိုးပဲဝတ်လာပါလား။ ကြည့်ရတာ သူ့စီးပွားရေး ပြေလည်ရဲ့လားတောင် မသိ၊ ဒီလို ဟိုတယ်မှာလုပ်တဲ့ မင်္ဂလာဆောင်ကို ဒီလိုပုံစံနဲ့လာပုံထောက်ရင် ဘာညာ"စသဖြင့် အမျိုးမျိုး ထင်မြင်ချက် ပေးနေကြကုန်၏။

ရှိသေးသည်။ မင်္ဂလာပွဲလာ ပရိသတ်တို့မှာ ဖိတ်ကြားခံရ၍ လာရောက်ကြသူများဖြစ်သော်လည်း အကောင်းမြင်ခဲလှသော လူတို့ပီပီ အချင်းချင်းလက်တို့ပြောကြသည်က ရှိသေး၏။ အထူးသဖြင့် အမျိုးသမီးတို့ပင်ဖြစ်သည်။ အမျိုးသားတို့မှာ တော်ရုံတန်ရုံ ပြောလေ့ပြောထမရှိကြ။ မင်္ဂလာပွဲတစ်ပွဲသို့ ရောက်လျှင် ထိုမင်္ဂလာဆောင်၏ ခမ်းနားတင့်တယ်မှု၊ ခင်မင်ဖော်ရွေမှုတို့ကို အမှတ်ထားတတ်ကြ၏။ ပို၍အမှတ်ထားသည်ကား မင်္ဂလာဆောင်၏ အကျွေးအမွေးနှင့် ကုန်ကျစရိတ်။ "ဘယ်သူ့မင်္ဂလာဆောင်မှာတော့ဖြင့် ဘယ်ဟိုတယ်မှာ ဘယ်လိုဆောင်ပြီး ဘယ်လိုအစားအစာတွေ ကျွေးတာ။ ဘယ်သူ့မင်္ဂလာဆောင်မှာတော့ဖြင့် ဧည့်သည်တွေ ကိုယ်တိုင်တန်းစီပြီး ဘူဖေးစားကြရတာ" စသဖြင့် ပါးစပ်အငြိမ်မနေကြပေ။ ဟိုတယ်မင်္ဂလာဆောင်များကို ရုပ်ရှင်များတွင် မြင်ဖူး၍ ယခင်ကသွားချင်မိသော်လည်း တစ်ပွဲနှစ်ပွဲမျှ တက်ပြီးသည်နှင့် ကျွန်ုပ်မှာ ချမ်းသာ၍ ဂုဏ်မောက်ကြသော လူကုံထံ အသိုင်းအဝိုင်းတို့၏ အမူအကျင့်တို့ကို ကျက်မိပြီးသား ဖြစ်လာရ၏။ ဤနေရာတွင် ဂုဏ်မောက်သူတို့ကိုသာ ဆိုလိုခြင်းဖြစ်သည်။ မင်္ဂလာပွဲကို တစ်ခမ်းတစ်နား သိန်း ၂၀၀၊ ၃၀၀ အကုန်ခံ၍ကျင်းပလျှင် ပါးစပ်တို့က ဝေဖန်ရန်အသင့်။ "ဒီလောက် ကုန်ကျခံဖို့ လိုမယ်တော့မထင်ပါဘူး။ သူတို့ချမ်းသာတယ်ဆိုတာ သက်သက်ကြွားတာ။ မင်္ဂလာဆောင်တာပဲ ဘာဖြစ်လဲ။ ဒီတိုင်း ပုံမှန်လေးပဲကျင်းပပေါ့"ဟု ဝေဖန်ကျပြန်၏။

တစ်ဖန် အသင့်အတင့်သာ ငွေကြေးကုန်ကျခံ၍ ကျင်းပရာ၌လည်း " ကိုယ့်သားသမီး မင်္ဂလာဆောင်တာပဲ။ နည်းနည်းပါးပါး ဒင်နာလေး ဘာလေး ကျွေးပြီး ခမ်းခမ်းနားနားလုပ်ပေးတာ မဟုတ်ဘူး။ ကပ်စေးနဲလိုက်တာ" ဟူ၍လည်းကောင်း၊ မင်္ဂလာဆောင်ကို ရုံးတက်လက်မှတ်ထိုး၍ နီးစပ်ရာ ဆွေမျိုးတို့နှင့်သာ မိမိအိမ်တွင် ကျင်းပလျှင်လည်း "တစ်သက်မှ တစ်ခါပဲ ဆောင်ရတဲ့ မင်္ဂလာဆောင်ကို ဒီလိုအကျဉ်းချုံးကျင်းပတယ်ဆိုတော့ သဘောမတူကြလို့လား၊ စီးပွားရေး အခြေအနေကြောင့်လား မပြောတတ်တော့ပါဘူး" ဟူ၍လည်းကောင်း တစ်ပါးသူ၏ အကြောင်းကို အလုပ်မရှိ အလုပ်ရှာကာ ဝေဖန်ပြစ်တင်တတ်သော သူတို့မှာ လူသားတို့ပင် ဖြစ်ကြလေ၏။ မိမိတို့ဘက်က မည်မျှပင်ကောင်းအောင် ပြုပြင်မွမ်းမံစေကာမူ ပြစ်တင်ရန် စောင့်ဆိုင်းနေသော ပါးစပ်များက အဆင်သင့် ပွင့်ဟလျက်ရှိနေကြ၏။ မည်သူ ပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်မည်နည်း။ လူသားတို့တွင် ပါးစပ်ရှိကြသည်ပဲ။ ။

